# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၇)


**ယနေ့ ဖတ်စရာ**


အားကျစရာ ဓမ္မပါလတို့ရွာ
ဆောင်းပါး စာ - ၆

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး ဆိုင်ရာပစ္စည်းများ လွယ်ကူလျင်မြန်စွာ တင်သွင်းလျက်ရှိ
ပြည်တွင်းသတင်း စာ - ၈

ပြည်သူ့စွမ်းအား အထူးကြီးမား
ဆောင်းပါး စာ - ၁၀

ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို ၈၀ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်
နိုင်ငံတကာသတင်း စာ - ၂၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ခြင်းသာမက ပြည်ပမှအောက်ဆီဂျင်များကိုပါ အင်တိုက်အားတိုက် ထုတ်လုပ်ဖြန့်ဝေလျက်ရှိ



နေပြည်တော် ဇူလိုင် ၁၆

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့သဖြင့် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်ပိုင် Oxygen Plant များ၊ ပုဂ္ဂလိကပိုင် Oxygen Plant များတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းငွေများဖြင့်လည်း အောက်ဆီဂျင်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းပေးလျက်ရှိပြီး လိုအပ်သည့်နေရာများသို့ ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ တင်သွင်းဖြန့်ဝေပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်စင်တာများအတွက် ပြည်ပမှ မှာယူထားသည့်


*စာမျက်နှာ ၅ ကော်လံ ၁* ▼


မြန်မာစီးပွားရေးကော်ပိုရေးရှင်းရှိ စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုးများကို သက်ဆိုင်ရာနေရာများသို့ ဖြန့်ဝေပေးစဉ်။




မြန်မာ့အလင်း

# သမိုင်းထဲက သင်ခန်းစာ

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာနိုင်ငံ၏သမိုင်းတွင် သွေးစွန်းခဲ့သည့်နေ့ဖြစ်သည်။ နိုင်ငံနှင့် လူမျိုးတို့ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးကြိုးပမ်းမှုများကို အကြမ်းဖက်လူသတ်ဝါဒက ယုတ်မာရက်စက်စွာ အစွမ်းကုန် ဖျက်ဆီးခဲ့သောနေ့လည်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရချိန်တွင် ၎င်းတို့၏ အသက်အရွယ်များကို ကြည့်ပါက ငယ်ရွယ်သူများဖြစ်ပြီး နိုင်ငံအတွက် ကာလကြာရှည်စွာ တာဝန်ထမ်းရွက်နိုင်သေးသည့် လူငယ်လူရွယ်များသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျဆုံးသည့်အချိန်တွင် အသက်အားဖြင့် ၃၂ နှစ်မျှသာ ရှိသေးသည်။ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာပြီး ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဘဝ၊ သခင်လူငယ်ဘဝတို့မှ အစပြု၍ မြန်မာ့နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာကာ လွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည့် စွမ်းဆောင်မှုများမှာ ရာစုနှစ်များစွာတွင်မှ တစ်ယောက် ထွန်းပေါက်လာခြင်းလည်း ဖြစ်သည်။ ဗိုလ်ချုပ်သည် သူ၏ တိုတောင်းလှစွာသောဘဝတာအတွင်း ဉာဏ်အမြော်အမြင်ကြီးမားမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံမှုတို့ဖြင့် ပြည်သူလူထုကို ခေါင်းဆောင်မှုပေးကာ လွတ်လပ်ရေးအတွက် မနားမနေ ကြိုးပမ်းအားထုတ်သွားခဲ့သည်။ အိန္ဒိယခေါင်းဆောင် ဂျဝါဟာလာနေရူးက "ဦးအောင်ဆန်းသည် လူငယ်ပင်ဖြစ်စေကာမူ ကျွန်ုပ်၏ ရဲဘော်မိတ်ဆွေဖြစ်၍ မြန်မာလူထု၏ ပြိုင်ဘက်မဲ့ခေါင်းဆောင်နှင့် မြန်မာ့လွတ်လပ်ရေးကို ဖန်တီးမည့်ပုဂ္ဂိုလ်ဖြစ်၍ များစွာဝမ်းနည်းကြောင်း" ပြောကြားခဲ့သလို ဂန္ဒီကလည်း "မြန်မာနိုင်ငံ ခေါင်းဆောင် ဂျင်နရယ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝ၌ ထားပစ်ခဲ့သည်။ ဂျင်နရယ်အောင်ဆန်းသည် သူရဲကောင်း လုလင်ဖြစ်သည်။ သူ့ကြောင့် ယနေ့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရတော့မည်"ဟု ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် တောင်ပေါ် မြေပြန့်မကျန် ထူးထူးခြားခြား စည်းလုံးညီညွတ်ခဲ့သည်။ ဗိုလ်ချုပ်နှင့် ပြည်သူလူထုမှာ ခွဲမရလောက်အောင်ပင် ဖြစ်ခဲ့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများက ထင်ထင်ရှားရှား ပြဆိုသည်။ ဆန့်ကျင်ဘက်အားဖြင့်မူ တစ်နိုင်ငံလုံးက လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန်တွင် မိမိအာဏာရရေးနှင့် ပုဂ္ဂိုလ်ရေးသံသယမှ စသည့် အာဃာတအငြိုးအတေးတို့ တဟုန်းဟုန်း တောက်လောင်နေသူလည်း ရှိနေခဲ့သည်။ သူသည် ရက်စက်သူ၊ သွေးဆာသူ၊ ကောက်ကျစ်သူ၊ သိုသိပ်သူ။ သို့သော် လူကြီးလူကောင်း မျက်နှာဖုံးကိုစွပ်ကာ မျိုးချစ်စိတ်ရှိသူ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းသူဟူသော အရေကိုခြုံလျက် ၎င်း၏ဩဇာခံ နောက်လိုက်တပည့် လူငယ်လူရွယ်များကို ရှာကြံမွေးမြူကာ ၎င်း၏ အလိုရမ္မက်အတွက် အသုံးချခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များကို လုပ်ကြံရန်အတွက် ဂဠုန် ဦးစောက ခိုင်းစေခဲ့သည့် နောက်လိုက်နောက်ပါများတွင် အသက် ၁၆ နှစ်အရွယ်၊ အသက် ၂၀ အရွယ် လူငယ်လေးများ ပါဝင်ခဲ့သည်။ သူတို့သည် မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးကြိုးပမ်းနေသည်ကို မျက်စိမှောက်ခဲ့ကြသည်။ သူတို့၏ ခေါင်းဆောင်သည်သာ မျိုးချစ်ပုဂ္ဂိုလ်ဟု မြင်ခဲ့ကြသည်။ တကယ့်တကယ် တရားခွင်သို့ရောက်၍ ဥပဒေနှင့် ရင်ဆိုင်ကြရသည့်အခါ သူတို့၏ခေါင်းဆောင်က ကိုယ်လွတ်ရုန်းသွားသည်ကိုလည်း ကြုံခဲ့ရသည်။ လူငယ်တချို့သည် ရက်သတ္တပတ် အနည်းငယ်မျှနှင့် နိုင်ငံတော်လုပ်ကြံမှု အမှုတွဲကြီးတွင်ပါခဲ့ရပြီး ကြီးလေးလွန်းသည့် အပြစ်ဒဏ်နှင့် ကြုံခဲ့ကြရခြင်းဖြစ်သည်။ ကိုယ်ကျိုးရှာ လူလည်နိုင်ငံရေးစားဖားကြီးများ၏ လူငယ်လူရွယ်များကို အသုံးချ စတေးခဲ့သည့် ဖြစ်ရပ်သင်ခန်းစာကို ယူနိုင်ကြပါစေကြောင်း။ ။

## သည်အခါ သည်နေ့ရက်

❖ အချုပ်အခြာ သိမ်းရုံမျှ
အားမရ ယုတ်မာစွာ၊
အတွင်းလူ သပ်လျှိုနှက်
လုပ်ရက်ကြပါ၊

❖ သွေးမြေခ ကြွေရရှာ
ရင်နာစရာ အတိတ်အခင်း၊
ဆယ့်ကိုး ဇူလိုင်
ပျက်ညှိုး.. အပူဖြိုင်ခဲ့
မမေ့နိုင် ယနေ့ထိ
နှမ်းရိနေဆဲ။

❖ နယ်ချဲ့သူ ဗြိတိသျှ
သို့မက ဖြစ်ထွေထွေ၊
သည်မြေနေ နောင်ညီထဲ
သွေးခွဲခဲ့ပေ၊
လွတ်လပ်ရေး ပေးဖို့အခြေ
အရှုပ်တွေ ရစ်နှောင်သွား၊
ယနေ့တိုင် အဖြည်ခက်
ထုံးလျက်တကား။

❖ သို့ကလို ဆိုးညစ်လည်း
ခုတိုင်ပဲ စိတ်မနာ၊
အမေကျော် ဒွေးတော်လွမ်းတဲ့ပြင်
သူခိုးကို ဓားရိုးကမ်း
လှမ်းကြိုလျက်သာ၊
ကိုယ့်ရေမြေ အချုပ်အခြာ
ပျောက်ပျက်မှာ မမြင်တွေး၊
ကိုယ့်အမျိုး ကိုယ့်ဘာသာ
ပျောက်ပျက်မှာ မမြင်တွေး၊
အနောက်ညှော် ညစ်မှိုင်းလုံး
ဖုံးလွှမ်းရစ်ထွေး။

❖ သည်အခါ သည်နေ့ရက်
မျက်ရည်စက် ကျဆဲတွင်၊
ကိုယ့်နိုင်ငံ မြင့်စေမှန်း
လှမ်းကြစေချင်၊
နှိုင်းယှက်... မြန်မာပြည်
သမိုင်းအဆက်ဆက် အာဇာနည်တို့
တစ်ခါတစ်လီ အတွေးများနဲ့
အားနာဖို့ သင့်ပြီထင်
စိတ်ထားအစဉ် ပြင်ဖို့ကောင်း၊
တွေးရှုအခါခါ
အလေးပြုစရာ ကဗျာနရီအလှကို
ဖွဲ့ရပါကြောင်း...။ ။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဘွဲ့လွန်သင်တန်းမှ ရပ်ဆိုင်းခံထားရသည့် သင်တန်းသားများ သင်တန်းပြန်လည်တက်ရောက်လိုပါက သတ်မှတ်ထားသည့်ရက်အတွင်း ပြန်လည်လျှောက်ထားလျှင် သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် လက်ခံနိုင်ရန်စီစဉ်ပေးမည်**

**နေပြည်တော် ဇူလိုင် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၄) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှု မြင့်တက်လာသည့်အတွက် ရောဂါကူးစက်မှုကွင်းဆက်ဖြတ်တောက်နိုင်ရန်နှင့် ကူးစက်မှု လျော့နည်းစေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအား Stay at Home သတ်မှတ်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှလည်း ဇူလိုင် ၁၇ ရက်မှ ၂၅ ရက်အထိကို အများပြည်သူတို့၏ အလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့် ရုံးပိတ်ရက်ရှည် ကာလအတွင်း ခရီးသွားလာခြင်းမပြုဘဲ မိမိတို့၏ နေအိမ် သို့မဟုတ် အဆောင်များတွင် နေထိုင်ခြင်းဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ အနေဖြင့်လည်း တာဝန်မှအပ ခရီးမသွားရန်နှင့် ယခုရုံးပိတ်ရက်ရှည်အတွင်း မိမိအိမ်တွင် မိမိနေထိုင်ခြင်း၊ မိမိအိမ်သို့ မလိုအပ်ဘဲ ဧည့်သည် လက်မခံခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး တာဝန်တစ်ရပ်အနေဖြင့် လိုက်နာဆောင်ရွက်သွားရန်၊ ဆေးရုံများအနေဖြင့် လူနာလက်ခံရာတွင် မလိုလားအပ်သော နှောင့်နှေးမှုများ မရှိစေရေးနှင့် ဦးစားပေးလူနာအလိုက် အရေးပေါ်ကုသမှု ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပုဂ္ဂလိက ဆေးရုံများမှလည်း ကိုဗစ်-၁၉ လူနာများအား လက်ခံကုသပေးသွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကုသမှုနှင့် သက်ဆိုင်သည့် အရေးကြီးဆေးဝါးနှင့်ဆေးပစ္စည်းများမပြတ်လပ်စေရေးနှင့် အခက်အခဲမရှိစေရေး အထူးဂရုပြုစီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အောက်ဆီဂျင်လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ကိစ္စရပ်နှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းများ၊ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား ဝန်ကြီးဌာနမှ ဖိတ်ခေါ်ထားကြောင်း၊ လုပ်ငန်းခွင်မှ ပျက်ကွက်နေသူများအနေဖြင့် မိခင်ဝန်ကြီးဌာနသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လိုပါက စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ပြီး ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများတွင် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ ဘွဲ့လွန်သင်တန်းမှ ရပ်ဆိုင်းခံထားရသည့် သင်တန်းသားများ ပြန်လည်သင်တန်းတက်ရောက်လိုပါက သတ်မှတ်ထားသည့် ရက်အတွင်း ပြန်လည် လျှောက်ထားပါက သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် လက်ခံနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သားဖွားဆရာမ ရာထူးနေရာ ၁၀၀၀ အမြန်ဆုံးခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများသို့ နေ့စဉ် အောက်ဆီဂျင်တင်သွင်းဖြန့်ဝေမှု အခြေအနေများ၊ ရရှိပြီးဆေးနှင့် Test Kit များ အချိန်မီဖြန့်ဝေနေမှု အခြေအနေတို့အား တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြ

တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီးလာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှ မပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုးအလုပ်မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။

( ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် မြွက်ကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)



# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



### ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့်ပတ်သက်သည့် ပစ္စည်းများ တင်သွင်းမှု ချောမွေ့စေရေး၊ ရုံးပိတ်ရက် ကာလများအတွင်း အဆိုပါပစ္စည်းများ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဌာနအလိုက် လုပ်ထုံးလုပ်နည်းဆိုင်ရာများ ကြိုတင်ညှိနှိုင်းရေး၊ စားကုန်စျေးနှုန်းများ တည်ငြိမ်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ Fund မှ ထုတ်ချေးပေးသည့် ချေးငွေများအပေါ် တိုင်းဒေသကြီး၊ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့များက စိစစ်တွေ့ရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအသီးသီးက တင်ပြလာမှုများအပေါ် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့လာစေရေးစီမံချက် (Myanmar Economic Recovery Plan-MERP) (မူကြမ်း) ကို သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ လတ်တလောကာလတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မမှန်ကန်သည့်သတင်းများ လူမှုကွန်ရက်များတွင် ဖြန့်ဝေပြီး လူထုစိတ်မသက်မသာဖြစ်စေရေးနှင့် ချောက်ချားစေရန် ဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာနအလိုက် သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရေးနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

### လုပ်ငန်းစဉ်များ ဆွေးနွေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ ပြန်လည်တင်ပြလာသည့် အချက်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA-013733 သို့ ၁၂-၇-၂၀၂၁ ရက်နေ့မှ ၁၆-၇-၂၀၂၁ ရက်နေ့အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၀ ဒသမ ၁၀၀ သန်း ဖြစ်ပါသည်။ ၁၆-၇-၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၂ -၇- ၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၈၈၄,၆၉၄,၆၁၅.၃၉ |
| (+) ၁၂-၇- ၂၀၂၁ မှ ၁၆-၇-၂၀၂၁ ရက်နေ့အထိ ရရှိငွေ | ၁၀၀,၀၀၀.၀၀ |
| ၁၆-၇-၂၀၂၁ ရက်နေ့ရှိစာရင်းပိတ်လက်ကျန် | ၃၀,၈၈၄,၇၉၄,၆၁၅.၃၉ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၂-၇-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (-) တရုတ်နိုင်ငံမှ Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် ပထမအရစ် ကြိုတင်ပေးချေငွေ | ၇,၀၀၀,၀၀၀.၀၀ |
| (-) တရုတ်နိုင်ငံမှ Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် ဒုတိယအရစ် ကြိုတင်ပေးချေငွေ | ၃,၅၀၀,၀၀၀.၀၀ |
| ၁၆-၇-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၇,၆၄၀,၁၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူ ရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၂-၇-၂၀၂၁ ရက်နေ့မှ ၁၆-၇-၂၀၂၁ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ငွေကျပ် |
|---|---|---|
| ၁ | ၁၂-၇-၂၀၂၁<br>ဒေါ်ပြန့်(ဆိပ်ဖြူမြို့) | ၁၀၀,၀၀၀.၀၀<br>၁၀၀,၀၀၀.၀၀ |
| | (၁၂-၇-၂၀၂၁ ရက်နေ့မှ ၁၆-၇-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၀၀,၀၀၀.၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နိုင်ငံခြားသားများ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီ၏ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၁) ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၁၆

**နိုင်ငံခြားသားများ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်း ကော်မတီ၏ (၁/၂၀၂၁) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ virtual format ဖြင့် ကျင်းပသည်။ (ယာပုံ)**




အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဆိုပါအဖွဲ့အစည်းများနှင့်သာမက ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး အကူအညီများရယူရာတွင် ရှုထောင့်နှစ်ခုလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ချိတ်ဆက်ဆောင်ရွက်**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများမှတစ်ဆင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများ၊ မှတ်ပုံတင်မှု၊ အစီရင်ခံမှု၊ အကဲဖြတ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ အေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

**အကြံပြုတင်ပြ**

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးဖြစ်သူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွဲဖက်အတွင်းရေးမှူး ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပိုမိုထိရောက်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများအတွက် ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များအား အကြံပြုတင်ပြကြသည်။

**သတင်းစဉ်**

# သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change–UNFCCC) အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပါရီသဘောတူညီချက်၏ အကြိုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် မိမိတို့နိုင်ငံ၏ အခြေအနေနှင့်သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contribution – INDC) ကို ဆက်စပ်ဝန်ကြီးဌာန/ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူ၍ ကုလသမဂ္ဂပတ်ဝန်းကျင် (UN–Environment) နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် ရေးဆွဲပြုစုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ၂၈–၉–၂၀၁၅ ရက်နေ့တွင် UNFCCC အတွင်းရေးမှူးရုံးသို့ တင်ပြခဲ့ပါသည်။

UNFCCC ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁) ကြိမ်မြောက် ညီလာခံ၏ ဆုံးဖြတ်ချက်များအရ ၂၀၁၅ ခုနှစ်တွင် တင်ပြခဲ့သော Myanmar INDC ကို အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီများဖြင့် ဆက်စပ်ဝန်ကြီးဌာန ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ INGOs/ NGOs/ CSOs များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး ရည်မှန်းချက်များချမှတ်၍ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contribution – NDC) အပြီးသတ်မူကြမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။ အပြီးသတ်မူကြမ်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် UNFCCC သို့ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြုစုဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contribution – NDC) အစီရင်ခံစာ (အပြီးသတ် အစီရင်ခံစာမဟုတ်သည့် မူကြမ်းအဆင့်) ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) သို့ ၁၂–၇–၂၀၂၁ ရက်နေ့တွင် တင်သွင်းခဲ့ကြောင်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) ၏ အင်တာနက်စာမျက်နှာနှင့် Facebook စာမျက်နှာတို့၌ ဖော်ပြထားကြောင်း လေ့လာတွေ့ရှိ ရပါသည်။

သို့ပါ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဆောင်ရွက်ချက်သည် တရားဝင်ခြင်းမရှိပါကြောင်းနှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) သို့ တရားဝင်ကန့်ကွက်စာ ပေးပို့ထားပြီးဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်**

❖ *ကျောဖုံးမှ*

ဖမ်းခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ငါးဖမ်းလှေစုစုပေါင်း ၁၄၀၀ ကျော် ရှိပါတယ်။ အဲဒီတော့ ငါးဖမ်းလှေအစင်း ၇၀၀ ကျော်လောက်ကို ထွက်ခွင့်ပြုမှာပါ။ ဒီလို ခွဲဝေရာမှာလည်း ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး စာရင်းတင်ပြပေးလာတဲ့ အစင်းရေအပေါ် မူတည်ပြီး အစင်းရေရဲ့ တစ်ဝက်ကို ခွင့်ပြုချက်ပေးနေခြင်း ဖြစ်ပါတယ်။ ကိုဗစ်ကာလ စီးပွားရေးကျပ်တည်းလာမှု အပေါ်မူတည်ပြီး ဖြေလျှော့ပေးခြင်း ဖြစ်ပါတယ်” ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

**ငါးဖမ်းခွင့် ပြန်လည်ခွင့်ပြု**

ယခုနှစ်တွင် ငါးမဖမ်းရရာသီကို (မေ၊ ဇွန်နှင့် ဇူလိုင်) မေလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ကမ်းဝေး ငါးဖမ်းလှေကြီးများကို ငါးဖမ်းဆီးခွင့် ရာနှုန်းပြည့်ပိတ်ထားကြောင်း သိရသည်။ ယခုလမှစ၍ ပင်လယ်ကမ်းဝေး ငါးဖမ်းလှေများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် ငါးဖမ်းခွင့် ပြန်လည်ခွင့်ပြုပေးခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရခိုင်စသည့် ပင်လယ်ကမ်းရိုးတန်းဒေသ ငါးခု ရှိပြီး အဆိုပါ ကမ်းရိုးတန်းဒေသ ငါးခုတို့တွင် ငါးဖမ်းလှေ အစင်းရေပေါင်း ၃၄၀၀ ခန့်ရှိကြောင်း သိရသည်။ ယင်းတို့ အနက် တနင်္သာရီကမ်းရိုးတန်းမှာ အရှည်လျားဆုံး ကမ်းရိုးတန်းဒေသ တစ်ခုဖြစ်ကာ တိုင်းဒေသကြီး အတွင်း ကမ်းဝေးငါးဖမ်းလှေကြီး အစင်း ၁၄၀၀၊ ကမ်းနီးငါးဖမ်းလှေအစင်း ၉၀၀၀နှင့် ရေလုပ်သားပေါင်း တစ်သိန်းကျော်ခန့်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၆ ဒသမ ၉၇ လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၅၅ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ပုသိမ်ကြီး(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၇၂ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မိုင်းဆတ်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မန္တလေး(အောင်မြေသာစံမြို့နယ်)တွင် ၂ ဒသမ ၃၂ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် ဇောင်းတူမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

❈ *ကျောဖုံးမှ*

ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူ အလုပ်ပိတ်ရက်များနှင့် ဆက်စပ်နေသည့် ကြားရက်နှစ်ရက်ကို အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ခြင်း အမိန့်များတွင်လည်း ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ပိတ်သိမ်းကြောင်းလုံးဝမပါရှိခဲ့ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ကြေညာချက်၌ အများပြည်သူ လိုက်နာနေထိုင်ရမည့် စည်းကမ်းချက်များတွင် အမှတ်စဉ်(ဂ)၌ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများရောင်းချသည့်ဆိုင်များကို ဖွင့်လှစ်ရောင်းချသွားရန်နှင့် အမှတ်စဉ် (င) တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ) ဆက်လက်ဆောင်ရွက်ရန်ဟူ၍ သတင်းထုတ်ပြန်ထားသည်။

သို့သော် ကောလာဟလသတင်းအမှားများ ဖြစ်ပေါ်လျက်ရှိသလို ဈေးကွက်အတွင်း ကြက်ဥများ ဝယ်လိုအားများပြားလျက်ရှိနေသည်။ ထို့ကြောင့် ရှားပါးဈေးတက်ချိန်တွင် ကြက်ဥအစားထိုးအဖြစ် ပဲနီလေး၊ ကုလားပဲ၊ ပဲပိစပ်၊ မြေပဲ၊ ပဲပြား/တိုဟူး၊ ငှက်ပျောသီး၊ အာလူး၊ နွားနို့၊ ကန်စွန်းဥ၊ ကြက်သား၊ ငါးမျိုးမျိုးစသည့် အစားအစာများကိုလည်း အစားထိုး စားသုံးနိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ထားသည်။

**ထက်လျှံ**

# စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/ မြို့နယ်များအလိုက် မဲစာရင်း စိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသား ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

▼ရှေ့ဖုံးမှ

ဆေးရုံသုံး အောက်ဆီဂျင် ဓာတ်ငွေ့ရည် တင်ဆောင်လာသည့် မက်ထရစ်တန် ၂၀ဆံ့ မော်တော်ယာဉ် နှစ်စီးသည် ဇူလိုင် ၁၅ ရက် ည ၈ နာရီနှင့် ယနေ့ နံနက် ၃ နာရီခန့်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိလာသည့် Liquid Oxygen အရည်များကို ဇူလိုင် ၁၅ ရက် ညပိုင်းနှင့် ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံ၊ လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ရှိ ဖိအားမြင့် အောက်ဆီဂျင် သိုလှောင်ကန်များ အတွင်းသို့ ကျွမ်းကျင်သူ နည်းပညာရှင်များက ဖြည့်သွင်းပေးကြသည်။ ယင်းသို့ Liquid Oxygen များ ဖြည့်သွင်းမှုကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က အနီးကပ်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ရောက်ရှိလာသော Liquid Oxygen များကို ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများတွင် တက်ရောက်ကုသခံနေသော လူနာများ အောက်ဆီဂျင် လိုအပ်နေသည့် ပြည်သူများအတွက် တပ်မတော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် အလှူရှင်များ၏ ငွေအားလူအားအကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောက်ဆီဂျင် လိုအပ်လျက်ရှိသော ဆေးရုံများနှင့် ပြည်သူများထံသို့ စနစ်တကျ ဖြန့်ဖြူး လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အောက်ဆီဂျင်လိုအပ်မှုမရှိစေရေး အတွက် စေတနာရှင်၊ အလှူရှင်များ၏ စေတနာသဒ္ဓါ ထက်သန်စွာ လှူဒါန်းသော ငွေများဖြင့် Liquid Oxygen မက်ထရစ်တန် ၂၀ဆံ့ ကား ၂၆ စီးစာ ဝယ်ယူပြီးဖြစ်၍ မကြာမီ ရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ကမာရွတ်မြို့နယ်ရှိ မြန်မာ့သင်္ဘောကျင်း လုပ်ငန်း၌ Liquid Oxygen များအား ဆေးရုံနှင့် ကိုဗစ်စင်တာများသို့ ဖြန့်ဝေပေးမှု လုပ်ငန်းများကို လည်းကောင်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းပိုင် အင်းစိန် မြို့နယ်ရှိ ရွာမသံမဏိစက်ရုံတွင် အောက်ဆီဂျင်အိုး အမျိုးမျိုး ထုတ်လုပ်နေမှု များကိုလည်း ကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး အရည်အသွေးပြည့်မီသည့် အောက်ဆီဂျင်များကို အရေအတွက် များများထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည်များ မှာကြားသည်။

အလားတူ အောက်ဆီဂျင် လိုအပ်ချက် မရှိစေရေးအတွက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း မင်းဓမ္မ အောက်ဆီဂျင်ဓာတ်ငွေ့ စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင် ကုဗပေ ၁၄၉၀၀၀ ကျော်နှင့် မြောင်းတကာ အောက်ဆီဂျင် ဓာတ်ငွေ့စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင် ကုဗပေ ၁၂၀၀၀၀ကို နေ့စဉ်ထုတ်လုပ်ဖြန့်ဝေပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကိုဗစ်စင်တာများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀၊ အလုံး ၅၀ ထုတ်လုပ်နိုင်သည့် Oxygen Plant နှင့် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀၊ ၂၄ လုံး ထုတ်လုပ်နိုင်သည့် Oxygen Plant တို့ကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ဆေးရုံ(ခုတင်-၃၀၀)၌ Oxygen Liquid မှ Gas အဖြစ် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ အလုံး ၁၄၄၀ ထုတ်လုပ်နိုင်သည့်Oxygen Plant တစ်လုံးကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ အောက်ဆီဂျင် လီတာ ၄၀ အလုံး ၈၀ထုတ်လုပ်နိုင်သည့် Oxygen Plant တစ်လုံးကိုလည်းကောင်း အသီးသီး တပ်ဆင် စမ်းသပ်လျက်ရှိပြီး မကြာမီ ရက်ပိုင်းအတွင်း အောက်ဆီဂျင် လိုအပ်ချက်များကို ထုတ်လုပ်ပေး နိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ဇူလိုင် ၁၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ရောက်ရှိလာသည့် အောက်ဆီဂျင် လီတာ ၄၀၊ အလုံး ၂၀၀ကို လားရှိုးမြို့၊ ကျောက်မဲမြို့၊ နောင်ချိုမြို့၊ မန်တုံမြို့၊ နမ့်ဆန်မြို့၊ နမ္မတူမြို့များနှင့် သီပေါမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ရောဝတီတိုင်းဒေသကြီးသို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် ရောက်ရှိလာသည့် အောက်ဆီဂျင်အရည် ၃၆ တန်၊ လီတာ ၄၀၊ အလုံး ၄၉၀၊ ၁၀လီတာ အလုံး ၄၀၊ လီတာ ၄၀ အိုးအလွတ် ၂၂ လုံးနှင့် အောက်ဆီဂျင်ဆက်စပ်ပစ္စည်းအစုံ ၄၀ တို့ကို ကရင်ပြည်နယ် မြဝတီမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်စင်တာများနှင့် ရန်ကုန်မြို့များသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိလာသည့် အောက်ဆီဂျင် အလုံး ၂၅၀ ကို ပြည်သူ့ဆေးရုံများ နှင့် တပ်မတော်ဆေးရုံများသို့ လည်းကောင်း အသီးသီးဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များမှ တစ်ဆင့်လည်း တင်သွင်းခွင့်ပြုထားရာ ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုမှ တင်သွင်းလာသည့် အောက်ဆီဂျင် လီတာ၄၀ ဆံ့ ၃၃၃ လုံးနှင့် Regulator ၃၃၃ ခုတို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် ရောက်ရှိလာပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ပို့ဆောင် ဖြန့်ချီသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ Oxygen Plant ကို တိုးမြှင့် တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်းနှင့် အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေး Oxygen Plant အသစ်များကိုလည်း ထပ်မံတိုးချဲ့ တပ်ဆင်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်များ တင်ဆောင်လာသည့် မော်တော်ယာဉ်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့ ကြည့်ရှုစစ်ဆေးစဉ်။



အင်းစိန်မြို့နယ်ရှိ ရွာမသံမဏိစက်ရုံ၌ အောက်ဆီဂျင်အိုးအမျိုးမျိုး ထုတ်လုပ်နေမှုကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့ ကြည့်ရှုစစ်ဆေးစဉ်။

# အားကျစရာ ဓမ္မပါလတို့ရွာ

**စာချစ်သူ**

နေ့နှင့် ညတို့သည် ယခင်ကသိပ်မထူးခြား မကွာခြားလှဟု ထင်ခဲ့သည်။ ယခု မျက်မှောက်ကာလမှာတော့ သိသိသာသာ ခြားနားကွာခြားခဲ့လေပြီ။ တစ်လောက၊ တစ်နေ့က မြင်တွေ့ခဲ့ရသည့် မိတ်ဆွေသူငယ်ချင်းများ၊ သူတို့နှင့် ပတ်သက်ရာ ပတ်သက်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများသည် နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက် ဆိုသလို သူတို့ချစ်သူခင်သူတို့အား ထာဝရ ကျောခိုင်းနှုတ်ဆက်ခွဲခွာသွားခဲ့ကြလေသည်။

အရေးပေါ်လူနာတင်ယာဉ်များ၏ ဥဩဆွဲသံများ၊ ဘယ်သူကတော့ ဆုံးရှာပြီ၊ ဘယ်ဂုဏ်ကတော့ အရေးပေါ်ကြပ်မတ်ကုသခန်းမှာ၊ ဘယ်သူ ဘယ်ဂုဏ်ကတော့ ဖျားနေပြီ၊ အနံ့ပျောက်နေပြီဟူသည့် စိတ်မချမ်းမြေ့စရာ အသံဗလံများကိုလည်း ဝန်းကျင်တစ်ခို ကြားသိမြင်တွေ့နေရပေသည်။

### ကမ္ဘာကြီးပြောင်းဆန်နေ

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ အဆက်မပြတ်ရိုက်ခတ်မှု ဒီလှိုင်းများကြားတွင် ယနေ့ကမ္ဘာကြီးသည် ပြောင်းဆန်နေသည်။ ယခင်က စည်ကားခဲ့သော အရပ်တို့သည် ခြောက်ကပ်တိတ်ဆိတ်လျက်၊ မစည်ကားသင့်သောအရပ်တို့သည် သက်ဝင်စည်ကားနေသည်။

ထိုသောအခါ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးပီပီ ငါးရာ့ငါးဆယ် ဇာတ်တော် ဒသကနိပါတ်လာ မဟာဓမ္မပါလဇာတ်ကို ပြန်လည်သတိရမိပါ၏။

> ❑ **ရှေးရှေးက လူကြီးများသည် အနိဋ္ဌာရုံဖြစ်သောမြင်ကွင်းမျိုး မမြင်ရပါစေနှင့်ဟု ဆုတောင်းကြ၏။ အမင်္ဂလာဖြစ်သော ငိုချင်းတေးသီချင်းများ၊ နိမိတ်မကောင်းသော အပြောအဆိုများ မပြုလုပ်ကြရန်လည်း အိမ်သူအိမ်သားများအား ဆုံးမသတိပေးလေ့ရှိ၏။ မနက်မိုးလင်းသည်နှင့် မင်္ဂလာရှိသောအသံ၊ မင်္ဂလာရှိသောစကား၊ မင်္ဂလာရှိသော အလုပ်အကိုင်၊ အပြုအမူများသာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ကုသိုလ်တရားများ ကျင့်ကြံပွားများ အားထုတ်ကြရန် တိုက်တွန်းကြ၏**

"ကိုယ့်မျက်စိအောက်မှာ သေသွားလို့သာ လက်ခံလိုက်ရတယ်။ တကယ်တမ်းကျတော့ ဒီလိုငယ်ငယ်ရွယ်ရွယ်လေးနဲ့ မသေထိုက်ဘူး မဟုတ်လား"

ဒိသာပါမောက္ခဆရာကြီး၏ သားကြီး ဩရသ နာရေးမှ အပြန်တွင် ဓမ္မပါလသည် သူ့ခေါင်းထဲ၌ ရှုပ်ထွေးနေသော ပြဿနာကို ဤသို့ဖွင့်ပြောလိုက်မိလေသည်။

ဓမ္မပါလလုလင်၏စကားသည် အခြားတပည့်လုလင်များကို အံ့သြမှင်တက်သွားစေသည်။

"အလို၊ အဆွေဓမ္မပါလ၊ ဘယ်လိုများ ပြောလိုက်ပါလိမ့်။ သတ္တဝါမှန်သမျှ သေရတဲ့ သဘောကိုများ မသိလေရော့သလား"

"သိပါတယ် အဆွေတို့ရယ်၊ ဒါပေမယ့် ဒီလိုငယ်ငယ်ရွယ်ရွယ်လေးနဲ့တော့ သေကို မသေထိုက်ပါဘူး။ သက်ကြီးရွယ်အိုဖြစ်လာမှသာ သေရတာပါ"

"ဒါဖြင့်ကွယ်၊ သင်္ခါရတရားတို့ရဲ့ မမြဲတဲ့သဘောကို ဘယ်လိုများ ပြောကြရပ့ါမလဲ"

"သင်္ခါရတရားတို့ရဲ့ မမြဲတဲ့သဘောကိုတော့ မငြင်းလိုပါဘူး။ ဒါပေမယ့် ဒီလို ငယ်ငယ်ရွယ်ရွယ်လေးနဲ့တော့ မသေထိုက်တာ အမှန်ပါပဲ"

"ဒါဖြင့် မေးပါရစေ အဆွေဓမ္မပါလ။ ရိုင်းစိုင်းရာရောက်သွားရင်လည်း ခွင့်လွှတ်ပါ။ အဆွေတို့ အိမ်မှာကော လူတစ်ယောက်မှ မသေခဲ့ဘူးလား"

"တစ်ယောက်မက သေခဲ့ပါပြီ အဆွေတို့။ ဒါပေမယ့် အခုလို ငယ်ငယ်ရွယ်ရွယ်လေးတွေတော့ တစ်ယောက်မှမပါခဲ့ဘူး။ သက်ကြီးရွယ်အိုများချည်းပဲ"

"အလို၊ တယ်လည်း ထူးဆန်းလှပါကလား။ အဆွေတို့ရဲ့ တခြားဆွေမျိုးများကော"

"ငါတို့ရဲ့ ဆွေမျိုးတွေမှန်သမျှ ဘယ်သူမှငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြရပါဘူး။ ဒါဟာ ဟိုလွန်ခဲ့တဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကတည်းက ရှိလာခဲ့တဲ့ထုံးတမ်းစဉ်လာပါ"

ဓမ္မပါလ၏ ဤစကားများကို မနီးမဝေးမှ ကြားလိုက်ရသော ဒိသာပါမောက္ခ ဆရာကြီးအဖို့ အပြန်ပြန်စဉ်းစားဆင်ခြင်စရာ ဖြစ်လာရသည်။

တကယ်တော့ဖြင့် ဓမ္မပါလလုလင်မှာ ပညာသင်တပည့် ငါးရာထဲတွင် စံပြတပည့်တစ်ဦးဖြစ်၏။ အကျင့်စာရိတ္တ ကောင်းမွန်လှ၏။ ဉာဏ်ပညာထက်မြက်လှသဖြင့်လည်း မိမိသင်ကြားပေးသမျှ အရအမိ သင်ယူနိုင်၏။ ထို့ကြောင့်လည်း ပညာသင်တပည့် ငါးရာထဲတွင် အထူးချွန်ဆုံး ဖြစ်လာပေသည်။

အထူးချွန်ဆုံးသော တပည့်က ဤစကားတစ်ခွန်းကို ဤမျှလောက် ခိုင်ခိုင်မာမာ ပြောနေခြင်းမှာ ခိုင်မာသော အထောက်အထားရှိနေ၍ပင် ဖြစ်ပေလိမ့်မည်။ ခိုင်မာသော အထောက်အထားကို ကိုယ်တိုင်သိအောင် သွား၍ စုံစမ်းမှဖြစ်တော့မည်။ ဆွေရောမျိုးရော အသက်ရှည်ကြရသည့် အကြောင်းကို လေ့လာမှတ်သားပြီးလျှင် မိမိကိုယ်တိုင် ကျင့်သုံးမှ ဖြစ်တော့မည်။

ဤသို့ဖြင့် ဒိသာပါမောက္ခဆရာကြီးသည် အခါအခွင့်သင့်သည့် တစ်နေ့တွင် ဓမ္မပါလတို့ရွာဆီသို့ ခရီးထွက်ခဲ့လေတော့သည်။ ဓမ္မပါလတို့ဖခင် ပုဏ္ဏားကြီးအိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေပြီ။

"အို ပုဏ္ဏားတို့၊ သင်တို့ရဲ့သား ဓမ္မပါလဟာ အင်မတန်ဉာဏ်ကောင်းပါပေတယ်။ အကျင့်စာရိတ္တလည်း ဖြူစင်လှပပေတယ်။ ပညာစုံလို့ ရွှေဘုံပြန်ခါနီးပါမှပဲ မမျှော်လင့်တဲ့ ရောဂါတစ်ခုကြောင့် ရုတ်တရက် ကွယ်လွန်သွားရရှာတယ်။ တရားနဲ့သာဖြေကြပါတော့။ ဟောဒီမှာ သားလေးဓမ္မပါလကို မီးသင်္ဂြိုဟ်ရာက ကောက်ယူလာခဲ့တဲ့ အရိုးများပါပဲ"

"ဟား ဟား ဟား ဟား"

ဒိသာပါမောက္ခဆရာကြီး၏စကားကို လေးလေးစားစားနာယူခဲ့ကြသော ပုဏ္ဏားမိသားစုသည် ဆရာကြီး၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် နှုတ်ကိုမချုပ်တည်းနိုင်ဘဲ တစ်ခဲနက်ရယ်မောလိုက်ကြပေသည်။

"အဲဒီအရိုးတွေဟာ တခြားလူတစ်ယောက်ယောက်ရဲ့ အရိုးရင်လည်းဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း သတ္တဝါတစ်ကောင်ကောင်ရဲ့ အရိုးရင်လည်း ဖြစ်ပါလိမ့်မယ်။ ဓမ္မပါလရဲ့ အရိုးကတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး ဆရာကြီး"

ဤသို့ပြောနေစဉ်မှာပင် တစ်ရွာလုံးရှိဆွေမျိုးများရောက်လာကြရာ သူတို့ကလည်း လက်ခုပ်လက်ဝါးတီး၍ ရယ်မောကြလေသည်။

ဤတွင် ဒိသာပါမောက္ခဆရာကြီးသည်လည်း သူတို့နည်းတူ ပြုံးရွှင်ရယ်မောကာ-

"ကောင်းပါပြီ အသင်ပုဏ္ဏားတို့။ သင်တို့ အမျိုးအနွယ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့သူမရှိတာတော့ ဟုတ်ပါပြီ။ ဒီတော့ ဒီလို ကောင်းကျိုးတရားခံစားကြရတာဟာ ဘယ်လိုအကျင့်များ ကျင့်ခဲ့လို့ပါလဲ"

ဤသို့ တရင်းတနှီးမေးမြန်းလိုက်လေရာ ဓမ္မပါလ၏ဖခင် ပုဏ္ဏားကြီးက ...

**"ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာ သူတစ်ပါး အသက်ကို မသတ်ကြပါ။ သူ့ဥစ္စာကိုလည်း မခိုးကြပါ။ သူတစ်ပါး သားမယားအပေါ်လည်း ဖောက်ပြားကျူးလွန်မှုမပြုကြပါ။ မုသား စကား မပြောကြားကြပါ။ အရက်သေစာလည်း မသောက်စားကြပါ"**

"ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာ ကုသိုလ်တရားပွားများကြပါတယ်။ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ကြပါတယ်။ သူတော်မဟုတ် သူယုတ်မာတို့ရဲ့ အယူအကျင့်များကို ရှောင်ကြဉ်ကြပါတယ်"

"ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ တစ်ဆွေတစ်မျိုးလုံးဟာ ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းများကို ကြည်ညိုသဒ္ဓါထက်သန်စွာ လှူဒါန်းကြပါတယ်။ ကိုယ့်နယ်ထဲက ဖြတ်သွားကြတဲ့ခရီးသည်များကိုလည်း ထမင်းချိန်မှာ ထမင်းကျွေးကြပါတယ်။ အခြားအချိန်မှာ အဖျော်ရည်များ တိုက်ကျွေးကြပါတယ်။ အမျိုးမျိုးအဖုံဖုံ တောင်းစားသူများကိုလည်း တတ်စွမ်းသမျှ ပေးကမ်းစွန့်ကြဲကြပါတယ်"

"ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာ မလှူခင် တုန်းကလည်း ပုဗ္ဗ စေတနာအရ ဝမ်းမြောက်ခဲ့ကြပါတယ်။ လှူတုန်း လှူဆဲ အချိန်မှာလည်း မုဥ္စစေတနာအရ ရွှင်လန်းကြပါတယ်။ လှူပြီး နောက်မှာလည်း အပရစေတနာအရ အားရကျေနပ်ကြပါတယ်။ ပေးလှူပြီးမှ နောင်တတစ်ဖန် ပူပန်ခြင်းမပြုကြပါ"

"ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ အမျိုးအနွယ်ထဲက အကျင့်စိတ်ဓာတ်မြင့်မြတ်ကြတဲ့ မိခင်များဟာ သားလိမ္မာ သမီးလိမ္မာကလေးများ ဖွားမြင်လာကြပါတယ်။ အခြေခံ ကောင်းလှတဲ့ သားသမီးကလေးများဟာ ဉာဏ်ပညာလည်း ထက်သန်ကြပါတယ်။ ဗဟုသုတကြွယ်ဝကြပါတယ်။ အကျင့်သီလ ဖြူစင်ကြပါတယ်"

"ဆရာကြီးခင်ဗျား၊ နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ကျွန်ုပ်တို့ထံမှာ မှီခိုနေကြတဲ့ အလုပ်သမားများ၊ အခြွေအရံများပါ အပါယ်လေးပါးရောက်ရမယ့်ဘေးကို ကြောက်ရကောင်းမှန်း သိကြပါတယ်။ ဒါကြောင့်လည်း လူအားလုံးဟာ ကုသိုလ်ကောင်းမှု ကြိုးစားပြီး ပြုကြပါတယ်။ ဒါကြောင့်လည်း ကျွန်ုပ်တို့ရဲ့အမျိုးအနွယ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဆုံးရခြင်း ဖြစ်ပါတယ်ခင်ဗျာ"

ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မပါလအမျိုးအနွယ်များ၏ နေထိုင်ကျင့်သုံးပုံ အလုံးစုံကို ဤသို့ဝမ်းမြောက်ဝမ်းသာ ကြားနာပြီးလျှင် ထိုအကျင့်ကောင်းများကို ရွှေပေလွှာ၌ တရိုတသေရေးမှတ်ကာ တက္ကသိုလ်မြို့တော်သို့ ယူဆောင်ခဲ့လေတော့သည်။

ဤမဟာဓမ္မပါလဇာတ်ကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတိုင်းလိုလို ကြားနာဖူးကြပါလိမ့်မည်။ မဟာဗောဓိရုပ်သံလိုင်းတွင်လည်း ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ဟောကြားအပ်သော ဤမဟာဓမ္မပါလဇာတ် တရားတော်ကို မကြာခဏထုတ်လွှင့် ပူဇော်လေ့ရှိပါ၏။

### ကမ္ဘာလောကကြီး၏ နိယာမ

သို့ရာတွင် နားနှင့်ဆတ်ဆတ်ကြားနာထားသောတရားကို နှလုံးသားထိအောင် ပို့ဆောင်တတ်သူတို့မှာ အနည်းငယ်မျှသာ။ နားနှင့်ကြားနာပြီးနောက် နားမှသာ လမ်းဆုံးသွားသူတို့ကား ပေါများလှ၏။ ဤသည်မှာ ကမ္ဘာလောကကြီး၏ နိယာမတစ်မျိုးဖြစ်နေမည်လား မဆိုနိုင်ပါ။ ထို့အတူ ကြားသိသော်လည်း ကျင့်ဘိခဲတုံ့ဆိုသလို လိုက်နာကျင့်သုံးဖို့ကလည်း ခက်ခဲလှပေ၏။

**သို့ဆိုလင့်ကစား ပစ္စက္ခ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေသည့်အခိုက်ဝယ် ကျွန်တော်တို့သည် တစ်ဖက်က နိုင်ငံတော်က ထုတ်ပြန်လျက်ရှိသော အမိန့်ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်နေသည့် သတိပေးနှိုးဆော်ချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကျွန်တော်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ အသက်ရှည်ရာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ် စေရန်အလို့ငှာ ဘုရား၊ တရား၊ သံဃာ တည်းဟူသော တုနှိုင်းမဲ့ ရတနာမြတ်သုံးပါးကို ပိုမို ဆည်းကပ်ပူဇော်၍ သုစရိုက်ကုသိုလ်တရားများကို ပွားများကျင့်ကြံ အားထုတ်ကြရပါမည်။**

ဇမ္ဗူဒီပ နိမိတ္တ၊ မြန်မာပြည်သည် ဇမ္ဗူဒီပါ လကျာ်တောင်ကျွန်း နိမိတ်ထွန်းရာမြေ ဖြစ်သည်နှင့်အညီ ကာယ ဝစီ မနောတို့တွင် ကောင်းသောအတိတ်၊ ကောင်းသော နိမိတ်များ ဖြစ်ထွန်းစေရန် အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရပါဦးမည်။ လောကီအရေးအရာများသည် ဆန်းကြယ်လှပါပေသည်။ ရှေးရှေးက မိဘ ဘိုးဘွားလူကြီးများသည် လောကီအယူဝါဒဖြစ်သော အတိတ်နိမိတ်၊ စနည်း၊ တဘောင် စသည်တို့ကို ယုံကြည်ကြ၏။

ရှေးရှေးက လူကြီးများသည် အနိဋ္ဌာရုံဖြစ်သောမြင်ကွင်းမျိုး မမြင်ရပါစေနှင့်ဟု ဆုတောင်းကြ၏။ အမင်္ဂလာဖြစ်သော ငိုချင်းတေးသီချင်းများ၊ နိမိတ်မကောင်းသော အပြောအဆိုများ မပြုလုပ်ကြရန်လည်း အိမ်သူအိမ်သားများအား ဆုံးမသတိပေးလေ့ရှိ၏။ မနက်မိုးလင်းသည်နှင့် မင်္ဂလာရှိသောအသံ၊ မင်္ဂလာရှိသောစကား၊ မင်္ဂလာရှိသော အလုပ်အကိုင်၊ အပြုအမူများသာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ကုသိုလ်တရားများ ကျင့်ကြံပွားများ အားထုတ်ကြရန် တိုက်တွန်းကြ၏။

*စာမျက်နှာ ၇ သို့*

# အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သုံးသပ်အကဲဖြတ်ရေးအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်နှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသတ်မှတ်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သုံးသပ်အကဲဖြတ်ရေးအဖွဲ့ (Monitoring and Evaluation Team)ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်နှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် MoU, LoA လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ စစ်ဆေးခြင်း၊ အစီရင်ခံစာ စစ်ဆေးခြင်း၊ မြေပြင်စစ်ဆေးခြင်းများအတွက် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းလိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စီမံကိန်းမစတင်မီ၊ စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီး မြောက်သည့်ကာလများအလိုက် လိုအပ်ချက်များကို သုံးသပ်အကဲဖြတ်ရမည့် လုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊စီမံကိန်း မဆောင်ရွက်မီအခြေအနေ၊ စီမံကိန်းဆောင်ရွက်နေစဉ်ကာလအတွင်း စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် စီမံကိန်းပြီးမြောက်ပြီး မျှော်မှန်းရလဒ်များပြည့်မီမှု ရှိ/မရှိ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းစနစ်များ ပီပီပြင်ပြင်ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့ ရေးဆွဲမည့် လုပ်ငန်းလမ်းညွှန် (TOR)တွင် ထည့်သွင်းရေး ဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က TOR ရေးဆွဲရာတွင် သတ်မှတ်ဒေသ၊သတ်မှတ်လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိ၊ သတ်မှတ်ရန်ပုံငွေ၊ သတ်မှတ်နည်းစနစ်၊ ဆောင်ရွက်မှုပုံစံ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ခြင်း ရှိ/မရှိ၊ ဒေသခံလူထုနှင့် ဆက်သွယ်မည့် ပုံသဏ္ဌာန်၊ စီမံကိန်း၏ အကျိုးရှိမှု၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်ခြင်း ရှိ/မရှိ၊ လုံခြုံရေးအရသတ်မှတ်ထားသော နေရာများကို သွားလာခြင်းနှင့် သတင်းရယူမှုပုံစံ စသည်တို့ကို စိစစ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား သုံးသပ်အကဲဖြတ်ရေးအဖွဲ့(Monitoring and Evaluation Team) ကို ပြန်လည် ပြင်ဆင်ဖွဲ့စည်းရန်နှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာကြည့်တိုက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာကြည့်တိုက်တာဝန်ခံ ဒေါ်တင်မိုးမိုးက လက်ရှိစာကြည့်တိုက်တွင် စီးပွားရေးဆိုင်ရာ စာအုပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ စာအုပ်များ၊ ဘဏ်လုပ်ငန်းဥပဒေနှင့် စည်းမျဉ်းဆိုင်ရာစာအုပ်များ၊ စာရင်းကိုင်နှင့် စာရင်းအင်းဆိုင်ရာ စာအုပ်များ၊ အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့ အပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ဝေသည့် စာအုပ်များ၊ အာရှဒေသတွင်း နိုင်ငံများ၏ ဗဟိုဘဏ်များ၏ နှစ်ချုပ်အစီရင်ခံစာများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး အခြေအနေများနှင့် စပ်လျဉ်းသည့် စာအုပ်များ အပါအဝင် စာအုပ်စုစုပေါင်း ၈၈၄၂ အုပ်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာကြည့်တိုက်အား elibrary ဖြစ်ရေး ဆောင်ရွက်သွားရန်ရှိပါကြောင်းနှင့် လက်ရှိ စာကြည့်တိုက်၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာကြည့်တိုက်ကို elibrary အဖြစ် ဆောင်ရွက်နိုင်ရေး အလေးပေးဆောင်ရွက်သွားစေလိုပါကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်နှင့် အဖွဲ့အစည်းများ၏ စာကြည့်တိုက်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ လိုအပ်သည့် စာအုပ် စာတမ်းများကို စဉ်ဆက်မပြတ် ဝယ်ယူဖြည့်ဆည်း သွားရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဝန်ထမ်းများ၏ စာပေဖတ်ရှုလေ့လာမှုအား မြှင့်တင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်၏ လိုအပ်ချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ နှာခေါင်းစည်းများ ဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၆**

အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်အသီးသီးရှိ လူစည်ကားရာ ဘုရားစေတီများ၊ ရပ်ကွက်များ၊ ဈေးများ၊ လမ်းများ၌ ပြည်သူများကို နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်းအခု ၄၂၀၀ကို ပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးလွင်ဦးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

မျက်မှောက်ခေတ်တွင်မူ ရှေးရှေးက မြန်မာတို့၏ ဓလေ့ထုံးစံများသည် လစ်ဘရယ်လှိုင်းတံပိုးအောက်တွင် တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်စပြုလာ၏။ ပြီးခဲ့သည့် လပိုင်းများက ကျွန်တော်တို့မြင်တွေ့ကြားသိခဲ့ရသော မြင်ကွင်းတို့သည် ပြည်သူများကို အလွန်အင်မတန် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ခဲ့ရလေ၏။

**သင်္ချိုင်းစောင့် မဖဲဝါပုံသဏ္ဌာန်ဝတ်ဆင်၍ ရန်ကုန်မြို့လယ်ခေါင်တွင် အလောင်းထမ်းလမ်းလျှောက်ခဲ့ကြသည့် ကမ်ပိန်းများ၊ လမ်းမများထက်တွင် သွေးရောင်ဆေးများ ပက်ဖျန်းခဲ့ကြ၍ သွေးရောင်လွှမ်းနေခဲ့သော မြို့လယ် လမ်းမများ၊ မြို့လယ် လမ်းမ အလယ်ထက်တွင် ကြိုးတန်း၍ လွှင့်ထူထားသော ထဘီများနှင့် အမျိုးသမီးအတွင်းခံများ၊ ထိုထဘီများကြားတွင် ချိတ်ဆွဲထားသော ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော်ကြီးများ၏ ဓာတ်ပုံများ၊ လူမှုကွန်ရက်စာမျက်နှာထက်တွင် ထေရ်ကြီးဝါကြီး သံဃာတော်အရှင် သူမြတ်တို့ကို ရုန့်ရင်းကြမ်းတမ်း ရိုင်းစိုင်းစွာ စွပ်စွဲပြောဆိုနေကြသည့် အရေးအသားများကို ပြန်လည်မြင်ယောင်လာမိသည်။**

ပြီးခဲ့တာတွေ ပြီးပါစေတော့။ သတိသံဝေဂယူဖွယ်ရာသာ ရှိပါစေတော့။ ပစ္စက္ခတွင် ကြယ်တွေ တဖြုတ်ဖြုတ်ကြွေနေသည်။ ထင်ရှားသော ကြယ်များ၊ မထင်မရှား အညတရ ကြယ်များ၊ ကျွန်တော်တို့ နေ့စဉ် တရင်းတနှီး မြင်တွေ့နေရသောကြယ်များ၊ ကြယ်ပွင့်ကြီးငယ်မရွေး ညမြင် နေ့ပျောက် တဖြောက်ဖြောက်ကြွေနေကြသည်။ ထိုသောအခါ ကျွန်တော်သည် အားကျစရာ ဓမ္မပါလတို့ရွာကို ပြန်ပြောင်းအမှတ်ရမိပါ၏။

ကျမ်းကိုး - ဝဏ္ဏသီရိ၏ ငါးရာ့ငါးဆယ် ဇာတ်တော်ထဲက အသိအလိမ္မာသင်ခန်းစာများ။

## ကျွန်းစုမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲနှင့် နှစ်ပတ်လည်စည်းဝေး

နေပြည်တော် ဇူလိုင် ၁၆

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဇူလိုင်လ ဒုတိယပတ်က ကျင်းပသည်။

အသင်းနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး (ပထမပိုင်း) ကို အမှုဆောင်အဖွဲ့မှ ဦးဆောင်ကျင်းပခဲ့ပြီး (ဒုတိယပိုင်း) အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲကို မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မြလေးခိုင် ဦးဆောင်သော အဖွဲ့ဝင်များက ဦးဆောင်၍ အမှုဆောင်အဖွဲ့သစ် ခုနစ်ဦးအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

အနာဂတ် ကမ္ဘာ သာယာဖို့
အိုဇုန်းလွှာကို ကာကွယ်စို့

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် **"ကန့်သတ်စောင့်ကြည့်ရမည့်သူများကို နေရာဒေသအလိုက် ထားရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိသည်။



ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၀ နှင့် အမျိုးသမီး ၇၇ ဦး စုစုပေါင်း ၁၈၇ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၃ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၇၆ ဦးနှင့် အမျိုးသမီး ၂၈၇ ဦး စုစုပေါင်း ၇၆၃ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၈၅ ဦးနှင့် အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၂၆၇ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူလျင်မြန်စွာ တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုင်စင်လျှောက်ထားရန် လိုအပ်သော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများနှင့် Liquid Oxygen များ တင်သွင်းမှုကို လိုင်စင်လျှောက်ထားရန်မလိုဘဲ ခွင့်ပြုထားပြီးဖြစ်ပါသည်။ Oxygen Concentrator များ တင်သွင်းမှုကိုလည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ဖြင့် လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၂ ရက်မှ ၁၆ ရက်အထိ Liquid Oxygen နှင့် Oxygen Gas လီတာ (၃၀ ဒသမ ၈၆၉) သန်း၊ Oxygen Cylider အိုးအလွတ် အခု ၁၁၀၀ ၊ Oxygen ပါဝင်သည့် Cylider အိုး အခု ၁၁၄၈ ၊ Oxygen Concentrator ၁၇၁၅ ခု၊ Oxygen Generator ငါးလုံး၊ Cylider Filling ပါ Generator တစ်လုံး၊ Cylider Filling System နှစ်ခု၊ Mask ၈၄ ဒသမ ၈၆၁ တန် တင်သွင်းနိုင်ခဲ့သည်။






ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများကို တရုတ်နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တင်သွင်းရာတွင် လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ တင်သွင်းလိုသူများအနေဖြင့် မိမိတင်သွင်းလိုသည့် ကုန်ပစ္စည်းအမျိုးအစားများနှင့် သယ်ဆောင်မည့်ယာဉ်များအား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် အများပြည်သူ ရုံးပိတ်ရက်များအဖြစ် ကြေညာထားသည့် ၁၇-၇-၂၀၂၁ ရက်မှ ၂၅-၇-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန် လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



# စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အောက်ဆီဂျင်အိုးများ ရောဝတီတိုင်းဒေသကြီးသို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပန့်ဝါအခြေစိုက် မြန်မာမျိုးကိုကုမ္ပဏီမှ ရောဝတီတိုင်းဒေသကြီးသို့ လှူဒါန်းမည့် အောက်ဆီဂျင် လီတာ ၄၀ အလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်းများကို မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်သို့လာရောက်လှူဒါန်းရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးက လက်ခံရယူသည်။

ထို့နောက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မှာယူထားသည့် အောက်ဆီဂျင် အိုးအလုံး ၅၀ တို့ကို မြစ်ကြီးနားမြို့မှ ရောဝတီတိုင်းဒေသကြီးသို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Stay at Home နေထိုင်ခြင်းက မိမိကိုယ်တိုင်၊ မိမိရဲ့မိသားစု၊ နေထိုင်ရာရပ်ရွာဒေသနဲ့ နိုင်ငံအတွက် တာဝန်ကျေတဲ့ နိုင်ငံသားကောင်းတစ်ယောက် ဖြစ်ပါတယ်

ဒေါက်တာ သန်းနိုင်စိုး

နေပြည်တော် ဇူလိုင် ၁၆

**ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြားရက်များဖြစ်သည့် ဇူလိုင်လ ၂၀ ရက်နှင့် ၂၂ ရက်တို့ကို အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ပြီး ဇူလိုင်လ ၁၇ ရက်မှ ၂၅ ရက်အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ ကြေညာချက်ထုတ်ပြန်ခဲ့သည်။**

အဆိုပါ ကြေညာချက်နှင့် စပ်လျဉ်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုးက ယခုလို ရှင်းလင်းပြောကြားခဲ့သည် –

"လူတစ်ဦးနဲ့ တစ်ဦး ကူးလူးဆက်ဆံမှုတွေကနေ တစ်ဆင့် ကိုဗစ်–၁၉ ရောဂါက အဆင့်ဆင့် ကူးစက်သွားနိုင်ပါတယ်။ ဒါကြောင့် လူတွေက ကိုယ့်အိမ်ထဲမှာ သီးခြားနေထိုင်ကြမယ်ဆိုရင် ရောဂါဖြစ်ပွားမှုကွင်းဆက်တွေကို ဖြတ်တောက်နိုင်မယ်။ ရောဂါဖြစ်ပွားခဲ့မယ်ဆိုရင်လည်း ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဖြစ်ပွားတဲ့မိသားစုတစ်စုကို စနစ်တကျ ပြုစုစောင့်ရှောက်နိုင်မယ်။ ရောဂါဆက်တိုက်ကူးစက်ဖြစ်ပွားနေမှုကို ဦးချိုးနိုင်မယ်။ ဒါက အလွန်ထိရောက်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

"နိုင်ငံတကာမှာလည်း ဒီလုပ်ငန်းစဉ်ကို လုပ်ကြပါတယ်။ Stay at Home တို့၊ Lock down တို့ စသဖြင့် လုပ်ကြပါတယ်။ လူဆိုတာ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းမှာ နေထိုင်ရပြီး စားဝတ်နေရေးနဲ့ လုပ်ငန်းကိစ္စတွေအတွက် အပြင်ထွက်ရတာတွေ ရှိတယ်။ ဒီလိုကိစ္စတွေရှိတဲ့အတွက် Lock down လို လုံးဝပိတ်ပင်ထားတာမျိုးကို ကြာကြာထားဖို့ ခက်ပါတယ်။ **ကျွန်တော်တို့ အခုဆောင်ရွက်တာက Stay at Home ဖြစ်ပါတယ်၊ တတိယလှိုင်း ဖြစ်ပွားပြီး အရှိန်အဟုန် ရနေချိန်နဲ့ ဒီဘက်က ရုံးပိတ်ရက်တွေနဲ့ တိုက်ဆိုင်နေတဲ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဒီရောဂါကိုအမြန်ဆုံးထိန်းချုပ်ပေးနိုင်မယ့်စေတနာနဲ့ ကြားရက် ၂ ရက်ကို ဆက်ပိတ်လိုက်တဲ့ သဘောပါ။ ဒါကြောင့် အားလုံး ရုံးပိတ်ရက် ၉ ရက် ရသွားပါတယ်။ အဲဒီ ၉ ရက်မှာ တတ်နိုင်သမျှ အိမ်မှာနေဖို့ Stay at Home ကြေညာခြင်းဖြစ်ပါတယ်။ Lock down လုံးဝမဟုတ်ပါဘူး။"**

"ဒါဆိုရင် Stay at Home နဲ့ Lockdown ဘာကွာလဲလို့ မေးလို့ရပါတယ်။ Stay at Home နဲ့ Lock down ကွာတာက နိုင်ငံတကာမှာ Lock down ကို လုပ်ခဲ့တဲ့ဖြစ်စဉ်တွေ ရှိပါတယ်။ ပထမလှိုင်းတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ Lock down လုပ်ခဲ့တာတွေ ရှိပါတယ်။ အဲဒီမှာ Lock down အထဲမှာရှိတဲ့သူတွေ ဘယ်မှမထွက်နိုင်အောင် လုံခြုံရေးတွေနဲ့ လုပ်ခဲ့ပါတယ်။ အပြင်ထွက်ချင်ရင် စာရွက်စာတမ်းနဲ့တင်ပြပြီး အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်ရမှ လူနာတင်ယာဉ်နဲ့ ထွက်ရတာမျိုးဖြစ်ပါတယ်။

"ဒါ့အပြင် အိမ်တွေကို ပိတ်ထားပြီး အစားအသောက်ဆိုရင် အပြင်ကနေ ထောက်ပံ့ပေးပါတယ်။ အထဲမှာနေတဲ့သူတွေက ကူညီထောက်ပံ့ပေးတာမျိုး မရတဲ့အခါ အလွန်စိုးရိမ်စရာကောင်းတဲ့ အနေအထားမျိုးဖြစ်လာတာပါ။ ဒီလောက်ပြင်းထန်တဲ့ အနေအထားမျိုးကို လုပ်ခဲ့တဲ့နိုင်ငံတွေလဲ လုပ်ခဲ့ပါတယ်။ ဒီ Lock down ရဲ့ အားနည်းချက်က ကြာကြာမခံနိုင်ဘူး၊ ကြာကြာလုပ်ဖို့ ခဲယဉ်းတယ်။



ဒေါက်တာ သန်းနိုင်စိုး (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး)

အဲဒီလို Lock down လုပ်ထားလို့ရတဲ့အချိန်တိုအတွင်းမှာ ရောဂါကို အရင်ဆုံး ဦးကျိုးအောင်ချိုးရပါတယ်။ ဒါကို တချို့နိုင်ငံတွေမှာ အောင်မြင်တယ်။ တချို့နိုင်ငံတွေမှာ မအောင်မြင်ဘူး။ မအောင်မြင်တဲ့အတွက် ချက်ချင်းပြန်လျှော့ပေးလိုက်ရတာမျိုးတွေ ရှိပါတယ်။

"မြန်မာနိုင်ငံအနေနဲ့ ပထမလှိုင်းနဲ့ ဒုတိယလှိုင်းတွေ ရင်ဆိုင်ရတဲ့အခါမှာ Lock down ကို တစ်ခါမှ မလုပ်ခဲ့ပါဘူး။ Stay at Home ပဲ လုပ်ခဲ့ပါတယ်။ Stay at Home ရဲ့ အဓိက သဘောက မိဘပြည်သူတွေ ကိုယ့်အိမ်မှာပဲ ကိုယ်နေပေးပါ။ ကိုယ့်အိမ်မှာ ကိုယ်နေခြင်းအားဖြင့် ဘာအကျိုးကျေးဇူးရမလဲဆိုတော့ အိမ်မှာနေတဲ့အခါ အိမ်မှာလည်း ပိုးရှိတဲ့သူမရှိဘူးဆိုရင် ဒီမိသားစုအတွက် အန္တရာယ်ကင်းသွားပါတယ်။ ကိုယ့်အိမ်မှာကိုယ် အစုလိုက်နေတဲ့အခါ တစ်မိသားစုနဲ့ တစ်မိသားစု ကူးလူးဆက်ဆံမှု မရှိတဲ့အတွက် ရောဂါဖြစ်ပွားမှုကွင်းဆက်တွေ ပြတ်တောက်သွားပါတယ်။ နောက်ဆုံးအဆင့် ရောဂါဖြစ်တဲ့အိမ်ကို အမြန်ဆုံး Contact tracing လုပ်တာတို့၊ ကွာရင်တင်းလုပ်တာတို့၊ ဆေးကုပေးတာတို့ လုပ်လိုက်တဲ့အခါ အဲဒီအိမ်မှာပဲ ရောဂါကူးစက်မှုက ရပ်တန့်သွားတဲ့အတွက် အဲဒီဒေသကြီးတစ်ခုလုံးက ရောဂါပိုးကင်းစင်သွားပါတယ်။ အကျိုးကျေးဇူး အလွန်ရှိပါတယ်။

"အဓိကအနေနဲ့ မိမိအိမ်မှာနေထိုင်ခြင်းဖြင့် ကိုယ့်အတွက်၊ ကိုယ်နဲ့အတူနေတဲ့မိသားစု အတွက်လည်း လုံခြုံသလို ရောဂါတိုက်ဖျက်ထိန်းချုပ်ရေးဖြစ်စဉ်ကြီးတစ်ခုလုံးကို ထိထိရောက်ရောက် ကူညီပေးလိုက်သလို ဖြစ်သွားပါမယ်။ **ဒါကြောင့် ရောဂါဖြစ်ပွားမှုနှုန်းတက်နေတဲ့ ဒီအချိန်မှာ မိမိအိမ်မှာနေခြင်းဟာ အကောင်းဆုံး ရောဂါကာကွယ်ထိန်းချုပ်ခြင်း ဖြစ်တယ်ဆိုတာ သိစေချင်ပါတယ်၊ ဒီနေရာကနေလည်း မေတ္တာရပ်ခံပါတယ်။ ဒီအချိန်မှာ တတ်နိုင်သမျှ အိမ်မှာနေပေးပါ။ ခုနကလို အကျိုးကျေးဇူးတွေရပြီး ဒီရောဂါကာကွယ် ထိန်းချုပ်ရေးမှာ တာဝန်သိပြည်သူ တစ်ယောက်အနေနဲ့ တာဝန်ကျေမှာ ဖြစ်ပါတယ်။**

"Stay at Home ရဲ့ ထူးခြားချက်က Lock down လို ပိတ်ချလိုက်တာတွေ မရှိဘူး။ Lock down မှာ ညမထွက်ရတာတွေအပါအဝင် အပြင်ထွက်ဖို့ တော်တော်ခက်ခဲတဲ့ အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် Stay at Home မှာတော့ တကယ်မရှိမဖြစ်တဲ့ အခြေခံလုပ်ငန်းတွေကို ဖွင့်ပေးထားပါတယ်။ "အများပြည်သူရုံးပိတ်ရက် ရက်ရှည်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၂၁၁/ ၂၀၂၁ နဲ့ ဇူလိုင်လ ၁၇ ရက်မှ ၂၅ ရက်အထိ ကြေညာပြီးတော့ ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက ဆက်လက်ပြီး ကြေညာတဲ့အထဲမှာ အဓိကပြောတာက ကိုယ့်အိမ်မှာနေဖို့ ဖြစ်ပါတယ်။ တာဝန်နဲ့ နာရေးကိစ္စတွေနဲ့ ခရီးသွားလာခြင်းကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ တာဝန်ရှိအဖွဲ့အစည်းတွေရဲ့ ထောက်ခံချက်နဲ့ ခရီးသွားလာခွင့်ပြုပါတယ်။ နောက်တစ်ခု စားဝတ်နေရေး၊ စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သားငါးနဲ့ အခြေခံစားသောက်ကုန်ရောင်းတဲ့ဆိုင်တွေ ဆန်၊ ဆီ၊ ငရုတ်သီး၊ ကြက်သွန်တွေကို ဖွင့်လှစ်ရောင်းချသွားမှာ ဖြစ်ပါတယ်။"

**"ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာတွေ ရောင်းချတဲ့ဆိုင်တွေကိုလည်း လုံးဝမပိတ်ပါဘူး။ ကောလာဟလထွက်နေတာတွေလည်း ရှိပါတယ်။** ဒါကိုဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ လုံးဝပိတ်တာမဟုတ်ပါဘူး။ နောက်ပြီး စားသောက်ဆိုင်တွေကို ဆိုင်ထိုင်မဟုတ်ဘဲ ပါဆယ်စနစ်နဲ့ ရောင်းချရမှာ ဖြစ်ပါတယ်။

"ကျန်းမာရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး အစိုးရဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေ၊ ပုဂ္ဂလိကဆေးခန်းတွေ၊ အခြားကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ နေရာတွေနဲ့ ကျန်းမာရေးစောင့်ရှောက်တဲ့လုပ်ငန်းတွေကို ဖွင့်ပေးထားပါတယ်။ မဖြစ်မနေ ကျန်းမာရေးကြောင့်ဖြစ်ဖြစ်၊ စားဝတ်နေရေးကြောင့်ဖြစ်ဖြစ် အိမ်ကနေ မဖြစ်မနေ ထွက်ခွာရမယ်ဆိုရင်လည်း ပါးစပ်၊ နှာခေါင်းစည်းကို မဖြစ်မနေတပ်ဖို့၊ အခြားလူတွေနဲ့ ခပ်ခွာခွာနေဖို့၊ လက်ဆေးဖို့၊ လေဝင် လေထွက် မကောင်းတဲ့အခန်းတွေ ရှောင်ဖို့လိုပါတယ်၊ ကျွန်တော်တို့လည်း အမြဲတမ်း ပြောနေပါတယ်။"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မဖြစ်မနေ ဈေးထွက်ဝယ်တဲ့အခါမှာ အိမ်အပြန် အိမ်ကိုပိုး ပါလာတာမျိုး ဘယ်သူမှ ဖြစ်ချင်မှာမဟုတ်ပါဘူး။ အိမ်က မိသားစုဝင်တွေကို ကူးစက်နိုင်ပါတယ်။ ကိုယ်က မဖြစ်မနေ ဈေးထွက်တာ၊ ဆေးခန်းသွားတာတွေ လုပ်မယ်ဆိုရင် ကာကွယ်ရေးနည်းလမ်းတွေကို အပြည့်အဝလိုက်နာဖို့ လိုပါတယ်။ ဒါမှသာလျှင် ကိုယ့်အိမ်ကို ပိုးပါမလာမှာ ဖြစ်ပါတယ်။

"နောက်တစ်ခုက လိုအပ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Social Distancing ခပ်ခွာခွာနေတာတွေ၊ အပြင်ထွက်ရင် လုပ်ဆောင်ရမှာတွေ၊ ပြန်ဝင်တဲ့အခါ ပါးစပ်၊ နှာခေါင်းစည်းတွေကို စွန့်ပစ်တာကအစ စနစ်တကျ လုပ်ဆောင်ဖို့၊ ကိုယ်လက်သန့်စင်မှုမရှိဘဲ အိမ်သားတွေနဲ့ နီးနီးကပ်ကပ်မနေဖို့ ဒါတွေကို လုပ်ဆောင်ဖို့ လိုပါတယ်။

"Stay at Home မှာက ဖြေလျှော့ပေးထားတာတွေ အများကြီးပါ။ အရင်တုန်းကလည်း Stay at Home မြို့နယ်တွေ ကြေညာတာ ရှိပါတယ်။ အဲဒီမှာလည်း ဖြေလျှော့ပေးထားတာတွေ အများကြီးရှိပါတယ်။ အဲဒီတုန်းက ရုံးတွေ၊ လုပ်ငန်းတွေသွားဖို့ကို ဖြေလျှော့ ပေးတာတွေပါ ပါတယ်။ သို့သော်လည်း အခုလိုမျိုး ရုံးတွေ၊ အလုပ်တွေပါ ပိတ်တဲ့အချိန်မှာက ကိုဗစ်–၁၉ ရောဂါ ဆက်တိုက်ကူးစက်နေတာတွေကို ဖြတ်တောက်ဖို့ အကောင်းဆုံးအခွင့်အရေးရတဲ့ အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ အများပြည်သူ ရုံးပိတ်ရက်အဖြစ် ကြေညာလိုက်တယ်။ ရက်ကလည်း ရှည်တော့ ဒီကာလမှာ ရုံးဆိုလည်း မဖြစ်မနေ သွားရမယ့်လူလောက်ပဲ သွားမယ်။ ကျန်တဲ့လူတွေ အကုန်လုံးက အိမ်မှာနေရမယ်။ ကျန်တဲ့ စက်ရုံ၊ အလုပ်ရုံတွေ အကုန်လုံးလည်း အဓိက အခြေခံမရှိမဖြစ်လုပ်ငန်းတွေကလွဲပြီး ကျန်တဲ့လုပ်ငန်းတွေ ပိတ်ထားတာဆိုတော့ **ဒီအချိန်ကာလမှာ ဘာပဲဖြစ်ဖြစ် အိမ်မှာနေပေးခြင်းက ရောဂါကိုတိုက်ဖျက်ပေးရာရောက်တယ်ဆိုတာကို အဓိက Key Message အနေနဲ့ ဒီနေရာက ပေးချင်ပါတယ်။** ကျွန်တော်တို့အားလုံးက ပူးပေါင်းပါဝင် တိုက်ဖျက်ပေးကြရင် အခုရောဂါက အရှိန်အဟုန်နဲ့တက်နေတာ လျော့ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့် Stay at Home နေထိုင်ခြင်းဖြင့် ရောဂါကို ဝိုင်းဝန်းကူညီတိုက်ဖျက်ပေးကြဖို့ ပြောကြားလိုပါတယ်။

"အချုပ်အားဖြင့်ပြောရရင် Stay at Home နေထိုင်ခြင်းက မိမိကိုယ်တိုင်၊ မိမိရဲ့ မိသားစု၊ နေထိုင်ရာရပ်ရွာဒေသနဲ့ နိုင်ငံအတွက် တာဝန်ကျေတဲ့ နိုင်ငံသားကောင်းတစ်ယောက် ဖြစ်ပါတယ်။ တတ်နိုင်သလောက် ကူပေးပါ။ ဝိုင်းဝန်းကူညီပေးကြဖို့ ဒီနေရာကနေ တင်ပြလိုပါတယ်။"

**ထက်လျှံ**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူ့စွမ်းအား အထူးကြီးမား

ကိုရေချမ်း

မရောက်မီက ကြိုနှင့်သည်။
မရိုက်မီက ငိုနှင့် သည်။
မဆောက်မီက ဖြိုနှင့်သည်။

၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်။

'ယ' ရက်နှင့် 'န' နာရီတို့သည် မစမီကတည်းကပင် ပျက်သုဉ်းပျောက်ကွယ်ခဲ့ရလေပြီ။

NLD မှ ဖြစ်လာသည့် NUG နှင့် PDF တို့သည် "ပြည်ဖျက်စီမံကိန်း" ကို စိတ်ကူးနှင့် ရူးခဲ့ကြသည်။ ပြည်သိမ်း၊ ပြည်ဖျက် စီမံချက်သည် ဝက်ဝက်ကွဲအောင် အထိတ်တလန့် ဖြစ်ခဲ့သည်။ အံ့သြဘနန်း အောင်ပွဲကြီးခံနိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့ကြသည်။ နွေဦးတော်လှန်ရေးအမည်ခံ၊ ဒီမိုကရေစီတော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ရပ်များကို လက်တွေ့ကျူးလွန်နေကြသူများသည် ပြည်တွင်းမှ GZ၊ PDF လေးများဖြစ်သည်။ လက်တွေ့ကျူးလွန်အောင် သွေးထိုးလှုံ့ဆော်၊ စည်းရုံးဦးဆောင် လမ်းညွှန်နေကြသူများမှာ NLD မှ ပေါက်ဖွားလာသော CRPH နှင့် NUG တို့ ဖြစ်သည်။ တကယ်တော့ လေထဲမှ အိပ်မက်သည် ပျက်စီးလေလွင့် မျောပါခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

ဤသို့ဤပုံ စိတ်ကူးယဉ်အိပ်မက်သည် ယခုမှထ၍ ပေါ်ပေါက်လာသည်တော့ မဟုတ်ပေ။ NLD ဟူ၍ စတင်ဖြစ်တည်လာကတည်းက 'ထိပ်တိုက်ရင်ဆိုင်ရေး'၊ 'အလုံးစုံ ပျက်သုဉ်းရေး' ဝါဒနှင့် မွေးဖွားလာခဲ့သည်။ ၁၉၈၈ ခုနှစ်မှ စတင်ရေတွက်လျှင် လေထဲတွင် တိုက်အိမ်ဆောက်ခဲ့သော နယ်ချဲ့လက်ပါးစေ တစ္ဆေသရဲတို့၏ "အလုံးစုံ ပျက်သုဉ်းရေး" တစ်စစီ၊ တစ်ပိုင်းစီ ဖြိုခွဲချေမှုန်းရေးသည် နှစ်ပေါင်း ၃၀ ကျော်ကြာအောင် ကျားကုတ်ကျားခဲ ကြိုးစားပမ်းစား အားထုတ်ခဲ့ကြသည်။

သို့သော် NLD သည် အစလည်း မကောင်း၊ အလယ်လည်း မကောင်း၊ အဆုံးလည်း မကောင်းခဲ့ပေ။ NLD ပါတီ စတင်ဖွဲ့စည်းစဉ်က ပါတီတွင်း လက်ဝဲအုပ်စုများ နေရာယူခဲ့သည်။ ဗကပ အမာခံများ သွေးထိုးလှုံ့ဆော်ခဲ့သည်။ အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်သို့ ဝန်းရံတွန်းပို့ခဲ့ကြခြင်းကြောင့် မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ထင်ပေါ်လာခဲ့သည် ဟု ဆိုရမည်။ အာဏာဖီဆန်ရေးလုပ်ငန်းများနှင့် နာမည်ကျော်ခဲ့သည်။

**မြေပေါ်၊ မြေအောက်**

ဤသို့ နာမည်ကျော်လာသည်ကို မိမိကိုယ်ကိုယ်မိမိ အထင်ကြီးသွေးနားထင်ရောက်ပြီး တည်ငြိမ်နေသော မြို့ကြီးအချို့တွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆူပူရေးလုပ်ငန်းများ လုပ်ခဲ့သည်။ မြို့နေပြည်သူများ စိုးရိမ်ထိတ်လန့် ဖြစ်ခဲ့ကြသည်။ ဆူပူရေးလုပ်ငန်းများ လုပ်နေစဉ် ၁၉၈၉ ခုနှစ် ဧပြီလတွင် NLD ရန်ကုန်တိုင်းစည်းရုံးရေးမှူးနှင့်အဖွဲ့ တောခိုခဲ့သည်။ တောခိုပြီး မြို့ပေါ်ပြန်တက်၍ ဇူလိုင် ၇ ရက်တွင် သန်လျင်ရေနံချက် စက်ရုံကို ဗုံးဖောက်ခွဲခဲ့သည်။ ယင်းသည် ပထမဆုံး အဖျက်လုပ်ရပ်ဖြစ်သည်။ ဆက်လက်၍ မကြာခဏဆိုသလို အဖျက်လုပ်ရပ်များ လုပ်ခဲ့သည်။ မြေပေါ်မြေအောက် နှစ်ဖက်ညှပ်တိုက်သည့် သဘောမျိုးဖြစ်သည်။ NLD သည် အာဏာဖီဆန်ရေး လမ်းကြောင်းကို တစ်လျှောက်လုံးသွားခဲ့ပြီး တစ်ဖက်တွင် မြေအောက်ယူဂျီများက အဖျက်လုပ်ရပ်များနှင့် အစိုးရအကျပ်အတည်းဖြစ်အောင် လုပ်ခဲ့သည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် တိုင်းပြည်နှင့်အစိုးရကို မည်သို့မည်ပုံ တွန်းတိုက်ဖြိုဖျက်သော်လည်း ပြည်ထောင်စုကြီးမှာ မယိမ်းယိုင်၊ အစိုးရမှာလည်းမယိုင်လဲ ကျောက်စိုင်ကျောက်သားပမာ မားမားမတ်မတ်ရပ်တည်ခဲ့သည်။ ဖျက်သူတို့သည်သာ စေတနာမကောင်း၍ ကံမကောင်းကြပေ။ ကိုယ့်ပြုသည့်ကံ ကိုယ့်ထံပြန်၍ ပြုသူသာ ပျက်စီးခြင်းကိန်းဆိုက်ကြ၏။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို အတိုင်းအတာတစ်ခုအထိ ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်လာအောင် ရှေးရှုလျှောက်လှမ်းခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးပြီး NLD အပါအဝင် နိုင်ငံရေးပါတီများအားလုံးကို နိုင်ငံရေးစင်မြင့်ပေါ်သို့ တင်ပေးခဲ့သည်။ သို့သော် NLD ပါတီသည် မူလစရိုက်မပျောက်ခဲ့ပေ။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်း မလျှောက်လှမ်းခဲ့ပေ။

အစ မကောင်း၍ အကြောင်းမလှ၊
နိဂုံး ဘယ်လို ဆုံးမည်နည်း။
ဆက်၍ ကြည့်ကြပါဦးစို့၊
ဇာတ်စုံ၊ ဇာတ်ခုံ အမျိုးမျိုး ခင်းပါလိမ့်ဦးမည်။

**အိပ်မက်ပျက်သုဉ်း**

၂၀၂၁ တွင် NLD မိုးပြိုမြေပြို အာဏာယူရေး အကြံအစည်မအောင်မြင်သောအခါ ပြည်သူတို့အား လမ်းမပေါ်သို့ တွန်းထုတ်ခဲ့သည်။ ဆူပူအကြမ်းဖက်ရေး မအောင်မြင်ပြန်သောအခါ R2P ဝင်တော့မလို၊ UN လာတော့မလို၊ US စစ်သင်္ဘောအုပ်စုကြီး ရောက်တော့မလို ပြည်တွင်းမှ GZ၊ PDF တို့ကို မြှောက်ပင့်ပေးခဲ့သည်။ CRPH၊ NUG နှင့် NLD လော်ဘီများသည် ယခုအချိန်အထိ တစ်နေ့တစ်မျိုး မရိုးအောင် သတင်းမှားများ၊ ဝါဒမှိုင်းများ ရိုက်သွင်းကြသည်။

**ပြည်တွင်းက GZ နှင့် PDF ဘဝများ၊ အသက်များနှင့် တိုင်းပြည်အလုံးစုံပျက်စီးရေးကို အားထည့်ဖျက်ကြသည်။ ပြည်ပအထောက်အပံ့ခံ ဝါဒဖြန့်ချိရေးအဖွဲ့များသည် တိုင်းပြည်ပျက်စီးရေးကို တွန်းပို့နေသည့် အဓိကလက်သည်များဖြစ်သည်။ တစ်ဖက်လိုက်သတင်းများ၊ မမှန်မကန်သတင်းများဖြင့် တွန်းထုတ်ခဲ့ကြသည်။ ဇွန်လ ၃၀ ရက်ကို D-Day ဟု လှုံ့ဆော်စစ်ခေါ်ပေးခဲ့သည်။ D-Day သည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ပွဲကြီး စတင်သောနေ့ သင်္ကေတဖြစ်သည်။ ယခု D-Day သည် Dead-Day ရလဒ်ထွက်ခဲ့သည်။ အမှန်တကယ်တွင် စိတ်ကူးယဉ် D-Day ကို လက်တွေ့ဖြစ်အောင် ကြိုတင်ကြံစည်ထားခဲ့သည်။**

၂၀၂၀ ရွေးကောက်ပွဲအောင်နိုင်ရေးကို NLD လုပ်ဆောင်ခဲ့ရာ၌ ၎င်း၏ အန္တိမရည်မှန်းချက်သည် အဆုံးသတ်ဆုံးဖြတ်ချက် ဖြစ်ခဲ့လေသည်။ ၁၉၈၈ ခုနှစ်က ဆူပူဆန္ဒပြသူများ ကြွေးကြော်ခဲ့သည့် "ရလျှင်ရ မရလျှင်ချ" ထုံးနည်းကားအတိုင်း အာဏာရရေးကို ကြံသည့်အတိုင်း ဖြစ်မလာသောအခါ "အလုံးစုံ ဖျက်ဆီးရေး"ကို အားထုတ်တော့သည်။ စည်းရုံးသိမ်းသွင်းထားသော ဝန်းရံသူတို့အင်အားဖြင့် အမိုက်ဇာတ်ခင်းခဲ့ကြသည်။

**ယခုလည်း မြေပေါ်မြေအောက်၊ ပြည်တွင်း ပြည်ပ နှစ်ဖက်ညှပ်တိုက်ခဲ့သည်။ မြေပေါ်တွင် ဆူပူဆန္ဒပြမှုများ ပြုလုပ်နေချိန်တွင် တစ်ဖက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ NLD နှင့် NLD မှ မြှောက်ပင့်အားပေး ထောက်ပံ့ပေးသည့် အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆက်တိုက်လုပ်ကိုင်လာခဲ့သည်။ အကြမ်းဖက်သမားများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖမ်းဆီးရမိရသလို အကြမ်းဖက် အဖျက်သမားများ၏ လက်လုပ် သေနတ်၊ လက်လုပ်ဗုံးများအပါအဝင် လက်နက်ပစ္စည်းများ ပေါင်းစုလိုက်လျှင် ထောင်သောင်းချီနေလောက်ပြီ။**

**အဖျက်လုပ်ရပ်တားဆီး**

သက်သေသာဓကများဖြင့် ဆိုရပါလျှင် မတ်လ ၅ ရက်နေ့မှစ၍ အကြမ်းဖက်သမားများနှင့် ဖောက်ခွဲ ဖျက်ဆီးရေးပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။ ဧပြီလ ၂၉ ရက်တွင် KNLA တပ်မဟာ(၅)နယ်မြေအတွင်းရှိ ခင်ကျော်(UNRA)ထံမှ ဖောက်ခွဲရေးသင်တန်းတက်ရောက်၍ မြို့ပေါ်တက်လာသော အကြမ်းဖက်သမား ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။ မေလ ၁ ရက်တွင် ၃ ဦး၊ မေလ ၂ ရက်တွင် ၁၁ ဦး၊ မေလ ၁၃ ရက်မှ ၂၇ ရက်နေ့ အတွင်း NLD မှ သိန်းနိုင်နှင့်အဖွဲ့၊ ညီညီနှင့်အဖွဲ့ စသည့် ဆက်စပ် အဖွဲ့ ၂၁ ဖွဲ့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဇွန်လ ၆ ရက်တွင် မိတ္ထီလာမြို့နယ် ရွှေအုန်းပင်စားသောက်ဆိုင်ဝင်းအတွင်း မြေအောက်ခန်း၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းအမြောက်အမြား ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များအား ဖန်တီးပေးသည့် အဓိကလက်သည်တို့ကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန်လ ၁၈ ရက်တွင် ပေါင်မြို့စစ်ဆေးရေးဂိတ်၌ တိုင်းရင်းသားနယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် NUG အဖွဲ့မှ ရည်မွန်ထံသို့ အကြမ်းဖက် လုပ်ငန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရေး လိုအပ်သောညှိနှိုင်းမှုများ ပြုလုပ်ရန် သွားရောက်ခဲ့သည့် ခင်ကျော်ပါ လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံတို့ကို လက်နက်များနှင့်အတူ ဘီးလင်းမြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ခင်ကျော်၏ ထွက်ဆိုချက်များအရ သာကေတ၊ လှိုင်သာယာ၊ လှိုင်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့အတွင်းနှင့် ပဲခူး၊ သထုံ၊ ဘီးလင်းမြို့များတွင် လူသတ်သမား၊ အကြမ်းဖက်သမားများကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ကြံရာပါ တစ်သိုက်**

ထို့နောက် PDF အကြမ်းဖက်အဖွဲ့များကိုထောက်ပံ့နိုင်ရေးချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသူ ကိုကိုနိုင် (ခ) ဒေါန (အမေရိကန်နိုင်ငံသား၊ ဆိုရှယ်ဗီဇာဖြင့်နေထိုင်သူ)ကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂၄ ရက်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော တရားခံများ၏ ထုတ်ဖော်ချက်များအရ မန္တလေးတွင် ဖောက်ခွဲဖျက်ဆီး တိုက်ခိုက်ရေးလုပ်ရပ်များ ကျူးလွန်နေသူ PDF များအား ဇွန်လ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နေ့တို့တွင် လက်နက်များနှင့်အတူ အသေ၊ အရှင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ထွန်းတောက်နိုင်နှင့် အဖွဲ့ဝင်များ၏ ထွက်ဆိုချက်အရ NLD များ စီစဉ်ပေးမှုဖြင့် KIA ဌာနချုပ် လိုင်ဇာတွင် စစ်သင်တန်းတက်ရောက်ပြီး မြို့ပေါ်ပြန်လာကြသည့် PDF များအား ဖမ်းဆီးရမိခဲ့သည်။ ထိုမျှများပြားသော လက်နက်ပစ္စည်းများနှင့် စနစ်တကျလုပ်ကိုင်ပါက ကြောက်မက်ဖွယ်ရာကောင်းသည့် အန္တရာယ်ဆိုးကြီးနှင့် ကြုံတွေ့နိုင်ဖွယ်ရာရှိသည်။ ပြည်သူလူထုနှင့် ပူးပေါင်းနိုင်၍သာ အန္တရာယ်ဆိုးကြီးကို အချိန်မီတားဆီးနိုင်ခဲ့သည်။

**အထက်ပါဖြစ်စဉ်များတွင် အသွားစေခိုင်းသူ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ၊ ကြံရာပါ ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ)ဒေါန အပါအဝင်ကျူးလွန်သူ PDF ၁၇၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့သည် အဓိကကျပြီး အများအပြား ဖမ်းဆီးရမိသည့် အဖျက်လုပ်ရပ်များဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်ပြုလုပ်ကြသည့် ကျန်ကျူးလွန်သူများနှင့် လက်နက်ပစ္စည်းများလည်း ပေါင်းစုလိုက်လျှင် အမြောက်အမြား ရှိသေးသည်။**

**လူမိုက်နှင့် ချိတ်ဆက်**

တိုင်းရင်းသားလက်နက်ကိုင်နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ခြင်း၊ လက်နက်ခဲယမ်း ဝယ်ယူခြင်းနှင့်

*စာမျက်နှာ ၁၁ သို့*

## တပ်မတော်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့် စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ဆောင်ရွက်ပေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့ လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံ တပ်မတော်သားများက အောက်ဆီဂျင်အိုး ၅၆၆ လုံး၊ Surgical Mask ၂၈၀၁၆၂ ခု၊ Personal Protective Equipment(PPE) ဝတ်စုံ ၁၀ စုံ၊ Hand Gel ၄၇၉ ဘူး၊ Face Shield ၁၅၀၊ လက်ဆေးဆပ်ပြာရည် ၄ ပုံး၊ လက်အိတ် Surgical Gloves ၁၀၀၊ စက်သုံးဆီများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကိုသွားရောက်ပေးအပ်လှူဒါန်းနိုင်ခဲ့ပြီး ဆက်လက်ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့သစ်ရှိ အမျိုးသမီးကြီးတစ်ဦး သေဆုံးမှုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တပ်မတော်သား သုံးဦးအား စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး ထိရောက်ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်

**နေပြည်တော် ဇူလိုင် ၁၆**

ကချင်ပြည်နယ် ဗန်းမော်မြို့သစ် နွယ်လန်းကျေးရွာ နွယ်လန်းတပ်နယ်၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ အကွာ လယ်ကွင်းအနီး၌ ဇူလိုင် ၁၅ ရက်က အမျိုးသမီးတစ်ဦး ဓားဒဏ်ရာများဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ကျေးရွာများနှင့် နွယ်လန်းတပ်နယ် နယ်မြေခံတပ်များမှ တပ်ပြင်သို့ သွားရောက်ခဲ့သော စစ်သည်များကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်သည် သုံးဦးသည် ဇူလိုင် ၁၄ ရက်က တပ်ဌာနချုပ်ရှိရာ နွယ်လန်းမှထွက်ခွာခဲ့ပြီး တပ်၏အနောက်မြောက်ဘက် လယ်ကွင်းသို့ရောက်ရှိစဉ် အသက် ၅၀ နှစ်ခန့်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦးနှင့် စကားများရာမှ ဒေါသအလျောက် ဓားဖြင့်ထိုးခဲ့ပြီး ဓားကို ကျေးရွာအနီးရှိ ချောင်းအတွင်းသို့ ပစ်ချခဲ့ကြောင်းသိရှိရသည်။

အဆိုပါစစ်သည်သုံးဦးကို နယ်မြေခံတပ်တွင် ချုပ်နှောင်ထားရှိပြီး လူသတ်မှုနှင့် ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗန်းမော်မြို့နယ်ရဲစခန်းမှ အခြားပြစ်မှုဆိုင်ရာ ကျူးလွန်ခဲ့မှု ရှိ၊ မရှိကို သိရှိနိုင်ရေးအတွက် ရင်ခွဲစစ်ဆေးချက်အပြင် ဓာတုဝန်ရုံးသို့ လုပ်ထုံးလုပ်နည်း အချက်အလက်များ ပေးပို့ထားကြောင်းသိရသည်။

ဓာတုဝန်ရုံး၏ အဖြေရရှိမှုအပေါ်မူတည်၍ လူသတ်မှုအပြင် အခြားကျူးလွန်ပြစ်မှုကိုပါ ဆက်လက်စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်ခြင်းကို CRPH နှင့် NUG မှ NLD ရည်မွန်က စေခိုင်းခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် နေထိုင်သူ ထွန်းအောင်ကျော် (ABSDF) ဥက္ကဋ္ဌဟောင်း၊ အမေရိကန်နိုင်ငံတွင် နေထိုင်သူ အေးမင်းတို့က နိုင်ငံတကာနှင့်ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ၎င်းပါတီကို ဝန်းရံသူ၊ ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများကိုရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေသည်။ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖာပွန်မြို့နယ် လဲဝါကျေးရွာ၌ UNRA ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လမှ စတင်၍ ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်ခဲ့ပြီး NUG မှ လူမိုက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ကိုကိုနိုင် (ခ) ဒေါန (NDF အဖွဲ့၏ နိုင်ငံတကာဆက်သွယ်ရေးတာဝန်ခံ) သည် PDF သင်တန်းအတွက် လိုအပ်သောစစ်အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံမှ ထွန်းအောင်ကျော်၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ထွန်းအောင်ကျော်သည် NDF (National Defense Force) အား ဖွဲ့စည်း၍ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီရရှိရေးနှင့် NUG အဖွဲ့ဝင်များနှင့် ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လုပ်ငန်းများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

**အဖျက်စီမံချက်**

NLD လက်ပါးစေ NUG သည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်အတွက် အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်နေပြီး ပထမအဆင့်အနေဖြင့် သင်တန်းဆင်း PDF များ မြို့ပေါ်သို့ ပြန်ရောက်ပါက စက်ရုံ/အလုပ်ရုံများအား မီးရှို့/ဖောက်ခွဲ ဖျက်ဆီးခြင်းတို့အပြင် အုပ်ချုပ်ရေးမှူးများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဒေသအလိုက် PDF များသည် EAOs အဖွဲ့များနှင့် ပူးပေါင်း၍ တပ်ဌာနချုပ်များကို စီးနင်းတိုက်ခိုက်ခြင်း၊ တတိယအဆင့်အနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်လက်နက်များ လက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ခြင်းတို့ကို ကြံစည်ထားသည်။

**သို့သော် အကြံအစည် အထမမြောက်မီ ပျက်ပြုန်းကျဆုံးရလေသည်။ NUG ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူ ၁၈၉ ဦး သေဆုံးကာ မီးရှို့ဖျက်ဆီးခံရသော စာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ရဲစခန်း ၃၅ ခုရှိပြီး စာသင်ကျောင်းများ ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံး ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်း ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်း ဗုံးပေါက်ကွဲမှု အကြိမ် ၄၈၀ ရှိခဲ့သည်။ ယင်းတို့ကို နိုင်ငံတကာ မီဒီယာများက ဖော်ပြခဲ့ခြင်းမရှိပေ။**

စေခိုင်းသူ CRPH ၊ NUG နှင့် NLD နှင့် ပြည်တွင်း/ပြည်ပ အပေါင်းပါတို့၏ အကြမ်းဖက်ဖျက်ဆီးရေး လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများနှင့် အများပြည်သူအဆောက်အအုံများ ပျက်စီးခဲ့ရသော်လည်း မကောင်းမှုဟူသည် ကြာရှည်ခံရိုး ထုံးစံမရှိဆိုသကဲ့သို့ အကြမ်းဖက်အဖျက်သမား လူ၊ လက်နက်များ လုံးဝရေစုန်မျောခဲ့ရသည်။ မကောင်းမှုကို တာစူ၍မရ ပြိုကွဲခဲ့ရသည်။ အာဏာပြန်လည် လိုချင်မက်မောသော စိတ်ကူးယဉ်အိပ်မက်များဖြင့် သူတစ်ပါး အထောက်အပံ့များနှင့် အထောက်အပံ့ပေးသည့် လက်နက်များကို အားကိုးခဲ့ကြသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို အနိုင်ကျင့်ဗိုလ်ကျသတ်ဖြတ်ပြီး နိုင်ငံခြားသား၊ မျက်နှာဖြူ မျက်နှာမည်း နယ်ချဲ့လက်သစ်များကို ဆရာတင်သည့် စီမံပုံအလွဲအမှားများအား ပြည်သူတို့ နားလည်လာကြသည်။ ရှောင်ဖယ်လက်မခံကြတော့ပါ။

တိုင်းပြည်နှင့် လူမျိုးကို မီးလောင်တိုက်သွင်းကာ ဖျက်ဆီးဖို့ သက်သက် ယုတ်မာရက်စက်သည့် ကြံစည်ချက်များ ဖြစ်သည်။ ယခုအခါ တိုင်းပြည်ဖျက်ဆီးနေသူများကို အပြီးတိုင် ချေမှုန်းနေပြီဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးအားလုံး အမြန်ဆုံးအေးချမ်းလုံခြုံလိုပါက သတင်းမှန်သိရသမျှကို သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ကြစေလိုပါသည်။ ဤတာဝန်သည် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားမပျက်စီးရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်လုပ်ဆောင်ရမည့် အဓိကအချက်ပင်ဖြစ်သည်။ ပြည်သူလူထုပူးပေါင်းကူညီမှုဖြင့် အကြမ်းဖက်အဖျက်အန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်မှာ ပြည်သူလူထုအကျိုးစီးပွားအတွက်ပင်ဖြစ်ပါသည်။

အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့်
အဟောင်းအသစ်၊ ဖြစ်ပျက်ခြင်းမှာ
ဤလူ့ရွာ၌
ထင်လာနိမိတ်၊ ကြေးမုံရိပ်ဝယ်
အစိပ် အကျဲ၊ အမည်း အဖြူ
အပူ အအေး၊ နီး, ဝေး, ထက်, အောက်,
ဖျောင့်, ကောက်, တွင်း, ပြင်၊ ပီပီထင်၏။
ဆင်ခြင် တွေးဆ၊ သိလိုက်ရသော်
လောကအမြင် ရှင်းလိမ့်မည်။ ။

လေးမြိုင် (၂၀၀၄ တစ်သက်တာ စာပေဆုရှင်)

ဆရာကြီး ဦးလေးမြိုင် ဖွဲ့ဆိုခဲ့သော အထက်ပါ စာချိုးလေးကဲ့သို့ပင် အကျိုးအကြောင်း အဆိုးအကောင်းတို့ကို ပြည်သူအများ အမှန်သိထားပါက အဖျက်သမားများ ခိုစရာနေရာမရှိပေ။ ထိုအခါ နိုင်ငံအဝန်း အေးချမ်းပါဘိ။ ပြည်တွင်းသစ္စာဖောက်လောက်ကောင်များ ဖယ်ရှားရှင်းလင်းလိုက်ပါက ပြည်ပရန်စွယ် ဝင်လာနိုင်ဖွယ်မရှိပေ။ "ပြည်သူ့စွမ်းအား အထူးကြီးမား" သည်ဟု ဆိုချင်ပါသည်။ ။

**သို့သော် အကြံအစည် အထမမြောက်မီ ပျက်ပြုန်းကျဆုံးရလေသည်။ NUG ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံအတွင်းအပြစ်မဲ့ပြည်သူ ၁၈၉ ဦးသေဆုံးကာ မီးရှို့ဖျက်ဆီးခံရသော စာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း / ရဲစခန်း ၃၅ ခုရှိပြီး စာသင်ကျောင်းများ ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံး ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း / ရဲစခန်း ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်းဗုံးပေါက်ကွဲမှုအကြိမ် ၄၈၀ ရှိခဲ့သည်။ ယင်းတို့ကို နိုင်ငံတကာမီဒီယာများက ဖော်ပြခဲ့ခြင်း မရှိပေ**

## ရခိုင်ပြည်နယ် သမဝါယမမိသားစုများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်မိသားစုများက ကိုဗစ်-၁၉ကာလအတွင်း ဒေသခံပြည်သူများ ရောဂါပိုး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ရွှေရောင်မေတ္တာဖောင်ဒေးရှင်းလူမှုရေးအဖွဲ့အစည်းသို့ Oxygen ငါးအိုးနှင့် Flowmeter ငါးလုံးတို့အတွက် အလှူငွေကျပ် ၆၂၅၀၀၀ လှူဒါန်းခဲ့သည်။

ထို့ပြင် တောင်ကုတ်မြို့နယ်သမဝါယမဝန်ထမ်းမိသားစုများနှင့် အစိုးရအမှုထမ်းများ၊ ငွေစုငွေချေးသမဝါယမအသင်းသားများမှ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ Oxygen ငါးလုံးအတွက် အလှူငွေကျပ် ၇၅၀၀၀၀ နှင့် လေအိုးအစုံ နှစ်လုံးအတွက် အလှူငွေကျပ် ၅၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သမဝါယမဦးစီးဌာန**

# ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရတဲ့သူတွေအနေနဲ့ ထိုးနှံဖို့ရပြီဆိုတာနဲ့ မပျက်မကွက်ထိုးနှံပါ ကာကွယ်ဆေးထိုးနှံပြီးတဲ့သူရော၊ မထိုးနှံရသေးတဲ့သူရော ကိုဗစ်စည်းကမ်းတွေကို အထူးဂရုစိုက်လိုက်နာပါ

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ပြန်လည်ဖြစ်ပွားလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ် ၇၄ မြို့နယ်ကို Stay at Home အဖြစ် သတ်မှတ်ထားသည်။ ကိုဗစ်-၁၉ ရောဂါ ပြန်လည် ဖြစ်ပွားမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်ကြီးနှင့် ဆက်သွယ်မေးမြန်းထားသည်များကို ပြည်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်။

**မေး ။ ။ အခုတတိယလှိုင်းမှာ ဖြစ်ပွားမှုနှုန်း များလာတဲ့အပေါ် ဝန်ကြီးဌာနအနေနဲ့ ကာကွယ်ထိန်းချုပ်နိုင်အောင် ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတဲ့ အစီအစဉ်တွေကို ပထမဆုံး သိရှိပါရစေ။**

ဖြေ ။ ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုက နေ့စဉ်မြင့်တက်နေပါတယ်။ စစ်ဆေးနိုင်မှုတွေများလာတာနဲ့ တစ်ပြိုင်တည်းမှာ ပိုးတွေ့လူနာလည်း တက်လာပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပိုးတွေ့မှုအများဆုံးကို ကြည့်မယ်ဆိုရင် ဇူလိုင်လ ပထမနှစ်ပတ်အတွင်း ပဲခူးတိုင်းဒေသကြီးကတော့ ပိုးတွေ့မှု အများဆုံး၊ ဒုတိယက ရန်ကုန်တိုင်းဒေသကြီး၊ တတိယက ဧရာဝတီတိုင်းဒေသကြီးနဲ့ စတုတ္ထက စစ်ကိုင်းတိုင်းဒေသကြီးပါ။

အခုလက်ရှိအနေအထားအရ လောက်ကိုင်ကတော့ ပိုးတွေ့လူနာအများဆုံး၊ ဒုတိယကတော့ ပုသိမ်၊ တတိယကတော့ မင်္ဂလာဒုံမြို့နယ်ဖြစ်ပါတယ်။ ဒီလို ပိုးတွေ့မှုမြင့်တက်လာတာနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးကိုလည်း ပိုပြီးတင်းတင်းကျပ်ကျပ် ဆောင်ရွက်လာရပါတယ်။

ဒီနေရာမှာ ပိုးတွေ့တဲ့သူ သံသယလက္ခဏာရှိပြီဆိုတာနဲ့ ကိုယ်နေထိုင်ရာ ဒေသန္တရ မြို့နယ်ကျန်းမာရေးဌာနကို ဆက်သွယ်ရမှာဖြစ်ပါတယ်။ အဲဒီကို ဆက်သွယ်လိုက်ရင် ဘယ်မှာသွားပြီးတော့ စစ်ဆေးရမလဲဆိုတာကို ပြောမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်မှာ စစ်ဆေးနိုင်တဲ့ နေရာ ၉ နေရာ၊ အနောက်ပိုင်းခရိုင်မှာ ၆ နေရာ၊ တောင်ပိုင်းခရိုင်မှာ ၉ နေရာ၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ၈ နေရာမှာ စစ်ဆေးနိုင်အောင် လုပ်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ စုစုပေါင်း စစ်ဆေးနိုင်တဲ့နေရာ ၃၂ နေရာရှိပါတယ်။ ပြီးတော့ လမ်းမတော်၊ လသာ၊ ကျောက်တံတားနဲ့ ပန်းဘဲတန်းမြို့ထဲမှာဆိုရင် မြို့နယ်ကျန်းမာရေးဌာနရုံးက နေရာအခက်အခဲရှိတဲ့အတွက်ကြောင့် သူနာပြုတက္ကသိုလ်ရန်ကုန်မှာ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးမှူး ထောက်ခံချက်နဲ့ ကိုဗစ် သံသယလက္ခဏာ ရှိတဲ့သူတွေ၊ စစ်ဆေးချင်တဲ့သူတွေကို စစ်ဆေးပေးတာတွေရှိပါတယ်။ ပိုးမတွေ့ဘူးဆိုရင်တော့ အိမ်မှာပဲ Home Quarantine နေဖို့အတွက် ဆက်လက်ညွှန်ကြားပါတယ်။

Positive ဆိုရင်တော့ လူနာရဲ့ ကျန်းမာရေးအခြေအနေအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာ ကိုဗစ်စင်တာတွေကို ညွှန်းပို့မှာဖြစ်ပါတယ်။ ရောဂါလက္ခဏာပြင်းထန်ရင်တော့ ဆေးရုံကြီးတွေကို ချက်ချင်းလွှဲပြောင်းပြီးတော့ ကုသပေးမယ်။ ဒီလိုနည်းအားဖြင့် ဆောင်ရွက်ပါတယ်။

ရန်ကုန်တိုင်းမှာဆိုရင် Treatment Center တွေ တိုးချဲ့ဆောင်ရွက်နေတာတွေရှိပါတယ်။ ရိုးမရိပ်သာဆိုရင် လူနာ ၁၉၂၀ ရရှိနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ ဇူလိုင် ၁ ရက်နေ့က ဖွင့်လှစ်တာဖြစ်တယ်၊ လူ ၁၀၀၀ စာကတော့ အဆင်သင့်ဖြစ်နေပါတယ်။ အခုပြောတဲ့ဟာတွေကတော့ ကုသရေးစင်တာ ဖြစ်ပါတယ်။ ရောဂါလက္ခဏာမဆိုးတဲ့သူတွေကိုကုဖို့ လှိုင်စင်တာမှာ လူ ၅၀၀၊ အသင့်အတင့်ရောဂါလက္ခဏာရှိတဲ့သူတွေကုဖို့ အင်းယားစင်တာမှာ လူ ၅၀၀ အောက်ဆီဂျင်ကိုလည်း ခုတင် ၁၀၀ စာအတွက် ပြင်ဆင်ထားပါတယ်။ MCC မှာလည်း ရောဂါလက္ခဏာ မဆိုးတဲ့လူတွေ အသင့်အတင့်ရှိတဲ့လူတွေထားတာ ဖြစ်ပါတယ်။ ကိုဗစ်လူနာ Positive သုံးထောင်ကျော်ထားဖို့ ပြင်ထားပါတယ်။ အခုနောက်ပိုင်းမှာ ထပ်တိုးချဲ့တာနဲ့ဆိုရင် ကိုဗစ်လူနာတွေ လေးထောင်ကျော်အတွက် ပြင်ဆင်ထားပါတယ်။

သက်ဆိုင်ရာ မြို့နယ် ကိုဗစ်ကော်မတီကြီးကြပ်မှုနဲ့ Quarantine Centre တွေ လုပ်ထားတာတွေရှိပါတယ်။ ဒီနေရာမှာ ပြည်သူတွေသိရမှာက Quarantine Centre ဆိုဟာ ရောဂါပိုးတွေ့ရှိတဲ့သူတွေနဲ့ ထိတွေ့မှုရှိနိုင်တဲ့အတွက်ကြောင့် ထားတာဖြစ်ပါတယ်။ သူတို့ဟာ ရောဂါပိုးရှိနေနိုင်တယ်လို့ ယူဆပြီးတော့ သူတို့ကို စစ်ဆေးမယ်၊ စစ်ဆေးလို့ ပိုးမတွေ့လည်း လိုအပ်ချက်အရ Quarantine Centre မှာ သတ်မှတ်ရက်အတိုင်း ထားရှိရတာ ဖြစ်ပါတယ်။ ဒါကို ပိုးတွေ့လူနာနဲ့ မရောထွေးစေချင်ပါဘူး။



ဒေါက်တာ ခင်ခင်ကြီး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး)

**မေး ။ ။ ကိုဗစ် ကူးစက်မှုဟာ လျင်မြန်တဲ့အတွက် Double Mask တပ်ဖို့ ပြောဆိုနေကြတာတွေလည်း ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း အသိပညာမျှဝေ ပေးစေလိုပါတယ်။**

ဖြေ ။ ။ Double Mask တပ်ဖို့ တချို့နေရာတွေမှာ နှိုးဆော်တာတွေလည်း ရှိပါတယ်။ အဓိကကတော့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ဖို့ဆိုတာ နည်းလမ်းပေါင်းစုံရှိပါတယ်။ အဲဒီထဲမှာမှ Mask တပ်တယ်ဆိုတာကတော့ ကိုဗစ်-၁၉ ကာကွယ်ဖို့ အချက်တွေထဲက တစ်ချက်ဖြစ်တယ်။ Mask တပ်ရုံနဲ့ မလုံလောက်ဘူး။ လက်ကို သန့်ရှင်းအောင်ထားမယ်၊ လက်ကို မကြာခဏဆေးမယ်၊ လူစုလူဝေးရှောင်မယ်၊ တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးနေမယ်၊ ချောင်းဆိုး၊ နှာချေ အုပ်ဆိုးမယ် ဒါတွေကို လိုက်နာရမှာဖြစ်ပါတယ်။ ဒါဟာ ပြည်သူ့ကျန်းမာရေး ရောဂါကူးစက်မှုကနေ ကာကွယ်လျှော့ချဖို့အတွက် နည်းလမ်းတစ်ခုသာ ဖြစ်ပါတယ်။ Mask တွေက အဝတ် Mask ၊ Surgical Mask ၊ KN 95 ဆိုပြီး အမျိုးမျိုးရှိတယ်။

Double Mask တပ်တာ ကောင်းကျိုးနှစ်ချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ Double Mask တပ်လိုက်တဲ့အတွက် မျက်နှာနဲ့ Mask ဟာ အံဝင်ခွင်ကျဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ နှစ်ထပ်တပ်လိုက်တဲ့အတွက် ရောဂါပိုးမွှားတွေကို စစ်ထုတ်နိုင်စွမ်းပိုများပါတယ်။ နှစ်ထပ်တပ်ဖို့ CDC က ဘယ်လိုပြောထားသလဲဆိုတော့ Surgical Mask ကိုတပ်ပြီးတော့မှ အပေါ်မှ အဝတ် Mask ကို တပ်ပါလို့ ပြောထားပါတယ်။ WHO အနေနဲ့ကတော့ နှစ်ထပ်တပ်ဖို့ကိစ္စကိုတော့ သေသေချာချာ ညွှန်းထားတာတော့ မရှိပါဘူး။ အမျိုးအစားတူတဲ့ Mask ကို နှစ်ထပ်တပ်လို့ မရပါဘူး။ KN 95 ၊ N 95 Mask တွေကို အခြား Mask တွေနဲ့ ရောတပ်လို့ မရပါဘူး။ သူတို့ကျတော့ တစ်ထပ်တည်းပဲ တပ်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ တပ်မယ်ဆိုရင် အပြင်မထွက်ခင် ကိုယ့်အိမ်မှာ အရင်စမ်းပြီးတော့ တပ်ကြည့်ပါ။ ကိုယ်အသက်ရှူရတာ ကောင်းရဲ့လား၊ ကိုယ်အားစိုက်ပြီးတော့ အသက်ရှူနေရသလား စသဖြင့် စမ်းသပ်ဖို့လိုပါတယ်။ Mask တစ်ထပ်တည်းတပ်ရုံနဲ့ ကာကွယ်မှု ကောင်းကောင်းကြီး ရပါတယ်လို့ ပြောပါတယ်။

Double Mask ကို ဘယ်ချိန်မှာ တပ်လို့ရမလဲဆိုရင် ဈေးဝယ်ထွက်တဲ့အခါတွေမှာ တပ်သင့်ပါတယ်။ လူတွေနဲ့ အများကြီး ထိတွေ့မှုတွေ ဖြစ်နိုင်ပြီးတော့ အဲဒီလူတွေထဲမှာ ရောဂါပိုးရှိပြီးတော့ ရောဂါလက္ခဏာမပြတဲ့သူတွေလည်း ရှိနိုင်ပါတယ်။ ရောဂါလက္ခဏာရှိပြီးတော့ လျှောက်သွားတဲ့သူတွေလည်း ရှိတဲ့အတွက်ကြောင့်မို့ တပ်သင့်ပါတယ်။

နောက်တစ်ခါ ကိုယ်နေမကောင်းလို့ ဆရာဝန်သွားပြတဲ့ အခါမျိုးတွေ၊ လေယာဉ်၊ ရထား၊ ကားတို့နဲ့ သွားလာတဲ့အခါမှာ ဆိုရင်၊ အပြင်ထွက်မယ်ဆိုရင် တပ်သင့်ပါတယ်။ နောက်တစ်ခုက တစ်ယောက်နဲ့တစ်ယောက် နီးကပ်မှုရှိနေတဲ့ လုပ်ငန်းမျိုး၊ အလုပ်မျိုး၊ ဒီလို လုပ်ငန်းခွင်တွေဆို တပ်သင့်ပါတယ်။ အဓိကကတော့ လူတိုင်း Double Mask တပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုး မဟုတ်ပါဘူး။ Mask တစ်ထပ်တည်း တပ်ရင် ရာခိုင်နှုန်း ၅၀ ကျော်နဲ့ ၆၀ အကြား ကာကွယ်တယ်။ Mask နှစ်ထပ်တပ်ရင် ၈၀ ရာခိုင်နှုန်းကျော် ကာကွယ်တယ် စသဖြင့် ဒါတွေက စမ်းသပ်မှုကနေ လုပ်ထားတာဖြစ်ပါတယ်။ Mask တစ်ထပ်ကိုပဲ သေသေချာချာ စနစ်တကျ သေချာတပ်မယ်ဆိုရင် ကာကွယ်မှုရပါတယ်။

ကိုယ်က Mask နှစ်ထပ်တပ်ထားတယ်၊ လုံခြုံတာပဲဆိုပြီး ရောဂါပိုးကူးစက်နိုင်တဲ့အခွင့်အလမ်းတွေကို လုပ်မိသလိုမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့ Mask နှစ်ထပ်တပ်သင့်သလား ကိစ္စကတော့ နှစ်ထပ်တပ်ရင်တော့ ကောင်းပါတယ်၊ သို့သော် ပုံမှန်အားဖြင့် တစ်ထပ်တည်းနဲ့ လုံလောက်ပါတယ်။

**မေး ။ ။ ကာကွယ်ဆေးအနေနဲ့ ရုရှားနဲ့ တရုတ်ကနေ ၇ သန်း ရောက်မယ်လို့ သိရှိရတဲ့အတွက် ပြည်သူတွေကို ဘယ်လိုထိုးနှံပေးသွားမယ်ဆိုတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ စတုတ္ထအပတ်ထဲမှာ ကာကွယ်ဆေး ၁ သန်းရောက်ဖို့ရှိပါတယ်။ နောက်လ ပထမပတ်မှာ ကာကွယ် ဆေး ၃ သန်းရောက်ဖို့ ရှိပါတယ်။ စုစုပေါင်းအနေနဲ့ ကာကွယ်ဆေးက ရှေ့အပတ်နဲ့ လကုန်ပြီးတာနဲ့ ၄ သန်းလောက် ရဖို့ရှိပါတယ်။ ဩဂုတ်လမကုန်ခင်မှာ နောက်ထပ် ၂ သန်း ထပ်ရောက်ဖို့လည်း ရှိပါတယ်။ ကျွန်မတို့ ဝယ်ထားတာ ၄ သန်းဖြစ်ပါတယ်။ နောက်ထပ် ၂ သန်းကတော့ လှူဒါန်းတာဖြစ်ပါတယ်။ ဩဂုတ်လ ပထမပတ်နဲ့ မကုန်ခင်လောက်မှာတင် ၆ သန်း ရရှိနိုင်ဖွယ်ဖြစ်ပါတယ်။ ဒါဆိုရင်တော့ လူဦးရေ ၃ သန်းကို ကာကွယ်နိုင်မယ့် အာနိသင်ရမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေရလာပြီဆိုတာနဲ့ အမြန်ဆုံးထိုးနှံဖို့အတွက်လည်း အခုကတည်းက ကာကွယ်ဆေးတွေကို ဘယ်လိုလူတွေကို ထိုးနှံပေးမယ်။ ထိုးနှံပေးမယ့်သူတွေကို သက်ဆိုင်ရာ တိုင်းနဲ့ ပြည်နယ် မြို့နယ်အလိုက် ဘယ်လိုတွေ စာရင်းကောက်ယူမယ် စသည်ဖြင့် ဒါမျိုးတွေကအစ စီစဉ်ဆောင်ရွက်နေပါပြီ။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ အိုင်တီနည်းပညာသုံးပြီး ဆောင်ရွက်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ကူးစက်ခံရမှုများနိုင်တဲ့သူတွေ၊ ကူးစက်ခံရရင် သေဆုံးနိုင်တဲ့အထိ ရောဂါပြင်းထန်တဲ့သူတွေ၊ အများနဲ့ ဆက်ဆံရတဲ့သူတွေကို ဦးစားပေးထိုးနှံမှာ ဖြစ်ပါတယ်။ အသက်ကြီးတဲ့သူတွေ၊ ဘဏ်တွေ၊ စက်ရုံအလုပ်ရုံတွေမှာလုပ်တဲ့ ဝန်ထမ်းတွေ သူတို့က အများနဲ့ ဆက်ဆံနေရတယ်။ အများနဲ့ဆက်ဆံနေရတဲ့အတွက်ကြောင့် ဦးစားပေးထိုးနှံမယ်။

ဒ့ါအပြင် ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍမှာ ဆောင်ရွက်နေတဲ့ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ သူတို့ကိုလည်း ဦးစားပေးထိုးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကိုဗစ်ကာကွယ်ကုသရေးမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ Volunteer တွေ၊ ဒ့ါအပြင် ရောဂါဖြစ်ပွားလို့ရှိရင် အစုလိုက်အပြုံလိုက်ဖြစ်ပွားမှု ဖြစ်စေနိုင်တဲ့ အကျဉ်းထောင်တွေ၊ ဘိုးဘွားရိပ်သာတွေကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ယေဘုယျအားဖြင့် ပြောပြတာပါ။ စနစ်တကျ ထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံသားတွေအတွက် ကာကွယ်ဆေးကို ဘယ်လိုရွေးချယ်တယ်ဆိုတာလဲ သိချင်ပါတယ်။**

ဖြေ ။ ။ အချက် ၃ ချက်နဲ့ ကြည့်ပါတယ်။ ပထမအချက်ကတော့ WHO က အရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေလား၊ နံပါတ်နှစ်အချက်ကတော့ ထုတ်လုပ်တဲ့နိုင်ငံကနေ Food and Drug Administration ခွင့်ပြုထားတဲ့ ကာကွယ်ဆေးလား၊ နံပါတ်သုံးအနေနဲ့ကတော့ ထုတ်လုပ်တဲ့နိုင်ငံကနေ အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးလား ဆိုတာပါ။ ဒီအချက် သုံးချက်မှာ တစ်ခုခုနဲ့ကိုက်ညီမှသာ မြန်မာနိုင်ငံက ပြည်သူတွေအတွက် အသုံးပြုတဲ့ ကာကွယ်ဆေးအဖြစ် ရွေးချယ်တာ ဖြစ်ပါတယ်။ လက်ရှိမှာ WHO က အရေးပေါ်အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးကတော့ ၈ မျိုး ရှိပါတယ်။

ကာကွယ်ဆေးက လူ ၁၀၀ ထိုးရင် ၁၀၀ လုံးမှာ ကာကွယ်နိုင်မှုမရဘူးလား၊ ကာကွယ်နိုင်မှုမရပါဘူး၊ ဘယ်ကာကွယ်ဆေးမှ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်ဆိုတာ မရှိပါဘူး။ ဥပမာ နှစ်စဉ်ထိုးနေကျ ရာသီတုပ်ကွေး ကာကွယ်ဆေးဆိုရင် ၅၀ ရာခိုင်နှုန်းဝန်းကျင်ပဲ ကာကွယ်နိုင်ပါတယ်။ ဒါလေးကို သိဖို့လိုပါတယ်။

ကာကွယ်ဆေးထိုးထားတဲ့သူအနေနဲ့ ရောဂါပိုး ကူးစက်မခံရဘူးလားဆိုရင် ကူးစက်ခံရနိုင်ပါတယ်။ သို့သော် ကူးစက်ခံရပေမယ့် ရောဂါပြင်းထန်စွာ မခံစားရခြင်း၊ ဆေးရုံတက်ရောက်ရခြင်းတွေကနေ ရှောင်လွှဲနိုင်တယ်။ သေဆုံးမှုအထိ မဖြစ်နိုင်ပါဘူး။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ဒါနဲ့ပတ်သက်လို့ WHO ကနေ အချက် ၄ ချက်နဲ့ ပြောထားပါတယ်။ အခုလက်ရှိမှာ ကိုဗစ်–၁၉ ကမ္ဘာပေါ်မှာ ကူးစက်ပျံ့ပွားမှုများနေတယ်။ အဓိကအကြောင်း ၄ ချက်မှာ နံပါတ် ၁ အချက်က ဗီဇမျိုးကွဲတွေ ထွက်ပေါ်လာလို့လည်း ဖြစ်ပါတယ်။ နံပါတ် ၂ ကတော့ တစ်နှစ်ကျော် တစ်နှစ်ခွဲလောက် ဖြစ်လာတဲ့အခါမှာ လူတွေက ငြီးငွေ့လာကြတယ်၊ စည်းကမ်းတွေလိုက်နာမှု အားနည်းလာတယ်။ Social Mixing တစ်ယောက်နဲ့တစ်ယောက် ပူးကပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် အုပ်စုဖွဲ့စားသောက်တာ ပြောဆိုတာ၊ ခရီးတွေ သွားတာလာတာတွေကလည်း များလာတဲ့အတွက် ပိုးကူးစက်သူ တစ်ယောက်ရှိတယ်ဆိုရင် ဒီတစ်ယောက်ကနေ တခြားလူကို ကူးစက်နိုင်တဲ့ပမာဏ လူဦးရေကလည်း များလာတယ်။

နံပါတ် ၃ အချက်အနေနဲ့ ပြည်သူတွေက ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်တဲ့ စည်းကမ်းတွေကို လိုက်နာမှုအားနည်းတာပါ။ ဥပမာဆိုရင် အခု Stay at Home မြို့နယ်တွေ သတ်မှတ်ထားပါတယ်။ Stay at Home မြို့နယ်တွေဆိုရင် အိမ်မှာပဲနေပါ။ နေပါဆိုပေမယ့် အုပ်စုဖွဲ့ ထွက်တာမျိုးတောင်ရှိနေတယ်။ ဒါတွေဟာ ရောဂါပြန့်ပွားမှု၊ ဖြစ်ပွားမှုကိုများစေတဲ့ အကြောင်းရင်းဖြစ်ပါတယ်။

နံပါတ် ၄ အချက်ကတော့ ကာကွယ်ဆေးရရှိမှု မညီမျှတာပါ။ ချမ်းသာတဲ့နိုင်ငံက သူ့တို့နိုင်ငံရဲ့ လူဦးရေ နှစ်ဆလောက်ကာကွယ်ဆေးတွေဝယ်ထားပြီးတော့ ပိုလျှံလို့တောင် အခြားနိုင်ငံတွေကို ပေးပို့နေရတယ်။ သူတို့နိုင်ငံတွေမှာလည်း ကာကွယ်ဆေးထိုးနှံမှုက ၅၀ ရာခိုင်နှုန်းကျော်တွေ ရှိလာပြီ။ ဒီလိုအခြေအနေမှာ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးမှုအားနည်းတဲ့ နိုင်ငံတွေမှာ ကာကွယ်ဆေးရရှိမှု ၁ ရာခိုင်နှုန်းတောင် မရှိပါဘူး။ အဲဒီလို ကာကွယ်ဆေးရရှိမှုမညီမျှတာကြောင့် ရောဂါဖြစ်ပွားမှု၊ အစုလိုက် အပြုံလိုက်ဖြစ်ပွားမှု ရှိနေဆဲဖြစ်တာလို့ WHO က ပြောထားပါတယ်။

ဒါကြောင့်မို့ ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရတဲ့သူတွေအနေနဲ့ ထိုးနှံဖို့ရပြီဆိုတာနဲ့ မပျက်မကွက်ထိုးနှံပါလို့ ပြောချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကာကွယ်ဆေးထိုးနှံပြီးတဲ့သူရော၊ မထိုးနှံရသေးတဲ့သူရော ကိုဗစ်စည်းကမ်းတွေကို အထူးဂရုစိုက်ပြီးတော့ လိုက်နာပါ။ ဒီစည်းကမ်းတွေကို ဘယ်သူ့အတွက်ဆိုရင် မိမိအတွက်၊ ပြည်သူတွေအတွက်ပါပဲ။ စည်းကမ်းနဲ့အညီ လိုက်နာမှသာ မကူးစက်တော့မှာပါ။

**မေး။ ။ တချို့က Positive လူနာတွေကို ပြန်လွှတ်တယ်ဆိုပြီး ပြောဆိုနေကြတာလည်း ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူတွေစိုးရိမ်မှုမဖြစ်ပေါ်စေဖို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း Stay at Home မြို့နယ် ၇၄ မြို့နယ်ကို လိုအပ်ချက်ပေါ်မူတည်ပြီးတော့ ထုတ်ပြန်ပါတယ်။ Stay at Home မြို့နယ်တွေဟာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ လိုက်နာရမှာဖြစ်ပါတယ်။ ဒီနေရာမှာ Stay at Home မြို့နယ်တွေဟာ Lock Down မဟုတ်ပါဘူး။ ဒါလေးကိုလည်း သိဖို့လိုပါတယ်။ လူတွေအတွက် လိုအပ်တဲ့အခြေခံအချက်တွေကတော့ ဆောင်ရွက်ဖို့အတွက် ခွင့်ပြုထားပါတယ်။

တည်ငြိမ်မှုကိုမလိုလားတဲ့ ဝိသမလောဘသမားတွေ ရှိပါတယ်။ ဆေးဆိုင်တွေပိတ်တယ်စသဖြင့် သတင်းမှားတွေဖြန့်ပြီး အခွင့်အရေးယူချင်တဲ့သူတွေရှိပါတယ်။ ကျွန်မတို့ ဆေးဆိုင်တွေ၊ ဆေးခန်းတွေ မပိတ်ခိုင်းပါဘူး။ Stay at Home မြို့နယ်တွေကလည်း Stay at Home စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အထဲမှာ ၇၄ မြို့နယ် Stay at Home ထုတ်တာဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့ ၂၅၆ မြို့နယ်ကလည်း ချမှတ်ထားတဲ့ စည်းကမ်းချက်တွေကို အတိအကျလိုက်နာဖို့လိုပါတယ်။

ပိုးတွေ့လူနာတွေ သံသယလက္ခဏာ မိမိမှာရောဂါလက္ခဏာတွေ ခံစားနေရတယ်ဆိုရင် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ လူနာကိုယ်တိုင် ဆက်သွယ်စရာမလိုပါဘူး။ လူနာမိသားစုဝင်တွေက ဖုန်းနဲ့ဖြစ်ဖြစ် ဒါမှမဟုတ် တခြားတစ်ယောက်ယောက်ကို ဆက်သွယ်ခိုင်းပြီးတော့ရပါတယ်။ လိုအပ်တဲ့ လမ်းညွှန်ချက်တွေပေးပြီးတော့ စစ်ဆေးပြီးလို့ ပိုးတွေ့ရင်လည်း တွေ့တဲ့အလျောက် ဆေးကုသရေးစင်တာတွေ၊ လိုအပ်ရင် ဆေးရုံတွေကို ပို့သကုသပေးမှာဖြစ်ပါတယ်။

ဒီရောဂါသည် ကမ္ဘာ့ကပ်ရောဂါဖြစ်တယ်။ ရောဂါဖြစ်တဲ့သူကို ကုသရုံနဲ့ မပြီးဘူး၊ ရောဂါဖြစ်တဲ့သူတွေနဲ့ ထိတွေ့မှုရှိတဲ့သူတွေကို လိုအပ်တဲ့ စစ်ဆေးမှုတွေ၊ Quarantine တွေ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ရမှာ ဖြစ်တယ်လို့ ညွှန်ကြားထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆေးရုံကို တိုက်ရိုက်သွားဖို့ထက်စာရင် အဆင့်အတိုင်းသွားဖို့လိုပါတယ်။ ဒီနေရာမှာလည်း တချို့တွေက အိမ်မှာပဲ ကျိတ်ကုပြီးတော့ ဆိုးလာမှ ဆေးရုံသွားတာမျိုးတွေ မဖြစ်သင့်ပါဘူး။

ဒီနေရာမှာ ဆေးရုံတက်ပေမယ့် ဆေးရုံကလက်မခံဘူးစသဖြင့် ဒါမျိုးတွေလည်း ကြားရပါတယ်။ တချို့တွေဆိုရင် မလိုအပ်ဘဲ အောက်ဆီဂျင်ဘူးတွေ ဝယ်ယူထားတယ်။ ဒီနေရာမှာ ရောဂါရဲ့ သဘောသဘာဝကို သိမယ်ဆိုရင် ဒီလောက်ထိ စိုးရိမ်စရာမလိုဘူးဆိုတာကို သိစေချင်ပါတယ်။

ကိုယ့်ဘာသာ ကိုယ်အိမ်မှာ အောက်ဆီဂျင်ပေးလို့မရပါဘူး။ အောက်ဆီဂျင်ပေးတယ်ဆိုတာ ကျန်းမာရေးဝန်ထမ်းက လူနာရဲ့အသက်အရွယ်၊ ခံနိုင်ရည်၊ သူ့ရဲ့ နောက်ခံရောဂါ၊ လက်ရှိ ခံစားနေရတဲ့အနေအထား၊ လက်ရှိသူ့ထဲမှာရှိနေတဲ့ အောက်ဆီဂျင် Level ၊ သူ့သွေးထဲမှာ တခြားသော ဓာတ်တွေရဲ့ သဘောသဘာဝ ဒါတွေအကုန်လုံးကို ချိန်ညှိပြီးတော့မှ လိုအပ်သလောက် ပေးရတာဖြစ်ပါတယ်။

ဒီနေရာမှာ ရောဂါပိုးကပ်တွယ်ခံရတဲ့သူတွေ ကူးစက်ခံရတဲ့သူတွေ ၈၀ ရာခိုင်နှုန်းဟာ ရောဂါလက္ခဏာမပြပါဘူး။ တချို့တွေဆို သာမန်လောက်သာ ခံစားရပါတယ်။ ဒီဟာတွေက သူတို့တွေ သေသေချာချာ အိပ်ရေးဝအောင်အိပ်မယ်၊ အစားအသောက်ကို အာဟာရပြည့်ဝအောင် စားမယ်၊ စိတ်သောကတွေလျှော့မယ်၊ နောက် ရေဓာတ်ခန်းခြောက်မှု မဖြစ်အောင် လိုအပ်တဲ့ရေသောက်မယ်၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်တယ်ဆိုရင် ဓာတ်ဆားသောက်မယ်။ နဂိုကရောဂါအခံရှိတဲ့ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါရှိရင် ဒါနဲ့ပတ်သက်လို့ သေချာကုသမှုခံယူမယ်။

ဒီလိုနည်းလမ်းအတိုင်းမသွားဘဲနဲ့ မိမိအိမ်မှာပဲနေမယ်။ ကိုယ့်ဘာသာကိုယ် အောက်ဆီဂျင်တွေဝယ်မယ်၊ အောက်ဆီဂျင်တွေ ရှူခိုင်းမယ်၊ ဒီနေရာမှာ ကိုယ့်ဘာသာ အောက်ဆီဂျင်တွေပေးပြီး အောက်ဆီဂျင်တွေ ရှူခိုင်းလို့ရတယ် ဒီလောက်တောင်လွယ်နေတယ်ဆိုရင် ကမ္ဘာပေါ်မှာ လူ သိန်း ၄၀ ကျော် မသေပါဘူး။ ကိုဗစ်–၁၉ ကုသဖို့ အောက်ဆီဂျင်တစ်ခုတည်းနဲ့မဟုတ်ဘူး။ သူ့ရဲ့ နောက်ဆက်တွဲ ရောဂါတွေပေါ်မှာမူတည်ပြီး ကုသပေးရတာ ဖြစ်ပါတယ်။ နဂိုက ရောဂါအခံရှိတဲ့ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ သေချာကုသရပါမယ်။ အစားအသောက်တွေကိုလည်း အာဟာရပြည့်အောင်စားမယ်၊ ရေဓာတ်ခန်းခြောက်မှု မရှိအောင် သေချာလုပ်မယ်၊ အိမ်မှာနေလို့ ကြာနေတယ်ဆိုရင် ရောဂါပိုးက တိုက်ခိုက်တဲ့အတွက်ကြောင့် အဆုတ်မှာ အမာရွတ်ဖြစ်ပြီးတော့ အောက်ဆီဂျင်တွေ အများကြီးပေးတာ မရနိုင်တဲ့အတွက်ကြောင့်မို့ စောစောစီးစီး ဆက်သွယ်ကုသဖို့လိုပါတယ်။ ရောဂါလက္ခဏာ ရတ်တရက်ပြင်းထန်တယ်၊ အောက်ဆီဂျင်ကျတယ်ဆိုရင် သက်ဆိုင်ရာ ဆေးရုံတွေက ကုသဖို့အတွက် ညွှန်ကြားထားပြီးဖြစ်တယ်။ သူတို့ရဲ့ လက်ခံမှုအပေါ်မှာ မူတည်ပြီးတော့ လိုအပ်တဲ့ ကုသမှုတွေပေးမှာ ဖြစ်ပါတယ်။

ရောဂါပိုးကူးစက်ခံရတာကြာတယ်ဆိုရင် အဆုတ်တွေက အမာရွတ်တွေ ဖြစ်ပြီးတော့ ကျွန်မတို့ ဘယ်လောက်ပဲ အောက်ဆီဂျင်ပေးပေး သူတို့ လက်ခံနိုင်စွမ်းလည်း မရှိတော့ပါဘူး။ သွေးထဲက ကာဗွန်ဒိုင်အောက်ဆိုက်တွေကိုလည်း ပြန်ထုတ်နိုင်စွမ်းမရှိတော့ဘဲ အသက်ဆုံးရှုံးတတ်ပါတယ်။

အိမ်မှာပဲနေပြီး အောက်ဆီဂျင်ပေး၊ ဆိုးတော့မှ ဆေးရုံတက်ရောက်မယ်ဆိုရင် လူနာအတွက် ကုသမှုမှာ နောက်ကျနိုင်ပါတယ်။ ဆေးရုံတွေမှာလည်းရှိတဲ့ လူအင်အားနဲ့ သူတို့ အကောင်းဆုံးလုပ်ဆောင်နေတာဖြစ်တဲ့အတွက်ကြောင့် အကန့်အသတ်ရှိပါတယ်။ အထူးသဖြင့် ဆေးရုံတွေသည် အောက်ဆီဂျင်ပေးရဖို့ လိုတဲ့သူတွေ၊ ပြင်းထန်တဲ့ဝေဒနာခံစားနေရတဲ့သူတွေ၊ အသက်ကြီးတဲ့သူတွေ၊ နောက်ခံရောဂါရှိတဲ့သူတွေ ထားတာဖြစ်တဲ့အတွက်ကြောင့် အများအားဖြင့် သူတို့တွေက လူနာခုတင်အနေနဲ့ အကန့်အသတ်ရှိတာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ဒီလိုမျိုး အခက်အခဲမဖြစ်စေချင်တာမို့ သက်ဆိုင်ရာကျန်းမာရေးဌာနကို အကြောင်းကြားပြီး လိုအပ်တဲ့ကုသမှုတွေ ခံယူမယ်ဆိုရင်တော့ ရောဂါနည်းနည်းပါးပါးဖြစ်တဲ့သူက ပြန်ပြီးကောင်းသွားနိုင်ပါတယ်။ ရောဂါအသင့်အတင့်ရှိတဲ့သူက တဖြည်းဖြည်းနဲ့ သက်သာသွားနိုင်ပါတယ်။ ရောဂါပြင်းထန်တဲ့သူကလည်း ရောဂါပြင်းထန်တာကနေ တဖြည်းဖြည်း လျော့လျော့ပြီးတော့ ပျောက်ကင်းတဲ့အထိ ဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့အနေနဲ့ အောက်ဆီဂျင်တွေကို ရရှိဖို့အတွက် ဆောင်ရွက်ထားတာတွေလည်း ရှိပါတယ်။ အခုဆိုရင်လည်း တရုတ်နိုင်ငံက အောက်ဆီဂျင်တွေလည်း မှာထားတယ်၊ မြဝတီကနေလည်း အောက်ဆီဂျင်တွေ အခုရောက်နေပါပြီ။ လေယာဉ်နဲ့သယ်ဖို့ကိစ္စတွေလည်း ရှိပါတယ်။ အောက်ဆီဂျင်အရည်တွေကို တန် ၂၀ ဆံ့တဲ့ ကားတွေ နေ့တိုင်း နှစ်စီးနဲ့သုံးစီး ဝင်ဖို့ရှိပါတယ်။ အစီး ၄၀ လောက် ဝင်ဖို့ရှိပါတယ်။ အခုဆိုရင်လည်း ကားတွေဝင်နေပြီး နောက်ထပ်လည်း ဝင်လာမယ်။ ဒီနေ့ဆို လှိုင်သာယာ၊ မြောက်ဥက္ကလာပနဲ့ ဝေဘာဂီမှာ ဖြည့်တယ်။ ဒါတွေကလည်း အလှူရှင်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်လည်း ပါဝင်ပါတယ်။

ဒီနေရာမှာ အောက်ဆီဂျင်တွေကို စနစ်တကျသာ ကိုဗစ်ကုသရေးစင်တာတွေ၊ ကိုဗစ်ဆေးရုံတွေ၊ ကိုဗစ်ကုသတဲ့ ဆေးရုံတွေမှာသာ လုံလောက်အောင်ပေးဖို့အတွက်စီစဉ်နေပါတယ်။ အဆုတ်မကောင်းတာ၊ ပန်းနာရင်ကျပ်၊ ကျောက်ကပ်မကောင်းတာ စသဖြင့် အောက်ဆီဂျင်ရှူနေရတဲ့ ရောဂါဝေဒနာရှင်တွေအတွက် အောက်ဆီဂျင်ရနေဖို့ လိုအပ်ပါတယ်။ ဒါကိုလည်း ရရှိနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်။

ဒီနေရာမှာ ရန်ကုန်သီလဝါက ၁၀ တန် ထုတ်နိုင်တဲ့ စက်တွေကလည်း ထုတ်လုပ်လျက်ရှိပါတယ်။ ဆေးရုံများမှာရှိတဲ့ Oxygen Plant စက်တွေကလည်းထွက်တယ်၊ ဒါကို စနစ်တကျ ဖြန့်ဖြူးနိုင်ဖို့ လိုပါတယ်။ တတ်နိုင်တဲ့သူတွေက အောက်ဆီဂျင်တွေ အများကြီးဝယ်စုထားတာ၊ အောက်ဆီဂျင်အိုးတွေ သယ်ထားတာ စုထားတဲ့ဟာတွေက လိုအပ်တဲ့အခါမှာ အခက်အခဲတွေဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေကို ပြောချင်တာကတော့ အောက်ဆီဂျင်သည် သုံးတတ်ရင် ဆေးဖြစ်သလို မသုံးတတ်ရင် ဘေးဖြစ်ပါတယ်။ နှစ်ဖက်သွားဓားနဲ့ တူပါတယ်။ ဒါကြောင့် ကျွမ်းကျင်သူလက်ထဲမှာဆိုရင်တော့ အများကြီး အသက်တွေ ကယ်ပေးနိုင်ပေမယ့် မကျွမ်းကျင်တဲ့သူတွေ လက်ထဲမှာဆိုရင် ဒုက္ခတွေ အများကြီးတွေ့နိုင်ပါတယ်။

အောက်ဆီဂျင်ဆိုပေမယ့် ကုသရေးအပိုင်းမှာသုံးတဲ့ သန့်စင်မှု ၉၉ ဒသမ ၅ ရှိတဲ့ အောက်ဆီဂျင်တွေရှိသလို စက်မှုလုပ်ငန်းသုံး အောက်ဆီဂျင်တွေလည်းရှိပါတယ်။ သန့်စင်မှုနိမ့်တဲ့ စက်မှုလုပ်ငန်းသုံး အောက်ဆီဂျင်ကိုရှူမိရင် အန္တရာယ်ရှိတယ်။ အဆုတ်မှာ မှိုစွဲရောဂါဖြစ်ပြီး သေဆုံးတတ်ပါတယ်။ အောက်ဆီဂျင်ဟာ မီးလောင်လွယ်တဲ့အတွက် ထားသိုတာစနစ်မကျဘူးဆိုရင် အန္တရာယ်များပါတယ်။

**မေး။ ။ ပြည်ပပြန် မြန်မာနိုင်ငံသားတွေအတွက် စီစဉ်ထားတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ အခုလက်ရှိမှာဆိုရင်တော့ တခြားနိုင်ငံက ပြည်ပဝင်ရောက်မှုတွေကိုလည်း ပိတ်ပင်ထားပါတယ်။ နယ်စပ်ကနေလည်း ပြည်တွင်းဝင်ရောက်မှုတွေကိုလည်း ပိတ်ပင်ထားပါတယ်။ Relief Flight နဲ့ ပြည်ပကနေ မဖြစ်မနေ ပြန်လာမယ့် နိုင်ငံသားတွေအတွက်သာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဖြစ်ပွားမှုများတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်က ပြန်လာတဲ့သူဆိုရင် Quarantine ၁၄ ရက်ထား စောင့်ကြည့်စစ်ဆေးပါတယ်။ ရောက်တဲ့နေ့၊ ၃ ရက်နဲ့ ၁၁ ရက်မှာ စစ်ဆေးပါတယ်။ ပိုးမတွေ့မှသာ Quarantine ကနေ လွှတ်ပေးပါတယ်။

**မေး။ ။ ပြည်သူတွေအနေနဲ့ ကိုဗစ်–၁၉ တတိယလှိုင်းဖြစ်ပွားမှုက မြင့်တက်နေတဲ့အတွက် စိုးရိမ်ပူပန်မှုများပါတယ်။ ဒါကြောင့် ကူးစက်မြန်နေတဲ့တတိယလှိုင်းမှာ ဘယ်လိုနေထိုင်ဆောင်ရွက်သင့်တယ်ဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ။ ပြည်သူတွေအနေနဲ့ကိုဗစ်–၁၉ နဲ့ ပတ်သက်ရင် ဖြစ်ပွားမှုက တစ်နှစ်ခွဲလောက်ရှိပြီဆိုတော့ ပိုးရဲ့ ကူးစက်တတ်တဲ့ သဘောသဘာဝကိုတော့ တော်တော်သိနေပါပြီ။ ကိုဗစ်–၁၉ က လူစုလူဝေးဆိုရင် ကူးစက်လွယ်တယ်။ ပိုးရှိတဲ့သူနဲ့ နီးနီးကပ်ကပ် ထိတွေ့တာမျိုး၊ လက်မဆေးတာမျိုး၊ နှာခေါင်းစည်းမတပ်တာ ဒါတွေကတော့ အထူးကို ကူးစက်ဖို့အတွက် အခွင့်အလမ်းပေးသလို ဖြစ်နိုင်ပါတယ်။

ဒါတွေနဲ့ ဆန့်ကျင်ဘက် နှာခေါင်းစည်းတပ်တယ်။ လက်ကို မကြာခဏ ရေနဲ့ဆပ်ပြာနဲ့ ဆေးတယ်။ လက်ကို သန့်ရှင်းအောင်ထားတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဝေးဝေးနေတယ်။ လူစုလူဝေး မသွားဘူး။ ချောင်းဆိုး၊ နှာချေတဲ့အခါ အုပ်ထားရင် ကူးစက်မှာကို ကာကွယ်ထားတာပါပဲ။ ဒီနေရာမှာ အရေးကြီးဆုံးက ကာကွယ်ဆေးထိုးရမှာဖြစ်ပါတယ်။ ဘယ်ကာကွယ်ဆေးက အကောင်းဆုံးလဲဆိုတော့ မိမိကိုယ်ကို ထိုးနှံခွင့်ရတဲ့ ကာကွယ်ဆေးက အကောင်းဆုံး ဖြစ်ပါတယ်။

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆောင်ရွက်သွားမယ့် ကာကွယ်ထိန်းချုပ်ရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ကိုဗစ်ကော်မတီမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့က တာဝန်ရှိတဲ့သူတွေပါတယ်။ သက်ဆိုင်ရာတိုင်းနဲ့ပြည်နယ်က ကျန်းမာရေးဦးစီးမှူးတွေပါတယ်၊ ဆေးရုံအုပ်တွေပါတယ်၊ လိုအပ်တဲ့အဖွဲ့အစည်းအသီးသီးကသူတွေ အကုန် ပါဝင်ပါတယ်။ သူတို့ကနေမှ ဒီမြို့နယ် ဒီတိုင်းမှာ ကိုဗစ်ကုသရေးစင်တာ၊ ကိုဗစ်အတွက် Quarantine Centre လိုအပ်တဲ့အခြေအနေနဲ့

*စာမျက်နှာ ၁၄ သို့*

# ဇူလိုင် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၆၁၉၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၉၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၄၅၃၆ ဦးရှိ

**(၁၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၁၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆,၁၉၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၄၃,၄၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၁၈,၇၃၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၃၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၅၅,၉၅၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၉၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၄,၅၃၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၉၂၈) ခု | (၄၆၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၃) ခု | (၄၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၁၀) ခု | (၃၈၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၇၈) ခု | (၂၉၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၆၄) ခု | (၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၄၂) ခု | (၈၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် ကိုဗစ်-၁၉ Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၃၁၉) ခု | (၄,၀၆၁) ဦး |
| **စုစုပေါင်း** | (၁၈,၁၃၄) ခု | (၆,၁၉၄) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

*စာမျက်နှာ ၁၃ မှ*

ပြင်ဆင်တာတွေ ရှိပါတယ်။ ပိုးတွေ့မစိုးရိမ်ရလူနာနဲ့ ပိုးတွေ့အသင့် အတင့်လူနာ၊ ပိုးတွေ့ပြီး ဆေးရုံတက်ရောက်ရမယ့်လူနာ စသဖြင့် ဒါမျိုးတွေကို ထားနိုင်ဖို့အတွက် ပြင်ဆင်ထားရှိတာတွေ လုပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် လူစည်ကားတဲ့ ဈေး၊ စက်ရုံနဲ့ အလုပ်ရုံများတွင် Mask Campain ပြုလုပ်ခြင်း၊ လက်ကိုင်စပီကာများဖြင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိပါတယ်။

ဒါ့အပြင် Stay at Home မြို့နယ်မှာဆိုရင် စည်းကမ်းတွေ စနစ်တစ်ကျ သေချာလိုက်နာမှု ရှိ မရှိဆိုတာ သေချာကြီးကြပ်ကွပ်ကဲဖို့ လိုအပ်ပါတယ်။ တချို့နေရာတွေမှာဆိုရင် တစ်မိသားစုလုံး Quarantine လုပ်တယ်။ တချို့တွေကတော့ အိမ်မှာ Quarantine လုပ်တဲ့အခါမျိုးတွေ ရှိပါတယ်။ ဒါကတော့ သက်ဆိုင်ရာ ကိုဗစ်ကော်မတီ ဦးဆောင်ကြီးကြပ်မှု၊ စီမံခန့်ခွဲမှုအောက်မှာ လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နေရာတွေမှာလည်း ဒီလိုပါပဲ။ ဒါဟာ လက်ရှိဖြစ်နေတဲ့ အကြောင်းအရာ တွေပေါ်မှာ မူတည်ပြီး ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုဗစ်ကော်မတီ၊ မြို့နယ် ကိုဗစ်ကော်မတီ လက်ရှိရောဂါဖြစ်ပွားမှုပေါ်မှာ မူတည်ပြီး ဒါအကောင်းဆုံး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူတွေအနေနဲ့ စည်းကမ်းလိုက်နာဖို့ လိုပါတယ်ဆိုတာလေးကိုတော့ အထူးပြောချင် ပါတယ်။

**မေး ။ ။ ပြည်သူတွေ သိရှိနိုင်စေဖို့ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်မတို့ အကုန်လုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်မယ်။ စည်းကမ်းလိုက်နာမယ်ဆိုရင် ကိုဗစ်-၁၉ က ကြောက်စရာ မကောင်းပါဘူး။ သို့သော် ဒါဟာ ဂရုစိုက်စရာ မလိုပါဘူး ဆိုပြီး ပေါ့ဆလို့ မရပါဘူး။

ဒယ်လ်တာ ဗီဇပြောင်းပိုးဟာဆိုရင် ကမ္ဘာ့နိုင်ငံ ၁၁၁ နိုင်ငံမှာ ဖြစ်နေပါတယ်။ ရောဂါပိုးကူးစက်မြန်ခြင်း အဓိက လက္ခဏာကလည်း သူဖြစ်တယ်။ ကူးစက်ပြန့်ပွားမှုတွေမြန်တဲ့ ဗီဇပြောင်းပိုးတွေကို သူ့ရဲ့ ကူးစက်မှုတွေ ထိန်းချုပ်နိုင်ဖို့က စည်းကမ်းတွေကို အထူးတလည် လိုက်နာဖို့ လိုအပ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ခံရသူတွေရဲ့ ၃၃ ရာခိုင်နှုန်း ၃ ပုံ ၁ ပုံဟာဆိုရင် ခြောက်လအတွင်း သူတို့ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ခံစားနိုင်တယ်။ ဘာတွေလဲဆိုတော့ မှတ်ဉာဏ်တွေ မကောင်းတာ၊ အာရုံစူးစိုက်လို့ မရတာ၊ ခေါင်းကိုက်တာ၊ မောပန်းလွယ်တာ၊ ကိုယ့်ရဲ့ လုပ်ငန်းဆောင်တာ ပုံမှန်လုပ်ဆောင်တာတွေကို မလုပ်ဆောင်နိုင်တာ၊ မေ့တတ်တာ၊ အဆစ်အမြစ်တွေ နာတာ စသဖြင့် နောက်ဆက်တွဲ ခံစားနိုင်ရတဲ့ အတွက်ကြောင့် ကျွန်မတို့ဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ကို ပေါ့ဆလို့ မသင့်တော်ပါဘူး။

ကမ္ဘာ့ကပ်ရောဂါကို ကာကွယ်နှိမ်နင်းဖို့အတွက် တစ်ဦး တစ်ယောက်တည်းအားနဲ့ လုပ်လို့မရပါဘူး။ ပြည်သူတွေ တစ်ယောက်ချင်း တစ်ယောက်ချင်းက မိမိကိုယ်ကို ရောဂါမကူးစက်အောင်နေထိုင်ဖို့၊ ကိုယ်တိုင်ကစပြီး ရောဂါကာကွယ်ဖို့က အရေးကြီးသလို၊ စည်းကမ်းတွေဟာ လိုအပ်ချက်ရှိလို့ မိမိတို့အကျိုးအတွက် ချမှတ်ထားတာဖြစ်တဲ့ အတွက်ကြောင့် စည်းကမ်းတွေကို ကျကျနနလိုက်နာဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်။

**မေး ။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

တွေ့ဆုံမေးမြန်း-သန်းမင်းအောင်(သတင်းစဉ်)

### ၁၆ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၈၈၇၇၂၀ | ၂၉၃၄၂၀၃၅ | ၆၂၄၂၂၁ |
| ၂။ | အိန္ဒိယ | ၃၁၀၂၆၈၂၉ | ၃၀၁၈၃၈၇၆ | ၄၁၂၅၆၃ |
| ၃။ | ဘရာဇီး | ၁၉၂၆၂၅၁၈ | ၁၇၉၁၇၁၈၉ | ၅၃၉၀၅၀ |
| ၄။ | ရုရှား | ၅၉၀၇၉၉၉ | ၅၃၀၀၉၀၈ | ၁၄၆၈၆၈ |
| ၅။ | ပြင်သစ် | ၅၈၃၃၃၄၁ | ၅၆၅၄၈၈၆ | ၁၁၁၄၂၉ |
| ၆။ | တူရကီ | ၅၅၀၇၄၅၅ | ၅၃၇၀၁၇၈ | ၅၀၄၁၅ |
| ၇။ | ဗြိတိန် | ၅၂၈၁၀၉၈ | ၄၃၈၀၀၃၀ | ၁၂၈၅၉၃ |
| ၈။ | အာဂျင်တီးနား | ၄၇၁၉၉၅၂ | ၄၃၄၅၅၄၉ | ၁၀၀၆၉၅ |
| ၉။ | ကိုလံဘီယာ | ၄၅၈၃၄၄၂ | ၄၃၃၅၉၂၉ | ၁၁၄၈၃၃ |
| ၁၀။ | အီတလီ | ၄၂၇၈၃၁၉ | ၄၁၉၅၇၉ | ၁၂၇၈၄၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၇၈၀၈၀၃ | ၂၂၀၄၄၉၁ | ၇၁၃၉၇ |
| ဖိလစ်ပိုင် | ၁၄၉၆၃၂၈ | ၁၄၂၁၃၇၂ | ၂၆၄၇၆ |
| မလေးရှား | ၈၉၃၃၂၃ | ၇၇၂၅၄၂ | ၆၇၂၈ |
| ထိုင်း | ၃၈၁၉၀၇ | ၂၇၁၈၅၇ | ၃၀၉၉ |
| မြန်မာ | ၂၁၈၇၃၉ | ၁၅၅၉၅၉ | ၄၅၃၆ |
| ကမ္ဘောဒီးယား | ၆၅၅၀၀ | ၅၇၀၂၇ | ၁၀၅၂ |
| စင်ကာပူ | ၆၂၉၁၃ | ၆၂၄၈၁ | ၃၆ |
| ဗီယက်နမ် | ၄၂၂၈၈ | ၉၆၈၈ | ၂၀၇ |
| လာအို | ၃၁၈၇ | ၂၁၇၄ | ၄ |
| ဘရူနိုင်း | ၂၈၂ | ၂၅၆ | ၃ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်-၁၉) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် –

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)




### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံ




* လူနာ၏ ရောဂါလက္ခဏာအပေါ်မူတည်၍ တက်ရောက်ကုသမှုခံယူရမည့်နေရာအား ဆုံးဖြတ်ပါမည်။

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံအား ရှင်းလင်းချက်

၁။ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ (သို့မဟုတ်) ထိတွေ့ခဲ့သည်ဟု သံသယရှိသူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာခံစားနေရသူများအနေဖြင့် ရှေးဦးစွာ မိမိတို့၏ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ သွားရောက်၍ သတင်းပေးပို့ရပါမည်။

၂။ ထို့နောက် မြို့နယ်ဒေသန္တရ (သို့မဟုတ်) ပြည်သူ့ဆေးရုံများ၊ ဓာတ်ခွဲစစ်ဆေးရေးစင်တာများနှင့် ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးရေးဆေးခန်းများ၌ ဓာတ်ခွဲစစ်ဆေးမှုများအား ဆက်လက်ဆောင်ရွက်သွားပါမည်။

၃။ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်/ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လက္ခဏာရှိသူများနှင့် အရေးပေါ်လူနာများအနေဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက်သွားရောက်၍ ကုသမှုခံယူနိုင်မည်ဖြစ်ပါသည်။

၅။ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများအနေဖြင့် အရေးပေါ်လူနာတက်ရောက်ကုသမှုအား ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်သတင်းပေးပို့သွားရမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ၁၂-၇-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

One News သတင်းဌာနမှ သတင်းထောက် **ဦးသွင်ထူးအောင်**က လက်ရှိနိုင်ငံအတွင်း နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်နေပြီး ရန်ကုန်နှင့် ဒေသအချို့၌ ပစ်ခတ်တိုက်ခိုက်မှုများ၊ ပေါက်ကွဲမှုများ နေ့စဉ်နှင့်အမျှဖြစ်နေပါကြောင်း၊ အသက်အိုးအိမ်မလုံခြုံမှုများအပြင် ကူးစက်မှုမြန်ဆန်ပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းတွင် လူသေဆုံးမှုများမြင့်တက်နေသည့်အတွက် စီးပွားရေးထိခိုက်မှုများ၊ စက်ရုံအလုပ်ရုံများ ပိတ်သိမ်းနေမှုများတွေ့ရကြောင်း၊ ယင်းအခြေအနေမျိုးတွင် နိုင်ငံရေးဖြစ်စဉ်များထက် ပြည်သူများ အသက်ဆုံးရှုံးမှုများကလက်တွေ့ဆန်နေသည့်အတွက် ရောဂါကပ်ဆိုးနှိမ်နင်းရေးကို ပထမဦးဆုံးလုပ်ဆောင်ရမည့် အချိန်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဗုံးကွဲမှု၊ မိုင်းခွဲမှုများရှိကြောင်း၊ ဖြစ်ပျက်ခဲ့သည့်အခြေအနေများ၊ တချို့နေရာများမှာ တချို့မီဒီယာများ၏ ထူးခြားချက်ကိုပြောလိုကြောင်း၊ ဒလက်မီဒီယာ၏ ထူးခြားချက်က မတ်၊ ဧပြီ၊ မေလတို့တွင် မြန်မာနိုင်ငံအနှံ့ ဗုံးထောင်၊ ဗုံးခွဲမှုပေါင်း အနည်းဆုံးအကြိမ်ရေ ၁၀ ကြိမ်အထက် ရှိကြောင်း၊ ဆန္ဒပြမှုများ၊ မီးရှို့ဖျက်ဆီးမှုများရှိကြောင်း၊ သို့သော် ထိုအချိန်တွင် ထိုဗုံးထောင်ဖောက်ခွဲမှုများနှင့် ပတ်သက်ပြီး ၎င်းတို့သိပ်ပြီးမရေးကြောင်း၊ သိသိသာသာကျဆင်းသည်မှာ မေလနှင့်ဇွန်လအတွင်း အခြားဖော်ထုတ် ဖမ်းဆီးရမိမှုများ ရှိကြောင်း၊ ထို့ပြင် အကြမ်းဖက်မှုကို လက်မခံသည့်ပြည်သူများကလည်း ဝိုင်းဝန်းကူညီမှုများရှိကြောင်း၊ လုံခြုံရေးအထောက်အကူပြုအဖွဲ့များအနေနှင့် ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ယခုအချိန်တွင် ၁၀ အောက်တွင်သာရှိကြောင်း၊ သို့သော် ထိုအရာများကို အမြဲပုံကြီးချဲ့နေသည်များရှိကြောင်း၊ ထိုအရာများနှင့် ပတ်သက်ပြီးလုံခြုံရေးအဖွဲ့များနှင့် ပြည်သူလူထုများ၊ တာဝန်သိအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၇/၂၀၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနေသည်မှာ ပုဂ္ဂလိကဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကုသခွင့်ပေးထားသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း သုံးခုသာ ရှိကြောင်း၊ လှိုင်သာယာရှိ ပန်းလှိုင်ဆေးရုံ၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ Dagon Medical Care Hospital နှင့် မန္တလေးချမ်းအေးသာဇံရှိ မြို့တော်ဆေးရုံတို့ဖြစ်ကြောင်း၊ ထို့ပြင် ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် ကုသပေးနိုင်ရန် နောက်ထပ်လျှောက်ထားသည်များရှိကြောင်း၊ ၎င်းကို အမြန်ဆုံးခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ရောဂါရှာဖွေရေးလုပ်ငန်းများကို ပုဂ္ဂလိကဆေးရုံ ၁၀ ရုံနှင့် ဓာတ်ခွဲခန်း လေးခုကို ခွင့်ပြုထားကြောင်း၊ နောက်ထပ် လျှောက်ထားသည်များကိုလည်း အမြန်ဆုံးခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သည့် လူနာများကိုအမျိုးအစားခွဲခြားပြီး ကုသမှုဆောင်ရွက်ပေးနိုင်သည့် အခြေအနေများရှိကြောင်း၊ ယင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခု လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းဖြစ်ပွားသည့် အခြေအနေများကို ပြည်သူလူထုအနေနှင့် သံသယရှိလျှင် မည်သို့လုပ်ရမည်ကို ကျန်းမာရေးဝန်ကြီးဌာနက ပြောသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဘက်က အရပ်သားများအတွက် နေရာထိုင်ခင်းပြင်ဆင်မှုများ မကြာမီအချိန်အတွင်း ပြီးစီးနိုင်ရန် ဆောင်ရွက်နေကြောင်း၊ တပ်ရင်းတပ်ဖွဲ့များမပါ၊ ယခုလတ်တလောပြီးစီးပြီး အခြေအနေများဖြစ်ကြောင်း၊ ယခင်ကလည်း ထိုနေရာများကို ထားခဲ့ဖူးကြောင်း၊ ဒုတိယလှိုင်းဖြစ်စဉ်တွင် လက်တွေ့လုပ်ခဲ့ကြောင်း၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(မန္တလေး)တွင် ၈၆ ဦး ထားနိုင်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တည်းခိုရေးစခန်း(၁) ရွှေညောင်တွင် ၉၀ ထားနိုင်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ကျိုင်းတုံ၌ ၁၄၄ ဦး၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (လားရှိုး) ၌ ၈၀၊ တည်းခိုရေးစခန်း (မော်လမြိုင်)နှင့် ကျောင်းတစ်ကျောင်း၌ လူဦးရေ ၃၀၀ ထားနိုင်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ပြင် မြိတ်၊ ကော့သောင်း၊ မုံရွာ၊ ရန်ကုန်၊ တောင်ငူ၊ ခိုလမ်တို့တွင် ၁၄ နေရာ၌ ၂၃၀၂ ဦး ထားရှိနိုင်အောင် စီစဉ်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောခဲ့သည့်အတိုင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး လူနာများ ရွှေ့ထုတ်နိုင်ရန်၊ အရေးပေါ်လူနာများ ရွှေ့ထုတ်နိုင်ရန်အတွက် လိုအပ်လျှင် တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များသုံးရန်၊ လိုအပ်သည့်ပစ္စည်းများ အမြန်ဖြန့်နိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးလုပ်ငန်းရှင်များနှင့် လွန်ခဲ့သည့် ၉ ရက်နေ့ညနေက ရန်ကုန်၌ ချိတ်ဆက်ကာ Zoom Meeting ထိုင်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအစီအစဉ်များလည်း မကြာမီအကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ One News ဆိုသလို Skynet အနေနှင့်လည်း ယခင်ကတည်းက လုပ်ဆောင်ခဲ့ကြောင်း၊ Oxygen လိုအပ်သည့်ကိစ္စများအပါအဝင် ယင်းလုပ်ငန်းများကို လုပ်ဆောင်ရန် တင်ပြထားတာရှိကြောင်း၊ ယခုလိုမျိုး ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာသည်နှင့်အမျှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေနှင့်လည်း လိုအပ်သည်များကို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာလူမျိုးများသည် လူမှုရေးစိတ်ဓာတ်ရှိပြီးဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်လျှင် မကြာမီကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

> ▼ **ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာသည်နှင့် အမျှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေနှင့်လည်း လိုအပ်သည်များကို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာလူမျိုးများသည် လူမှုရေးစိတ်ဓာတ်ရှိပြီးဖြစ်ကြောင်း၊ အားလုံးပူးပေါင်း ဆောင်ရွက်လျှင် မကြာမီကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်**

### စည်းကမ်းတင်းကျပ်မှ ရောဂါအဆက်ပြတ်မည်

ပြည်သူလူထုကို ထပ်မံမေတ္တာရပ်ခံလိုသည်မှာ ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများက အတွေ့အကြုံရှိပြီး ဖြစ်ကြောင်း၊ အချို့နေရာများတွင် စည်းကမ်းကိုတော်တော်လေးလုပ်ရကြောင်း၊ စည်းကမ်းတော်တော်တင်းတင်းကျပ်ကျပ် လုပ်ပြီးမှ ရောဂါအဆက်ပြတ်သွားမည်ဖြစ်ကြောင်း၊ ထိုရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရှင်းပြမည်ဖြစ်ကြောင်း၊ ၁၄ ရက်အတွင်းမှာ မည်သို့ဖြစ်မည်၊ မည်သို့နေထိုင်သင့်သည်ကို ရှင်းပြမည်ဖြစ်ကြောင်း၊ မနေ့က ပုဂ္ဂလိက Oxygen စက်ရုံများကို ပုဂ္ဂလိကရောင်းချရန် ပိတ်ပင်လိုက်တာတို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ တချို့စက်များကို သွင်းခွင့်မပေးတာတို့ ထိုကိစ္စတွေသည် သတင်းမှားဆိုတာပြောပြီးဖြစ်ကြောင်း၊ Oxygen နှင့် ပတ်သက်ပြီး ပုဂ္ဂလိကဖြည့်သွင်းမှုတချို့ကို ကန့်သတ်ထားကြောင်း၊ ဘာကိုကန့်သတ်လိုက်လဲဆိုလျှင် တစ်ဦးချင်း လာဖြည့်သည်များကို မဖြည့်ပေးဘဲနှင့် အဓိကလိုအပ်နေသည့် ဆေးရုံ၊ ဆေးခန်းများသာ ဖြည့်ပေးဆိုပြီး ကန့်သတ်ထားတာရှိကြောင်း၊ ဘာကြောင့်လုပ်ရသလဲဆိုလျှင် နှစ်မျိုးရှိကြောင်း၊ နံပါတ် ၁ တစ်မျိုးက ထုံးစံအတိုင်း Online ပေါ်တွင် လိမ်နေခြင်းမျိုးရှိကြောင်း၊ Oxygen အိုးလာယူပါ၊ မည်မျှပေးရသည်၊ ငွေပေးလိုက်လည်း မရသည့်မျိုးရှိကြောင်း၊ လက်တွေ့လည်း တိုင်ကြားစာများ ရရှိထားကြောင်း၊ နံပါတ် ၂ အနေနှင့် Oxygen ကို မလိုအပ်ဘဲနှင့် ယူခြင်းဖြစ်ကြောင်း၊ တချို့တကယ်မလိုအပ်ဘဲ ယူတာရှိကြောင်း၊ တချို့ လိုအပ်၍ ယူတာရှိကြောင်း၊ ယင်းသည် ကျွမ်းကျင်သည့် ဆေးရုံ၊ ဆေးခန်းကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်နှင့်အညီသုံးစွဲသင့်တာမျိုးရှိကြောင်း၊ လိုအပ်ချက်များရှိနေသည်ကိုသိကြောင်း၊ သို့သော် တကယ်လိုအပ်၍ သွားဖြည့်တာများသည် သက်ဆိုင်ရာနယ်မြေရှိ ကျန်းမာရေးဝန်ထမ်းများ၏ ထောက်ခံချက်နှင့် ဖြည့်တင်းနိုင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက အဓိက Oxygen လိုအပ်ချက်က Covid ၏ Treatment တွင် Oxygen ကလည်း အရေးပါကြောင်း၊ ထို့ကြောင့် ရောဂါ၏အခြေအနေဆိုးလာသည်နှင့်အမျှ Oxygen က စပြီးကျလာကြောင်း၊ လူမှုကွန်ရက်တွင် တွေ့ရသည့် အနေအထားအရ Oxygen က ကျွမ်းကျင်သည့်ပညာရှင်များ၏ အကြံဉာဏ်နှင့် ကျွမ်းကျင်သူ၏ကြီးကြပ်မှုနှင့် သုံးစွဲသင့်သည့်နေရာဖြစ်ကြောင်း၊ တချို့ Covid မဖြစ်သေးဘူး၊ အိမ်မှာလည်း လူတွေအကုန်လုံးနီးပါး ကာကွယ်ဆေးထိုးထားကြောင်း၊ တချို့ကျ သိပ်ပြီးအပြင်မထွက်ဖြစ်သည့် မိသားစုများက စိတ်ပူပြီး အိမ်တွင် Oxygen ဝယ်ပြီး လှောင်ထားတာရှိကြောင်း၊ Oxygen ထုတ်လုပ်မှု၊ တင်သွင်းမှုဖြစ်စဉ်တွင် Demand နှင့် Supply ဆိုတာရှိကြောင်း၊ တစ်ဖက်က သုံးစွဲလိုသည့် အားတက်လာသည့် အချိန်တွင် တင်သွင်းမှုနှင့် ထုတ်လုပ်မှုပိုင်းတွင် လုံလောက်အောင် မဖြည့်ဆည်းပေးနိုင်သည့် အပိုင်းလည်းရှိကြောင်း၊ Covid ပထမလှိုင်းမှာ ကတည်းက တွေ့ကြုံဖူးပါကြောင်း၊ ထိုစဉ်ကလည်း N 95 Mask များမှကောင်းသည်ဆိုပြီး ကျန်းမာရေးဝန်ထမ်းများသာ အသုံးပြုသင့်သည့် Mask များကို အများစုက လိုက်ဝယ်ကြသည့်အခါ Mask အများကြီးမရှိသည့်အတွက် Mask များ ပြတ်သွားခြင်း၊ ဈေးတက်သွားခြင်းတို့ရှိကြောင်း၊ ထို့ကြောင့် နောက်ပိုင်းတွင်ပြန်ပြီး အကြံပြုရကြောင်း၊ N-95 Mask များမှာ ကျန်းမာရေးဝန်ထမ်းများသာ သုံးသင့်ကြောင်း၊ အများပြည်သူများအနေဖြင့် surgical Mask သို့မဟုတ် စနစ်တကျချုပ်လုပ်ထားသည့် အလွှာသုံးလွှာပါသည့် cloth Mask ထိုအရာမျိုးကို သုံးလို့ရကြောင်း ပြန်ပြောခဲ့ရကြောင်း၊ ယခုအချိန်တွင်လည်း Oxygen သည် တကယ်လိုအပ်သည့်သူအတွက် ကောင်းသော်လည်း တကယ်မလိုအပ်ဘဲ သုံးမိသည့်အခါ၊ ဝယ်စုဆောင်းထားသည့် အခါ တကယ်လိုအပ်သည့်သူများ၊ အောက်ဆီဂျင်ကို ရှူလိုက်မှ အသက်ရှင်မည့်သူများအတွက် အခက်အခဲဖြစ်ကြောင်း။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

## လိုသည့်သူကိုကူညီမည်

တစ်ဖက်တွင်လည်း နိုင်ငံတော်၏ ပံ့ပိုးမှုနှင့် တင်သွင်းသည့်လမ်းကြောင်း Liquid Oxygen လိုမျိုးများ တရုတ်ဘက်က တင်သွင်းသည့်အပိုင်းရှိကြောင်း၊ မြဝတီနယ်စပ်မှ တင်သွင်းသည့်အပိုင်းရှိကြောင်း၊ ပြည်တွင်းမှာရှိသည့် တပ်မတော်အပါအဝင် Oxygen ထုတ်လုပ်သည့် ဝန်ကြီးဌာနများလည်း ရှိကြောင်း၊ ထိုအရာများနှင့် ပူးပေါင်းပြီးသည့်အခါတွင် Oxygen အများစု ဘယ်လိုထုတ်လုပ်မလဲ၊ ပြည်တွင်းတွင်လည်း Oxygen Plant ရောင်းသည့် ကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ပြီး Oxygen များများထုတ်နိုင်ရန် Production အပိုင်းက ဆောင်ရွက်သည့်အပိုင်းရှိပြီး တစ်ဖက်မှ တကယ်လိုအပ်သည့်နေရာကို Oxygen resource များက စီးဆင်းသွားရန် လိုအပ်ကြောင်း၊ ထိုအရာကို ပညာပေးသည့်အပိုင်း၊ ကြပ်မတ်သည့်အပိုင်းများ ဆောင်ရွက်နေကြောင်း၊ အထက်က ပြောခဲ့သည့်နည်းတူ ယင်းနေရာတွင်လည်း ပူးပေါင်းသည့်အပိုင်းသည် အဓိကဖြစ်ကြောင်း၊ Oxygen ကို မလိုသည့်သူက လိုသည့်သူကိုကူညီမည်၊ ဘယ်လိုလူများမှ တကယ်လိုအပ်သည်ဆိုသည်ကို ကျန်းမာရေးဝန်ထမ်းများမှ ဆုံးဖြတ်ပေးမည်ဆိုပါက လမ်းကြောင်းအမှန်ကို ရပြီး တကယ်လိုအပ်သည့်သူက ရရှိမှာဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဆက်လက်ပြောကြားရာတွင် တချို့သတင်းတွေက ပြောကြောင်း၊ Oxygen နှင့် ပတ်သက်ပြီး တပ်မှအောက်ဆီဂျင်စက်ရုံများကို သိမ်းသည်ဟု တချို့မီဒီယာများက ဖွကြောင်း၊ သိမ်းစရာအကြောင်း မရှိကြောင်းနှင့် ဒုတိယလှိုင်းဖြစ်စဉ်ကပင် ပြည်သူများအားလုံးအမြင်ဖြစ်ပြီး မိုးထဲရေထဲတွင် တပ်မှ ရဲဘော်များကိုယ်တိုင် အောက်ဆီဂျင်အိုးများထမ်းပြီး ဆေးရုံများကို သွားလှူနေကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တပ်မတော်ဆေးရုံများတွင် အောက်ဆီဂျင်ထုတ်လုပ်သည့် နေရာများရှိကြောင်း၊ ထိုအရာများဖြင့်လည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့အပြင် စက်မှုသုံး Oxygen များရှိကြောင်း၊ ရန်ကုန်ဆိုလျှင် အင်းစိန် သံမဏိစက်ရုံသည် တပ်မတော်၏ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက ပိုင်ပြီး သဘော်ကျင်းစက်ရုံသည်လည်း ၎င်းက ပိုင်ခြင်းဖြစ်သည့်အပြင် တခြားစက်ရုံများရှိကြောင်း၊ ယင်းစက်ရုံများမှ အောက်ဆီဂျင်များကိုပင် စက်မှုသုံးအောက်ဆီဂျင်များကို ပြောင်းပြီး ဆောင်ရွက်ပေးနေခြင်းများရှိကြောင်း၊ ပထမဦးဆုံး ချင်းပြည်နယ်ဘက်ကလေးစသည့်ဒေသများတွင် စဖြစ်ချိန်တွင် လိုအပ်သည့်ဆေးပစ္စည်းများ ပို့ပေးပြီး Oxygen ထုတ်လုပ်သည့် စက်များပို့ပေးခြင်းများလည်းရှိကြောင်း၊ ထိုအရာများ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် သွင်ထူးအောင်**က ယခုလက်ရှိဖြစ်ပေါ်နေသည့် အသွင်ပြောင်းပိုး ကိုဗစ်-၁၉ ရောဂါ ကုသရေးကုထုံးများမှာ Oxygen လိုအပ်ချက်က ယခင်ကုထုံးများနှင့် နှိုင်းယှဉ်လျှင် သုံးဆခန့် ပိုပြီးလိုအပ်နေတယ်လို့ ဆိုကြောင်း၊ တစ်နိုင်ငံလုံး Oxygen ထုတ်လုပ်မှု လိုအပ်နေသည့်ကာလတွင် ထိုင်းဘက်ကလည်း နယ်စပ်ကုန်သွယ်ရေးများ ပိတ်လိုက်ပြီဆိုတော့ Oxygen လိုအပ်ချက်က အရမ်းများပြားလာခြင်းဖြစ်ပြီး ပြည်သူများ၏အသက်ကို ကယ်တင်နိုင်ရန် Oxygen လိုအပ်ချက်က အရေးကြီးနေသည့်အတွက် ဘယ်လိုတွေ ထပ်စီစဉ်ထားလဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ပစ္စည်းများ နယ်စပ်ဒေသတွင် ပိတ်ထားသည်ဆိုသည်မှာ မမှန်ကန်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ယခင်ကလို သာမန်ကုန်စည်များလို FDA ထောက်ခံချက်တို့ လိုအပ်သည့်စာရွက်စာတမ်းများပင် မလိုအပ်ဘဲဆောင်ရွက်နိုင်အောင် စီစဉ်ပေးထားလျက်ရှိကြောင်း၊ ထို့အပြင် Oxygen ထုတ်လုပ်နိုင်သည့်နေရာများကို စွမ်းအားကုန်လည်ပတ်နိုင်ရေး၊ အလှူရှင်များနှင့် ပူးပေါင်း၍ နေရာအနှံ့တည်ဆောက်နိုင်ရေး၊ Luquid Oxygen များ သွင်းနိုင်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် သွင်ထူးအောင်**က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် တရုတ်နယ်စပ်ကုန်သွယ်ရေးများ ပိတ်လိုက်သည့်အတွက် နယ်စပ်ကုန်သွယ်မှုများ ၁၀၀ ရာခိုင်နှုန်း ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ဘယ်အချိန် ပြန်ဖွင့်မလဲဆိုသည်ကို မသိနိုင်သည့်အခြေအနေတွင် ရှိနေကြောင်း၊ အိန္ဒိယနယ်စပ်ဂိတ်ဖြစ်သည့် တမူး ပိတ်ထားခြင်းမှာ နှစ်ချီနေပြီဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းနယ်စပ်ဂိတ်ကလည်း ပိတ်ထားခြင်းကြောင့် အထွေထွေကုန်ဈေးနှုန်းကြီးမြင့်မှုဖြစ်လာမည်ကို ပြည်သူများအနေဖြင့် စိုးရိမ်နေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံတာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကုန်စည်ရောင်းဝယ်မှုများ မပြတ်တောက်သွားအောင် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း၊ အခြေခံစားကုန်အပါအဝင် ကုန်ဈေးနှုန်း ထိန်းချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘာများ ဆောင်ရွက်ထားလဲဆိုသည်ကိုသိလိုကြောင်း မေးမြန်းသည်။

### ဈေးကြီးမြင့်နိုင်မှုအလွန်နည်း

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အခြေခံစားကုန်နှင့် ပတ်သက်ပြီး ဈေးကြီးမြင့်နိုင်မှုဖြစ်နိုင်ခြေ အလွန်နည်းကြောင်း၊ အခြေခံစားကုန်နှင့် ပတ်သက်ပြီး စီမံဆောင်ရွက်ထားခြင်းများ ရှိပြီးဖြစ်ကြောင်း၊ သို့သော် ကုန်သွယ်မှုရပ်တန့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မိမိရရှိရမည့်ငွေ၊ ပြန်ပေးရမည့်ငွေ အခြေခံစားကုန်မဟုတ်ဘဲ နိုင်ငံခြားကို သီးသန့်ပို့နိုင်မည့် လုပ်ဆောင်ထားသည့် ကုန်ပစ္စည်းများ၊ စိုက်ပျိုးသီးနှံများ အနည်းနှင့်အများ ထိခိုက်နိုင်ကြောင်း၊ ယင်းသို့ ဖြစ်လာနိုင်သည့်အခြေအနေရှိကြောင်း၊ သို့သော် သက်ဆိုင်ရာနိုင်ငံများနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရေးအား လက်တွေ့ပြနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံတစ်နိုင်ငံကို ကြည့်ခြင်းမှာ နိုင်ငံတစ်နိုင်ငံ၏ ရောဂါဖြစ်ပွားနှုန်းများလား၊ ကူးစက်နိုင်မှုများလားဆိုသည်ကိုသာ ကြည့်ခြင်းဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနှုန်းလျှော့ချရမည်ဖြစ်ပြီး လျှော့ချရန်မှာ စည်းကမ်းလိုက်နာရမည်ဖြစ်ပြီး တိကျစွာစည်းကမ်းလိုက်နာရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုန်စည်စီးဆင်းမှုများကို ပြန်လည်လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုများ၊ လိုက်နာရမည့် စည်းကမ်းများ မည်သို့လိုက်နာရမည်ဆိုသည်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မနေ့က ယင်းဘက်တွင် ကုန်သည်များ၊ ကုန်ကားများ ပိတ်ပြီး အခက်အခဲဖြစ်နေမှာ စိုးသည့်အတွက် မထွက်ရန် တားမြစ်ထားခြင်းများ ရှိကြောင်း၊ ထိုကြားထဲတွင် ကြိုးပမ်းဆောင်ရွက်မှုများလည်းရှိကြောင်း ပြောကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် သွင်ထူးအောင်**က Third wave မှာဆိုလျှင် ကူးစက်မှုအများဆုံး တွေ့ရကြောင်း၊ ကူးစက်ခံရသည့်သူများ ကုသရန် ဆေးရုံများ၊ ယာယီဆေးရုံများ၊ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှု အခြေအနေအပေါ် အမြန်ဆုံးဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အရေးပေါ်ဘာများဆောင်ရွက်ထားသလဲ။ ကာကွယ်ဆေးထိုးရန် မည်သို့စီစဉ်ထားသလဲ။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ရန် ဒေသအလိုက် Lock-down ချရန် အစီအစဉ်ရှိပါသလား။ ယင်းသို့ အစီအစဉ်ရှိပါက အခြေခံပြည်သူများ စားဝတ်နေရေး အခက်အခဲမဖြစ်အောင် ဘာတွေစီစဉ်ထားသလဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စီစဉ်ထားမှုများအား ပြောကြားပြီးဖြစ်ကြောင်း၊ ဘယ်ဆေးရုံများမှာ တက်ရောက်နိုင်ကြောင်းကို ပြောကြားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဆက်လက် ပြောကြားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန် အစီအမံမှာ မြန်မာပြည်တွင် ၁ ဒသမ ၇ သန်း ထိုးပြီးဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်းတွင် မိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ ကာကွယ်ဆေး တစ်သန်း ပထမအသုတ်အနေဖြင့် ရောက်လာမည်ဖြစ်ကြောင်း၊ ရောက်ရှိသည်နှင့် အမြန်ဆုံးထိုးနှံသွားမည်ဖြစ်ပြီး တခြားနိုင်ငံများတွင်လည်း ကိုဗစ်-၁၉ ရောဂါ နှင့်ပတ်သက်ပြီး ဖြစ်ပွားနေသည့် ဖြစ်ပွားနှုန်းများမှာလည်း များနေခြင်းကြောင့် အိန္ဒိယနိုင်ငံမှ ဆေးမှာ ၎င်းတို့ နိုင်ငံကပြေလည်မှသာလျှင် ရရှိမည်ဖြစ်ပြီး ယခုလက်ရှိတွင် ရနိုင်မည့်အခြေအနေမရှိသေးကြောင်း၊ မိမိတို့အနေဖြင့် မြန်မြန်အကောင်အထည်ဖော်နိုင်မည်မှာ ခရီးစဉ်မှာဆွေးနွေးခဲ့သည့် ရုရှားမှ မြန်မာနိုင်ငံသို့ စက်ရုံလာကြည့်ကာ မိမိနိုင်ငံတွင် ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်သည့်ဆေးကို ထုတ်လုပ်နိုင်သည့် အခြေခံရှိပြီးဖြစ်သည်ဟု သိရပါကြောင်း၊ ထုတ်လုပ်မည့်အခြေခံမှာ ၎င်းတို့နိုင်ငံမှ ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး ထုတ်နိုင်စွမ်းရှိပါက ထုတ်ရန်အခြေခံအချက်ရှိလျှင် ၎င်းတို့အနေဖြင့် ထုတ်နိုင်ကြောင်း၊ ထို့ကြောင့် ထိုအရာမှာ ဖြစ်နိုင်သည့်အလားအလာရှိပြီး အကောင်းဆုံးဖြေရှင်းနည်းဖြစ်ကြောင်း၊ မိမိနိုင်ငံအတွင်းမှာ ဆေးထိုးပေးပြီး ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ဒေသအလိုက် Lock-down ချရန် အစီအစဉ်မရှိသေးကြောင်း၊ Stay at home အစီအစဉ်သာ လုပ်ဆောင်ရန်ရှိကြောင်း၊ Stay at home အဆင့်ကိုသာ ထိထိရောက်ရောက် လုပ်နိုင်ပြီး အားလုံးက လိုက်နာနိုင်လျှင် ရောဂါအဆက်ဖြတ်နိုင်မှာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

### မဟာဗျူဟာမြောက်စဉ်းစားရမည်

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး**က ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်တတ်သည့်ရောဂါ ထိန်းချုပ်သည့်အခါတွင် ကာကွယ်ခြင်း လုပ်ငန်းများရှိပြီး ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းစဉ်ရှိကြောင်း၊ ရောဂါကိုကုသသည့်လုပ်ငန်းစဉ်လည်း ရှိကြောင်း၊ ထို့အပြင် ယင်းကာလ တစ်ခုတည်းကိုသာ ကြည့်၍ မရကြောင်း၊ ရင်ဆိုင်ရသည့် တတိယလှိုင်းကာလများတွင် သာမကဘဲ ဘယ်လောက်ထိ ဆက်ရှိနေနိုင်မလဲ ဆိုသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်တိုင်ကလည်း တွက်ချက်နေသည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ တတိယလှိုင်း ရင်ဆိုင်ပြီးသည့်အခါတွင် နောက်သုံးနှစ်အတွင်း ဘာဖြစ်နိုင်မလဲ၊ နောက်ငါးနှစ်အတွင်း ဘာဖြစ်နိုင်မလဲဆိုသည်ကို မဟာဗျူဟာမြောက် စဉ်းစားရမည်ဖြစ်ပြီး စဉ်းစားသည့်အခါတွင် အရေးပါသည့် လုပ်ငန်းစဉ်အနေဖြင့် အရေးကြီးဆုံးနှင့် အရေးအပါဆုံးမှာ ကာကွယ်ခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ကာကွယ်ခြင်းလုပ်ငန်းစဉ်တွင် အားလုံးသိသည့်အတိုင်း Mask တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေဆိုသည်ကို တော်တော်များများသိရှိကြောင်း၊ သို့သော် လက်တွေ့ဆောင်ရွက်သည့် အပိုင်းတွင် အားနည်းနေခြင်းကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားနေသည့်အချိန်တွင် အထူးဂရုပြုဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ နောက်တစ်ခုမှာ လက်ရှိဆေးသိပ္ပံပညာ၏ ကောင်းကျိုးတစ်ခုအနေဖြင့် ကမ္ဘာပေါ်တွင် ကာကွယ်ဆေးတစ်ခုပေါ်ထွက်လာခြင်းမှာ အချိန် အတိုဆုံးနှင့် ထိရောက်အောင် အမြန်ဆုံးထုတ်လုပ်နိုင်သည်မှာ Covid-19 ရောဂါ ကာကွယ်ဆေးလည်းပါဝင်ကြောင်း၊ ကိုယ့်အတွက်ရရှိသည့်ဆေးသည် ကိုယ့်အတွက် အကောင်းဆုံးဆေးဖြစ်ကြောင်း၊ ယင်းသို့ လက်ခံပြီးသည့်အချိန်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပြီး ထိုးမည်ဆိုလျှင် လူမှုအသိုင်းအဝိုင်းတွင်လည်း လူမှုတာဝန်ကျေသည်ဆိုသည့် ပြည်သူ့နီတိဟု ပြောရမည်ဖြစ်ကြောင်း၊ Mask တပ်ထားခြင်းမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်သလို တစ်ဖက်လူကိုလည်း ကာကွယ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းသို့နည်းတူ ကာကွယ်ဆေးထိုးခြင်းမှာလည်း ကိုယ့်ကိုယ်ကိုယ်ကာကွယ်သလို တစ်ဖက်လူကိုလည်း ကာကွယ်ပေးခြင်းဖြစ်ပြီး အထက်က ဗိုလ်ချုပ်ရှင်းပြသွားသည့် အထဲတွင်လည်း ပါပြီးဖြစ်ကြောင်း၊ အများစုထိုးထားလျှင် Hard Immunity ရသည့်အခါတွင် အပြင်ကပိုးက ဝင်လာရန်လည်း မလွယ်ကူသလို သူ့အထဲတွင် ကူးစက်ရန်လည်း မလွယ်ကူကြောင်း၊ USCDC ကလည်း တချို့ ကာကွယ်ဆေးထိုးထားပြီးသည့်သူများ အုပ်စုလိုက်ရှိနေလျှင် Mask ပင်ချွတ်လို့ ရသည်ဟူ၍ နောက်ပိုင်းတွင် Recommendation ထပ်ပြောကြောင်း၊ ကာကွယ်ဆေးထိုးခြင်းမှာ အင်မတန်မှအကျိုးရှိသည့် ကိစ္စဖြစ်သည့်အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်သင့်ပြီး ကိုယ့်အတွက်ရသည့် ဆေးမှာ အကောင်းဆုံးဆေးဖြစ်ကြောင်း လက်ခံပြီးထိုးဖို့လိုအပ်ကြောင်း။

### စည်းကမ်းလိုက်နာရန်အရေးကြီး

ရောဂါထိန်းချုပ်သည့် အပိုင်းသည်လည်း အလွန်အရေးကြီးကြောင်း၊ အနံ့ပျောက်စင်တာများခွဲထားခြင်း၊ Quarantine ထားခြင်းများမှာ အလွန်အရေးကြီးကြောင်း၊ *စာမျက်နှာ ၁၈ သို့*

> **“ Covid-19 ရောဂါ အပါအဝင် ကူးစက်တတ်သည့်ရောဂါ ထိန်းချုပ်သည့်အခါတွင် ကာကွယ်ခြင်း လုပ်ငန်းများရှိပြီး ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းစဉ်ရှိကြောင်း၊ ရောဂါကိုကုသသည့်လုပ်ငန်းစဉ်လည်း ရှိကြောင်း၊ ထို့အပြင် ယင်းကာလ တစ်ခုတည်းကိုသာ ကြည့်၍မရကြောင်း၊ ရင်ဆိုင်ရသည့် တတိယလှိုင်းကာလများတွင် သာမကဘဲ ဘယ်လောက်ထိ ဆက်ရှိနေနိုင်မလဲဆိုသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်တိုင်ကလည်း တွက်ချက်နေသည့် ကိစ္စတစ်ခုဖြစ်”**

**“သာမန်အားဖြင့် ဗုံးခွဲသည်ဆိုသည့်သူများကို ဖမ်းမိလိုက်သည့်အခါ အများအားဖြင့် လက်လုပ်လက်စားများဖြစ်ကြကြောင်း၊ ခိုင်းသည့်လူများတွင် ဒုတိယအဆင့်ခိုင်းသည့်လူ၊ တတိယအဆင့်ခိုင်းသည့်လူစသည်ဖြင့် ရှိကြောင်း၊ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး ထောက်ပံ့ပေးမှုတစ်စုံတစ်ရာ ရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်အဆင့်ဆင့် ခေါင်းပုံဖြတ်သွားသည်ကို တွေ့ရှိရ”**

*စာမျက်နှာ ၁၇ မှ*

Stay at home ဆိုသည်မှာလည်း အင်မတန်ထိရောက်သည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ Stay at home ဆိုသည်မှာ နိုင်ငံတကာမှာ Lockdown လုပ်သည်နှင့် မတူကြောင်း၊ Stay at home တွင် မည်သည့်မြို့နယ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ တွေ့မည်ဖြစ်ကြောင်း၊ မနေ့က သတင်းမှာလည်းပါကြောင်း၊ ယခင်က တစ်မြို့နယ်၊ နှစ်မြို့နယ် သာပါဝင်ပြီး သို့သော် နောက်ပိုင်းတွင် မည်သည့်ကိစ္စမပါဆိုသည်မှာ တစ်နည်းအားဖြင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် လုပ်ငန်းကိုင်ငန်းများ ကျပ်တည်းသွားမည်စိုးသည့်အတွက်ကြောင့် ယင်းသို့ ဖြေလျှော့ပြီး တစ်ပြိုင်နက်တည်း ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ယင်းသို့ စည်းမျဉ်း၊ စည်းကမ်းများ ထွက်လာသည့်အခါတွင် တိတိကျကျ လိုက်နာရန်မှာ အဓိကကျကြောင်း၊ ထိုမှသာလျှင် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ပထမလှိုင်းတွင် ဖြစ်ပွားမှုအနည်းဆုံးနှင့် နိုင်ငံတကာမှ အံ့သြချီးကျူးရသည့် အနေအထားဖြစ်ကြောင်း၊ ရန်ကုန်မြို့ပေါ်တွင် ရန်ကုန်မြို့ကြီးက ခြောက်ကပ်ပြီး လူများရှင်းသွားသည့် အနေအထားဖြစ်ပြီး သင်္ကြန်တွင်းကာလနှင့် တိုက်ဆိုင်ကြောင်း၊ ယင်းအချိန်တွင် First wave သိပ်မဖြစ်ကြောင်း၊ အကောင်းဆုံးအနေအထားနှင့် ကျော်လွှားနိုင်ကြောင်း၊ Second wave တွင် နည်းနည်းလိုက်နာမှုများ အားနည်းခြင်းနှင့် စစ်တွေဘက်မှ မျိုးပြောင်းသည့် ပိုးဝင်လာခြင်းကြောင့် Second wave ကို တော်တော်ရင်ဆိုင်ရကြောင်း၊ ရောဂါဖြစ်ပွားမှုကြာလာသည့် အခါတွင် လိုက်နာမှုအားနည်းလာသည့် အခါတွင် ကူးစက်မြန် ဒယ်လ်တာဗိုင်းရပ်စ်မျိုးပြောင်းကို ရင်ဆိုင်နေရကြောင်း၊ ကပ်ရောဂါဗေဒအရ ထောင်တက်နေသည့် အပိုင်းဖြစ်ကြောင်း၊ ထိုအရာကို မြန်မြန်ဦးကျိုးသွားစေရန် စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်လိုအပ်ကြောင်း၊ တစ်ဦးချင်းစီ ကာကွယ်ရန်လိုကြောင်း၊ ကာကွယ်ဆေးများ ရောက်ရှိလာသည့်အချိန်တွင် ကိုယ့်အတွက်ရရှိလာသည့် ဆေးအကောင်းဆုံးဆိုပြီး ထိုးနှံရန်လိုကြောင်း၊ နောက်တစ်ပိုင်းမှာ ကုသသည့်အပိုင်းဖြစ်ပြီး ကာကွယ်သည့်အပိုင်းနှင့် ထိန်းချုပ်သည့် အပိုင်းကောင်းလျှင် ကုသသည့်အပိုင်းတွင် ဝင်လာသည့်အခါ နည်းသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆိုလျှင် system နိုင်သည့် ပမာဏဆိုလျှင် ကောင်းကောင်းစီမံခန့်ခွဲ လုပ်နိုင်မည်ဖြစ်ပြီး ကာကွယ်သည့်အပိုင်း၊ ထိန်းချုပ်သည့်အပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုယ်စီကိုယ်စီ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရန်မှာ အင်မတန်အရေးကြီးကြောင်း ပြောကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က သတင်းစာရှင်းလင်းပွဲ မတက်ရောက်ဖြစ်သည်မှာ သုံးကြိမ်အထိရှိပြီဖြစ်ပါကြောင်း၊ မေးခွန်း နှစ်ခုခန့် မေးမြန်းလိုပါကြောင်း၊ ပထမမေးခွန်းအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းခရီးစဉ်တွင် အင်တာဗျူးများပြုလုပ်ခဲ့ပါကြောင်း၊ အလွန်စိတ်ဝင်စားစရာ အကြောင်းများ သိရှိခဲ့ရပါကြောင်း၊ မိမိအနေဖြင့် အကြောင်းအရာ နှစ်ပိုင်းပြောလိုပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးသည့်အချိန်မှစ၍ ဒုတိယအကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြည်ပခရီးစဉ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထိပ်သီးနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ဖိတ်ကြားခဲ့သည်မှာ မိမိတို့နိုင်ငံအနေဖြင့်ရော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ အနေဖြင့်ရော ဂုဏ်ယူစရာ ကောင်းကြောင်း၊ ဒုတိယအချက်အနေဖြင့် ရုရှားနိုင်ငံ၏ မီဒီယာတစ်ခုဖြစ်သော RIA သတင်းဌာနမှ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အင်တာဗျူးမှာ ပြန်လည်ဖြေကြားရာတွင် ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကို နိုင်ငံတော်ပြန်တမ်းထုတ်ပြန်၍ ရယူခဲ့သည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကြီးမှ ရှင်းပြပေးခဲ့ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည့် ရာထူးကို တီထွင်ဖန်တီးရုံသာမက နိုင်ငံတော်၏ အင်္ဂါစဉ်ဖြစ်သော protocol မှာလည်း သမ္မတနှင့် ဒုတိယသမ္မတ နှစ်ဦးကြားတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ အင်္ဂါစဉ်ကို နံပါတ် ၂ နေရာတွင် ထည့်သွင်းထားခဲ့သည်ကို ကြားသိရပါကြောင်း၊ ၎င်းကိစ္စကို သိလိုသည်မှာ သူရိယနေဝန်းဂျာနယ်အနေဖြင့် ယင်းကိစ္စကို ၂၀၁၆-၂၀၁၇ တွင် နိုင်ငံတော်အတိုင်ပင်ခံရာထူးကို တီထွင်ခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး ထောင်ထဲရောက်မသွားအောင် သိုသိုသိပ်သိပ် ရေးသားဝေဖန် ထောက်ပြခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ညီညွတ်ခြင်းမရှိဘဲ ၎င်းရာထူးကို ဖန်တီးလိုက်သည့် အတွက် ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတစ်ယောက်အတွက်သာ ထိုရာထူးရှိခဲ့၍ အများပြည်သူက ကြည်ဖြူသည်က တစ်ပိုင်းဖြစ်ကြောင်း၊ သို့သော် ၎င်း၏ အာဏာကုန်သွားသည့် အချိန်ရောက်လာမှာ မလွဲပါကြောင်း၊ နောင်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ရာထူးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဘဲ တက်လာမည့် မည်သည့်ပုဂ္ဂိုလ်မျိုးမဆို ၎င်းရာထူးကို ရယူပါက တိုင်းပြည်အတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ အထူးသဖြင့် သမ္မတနှင့် ဒုတိယသမ္မတကြားတွင် နံပါတ် ၂ အင်္ဂါစဉ်ထည့်သွားသည့်ကိစ္စသည် အလွန်အန္တရာယ်ရှိသည်ကို သူရိယနေဝန်းဂျာနယ်အနေဖြင့် ထောက်ပြရေးသားခဲ့ကြောင်း၊ မိမိသိလိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်အင်တာဗျူးတွင် ပြောကြားခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကို နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ခဲ့သည့် အချက်နှင့် အင်္ဂါစဉ်ကွာဟနေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံဥပဒေနှင့် ညီညွတ်မှုရှိခြင်းမရှိခြင်းနှင့် မည်ကဲ့သို့ အရေးယူသွားမည်ဆိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ရုရှားနိုင်ငံခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် RIA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းစဉ် ၎င်းသတင်းဌာနမှ ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် နိုင်ငံတော်အတိုင်ပင်ခံရာထူးကို ဥပဒေနှင့် မညီဘဲ ရယူထားသည်ကို သိပါကြောင်း၊ တပ်မတော်နှင့် နိုင်ငံရေးပါတီအချို့ ထောက်ပြခဲ့သည်ကို သိကြောင်း၊ တပ်မတော်အနေဖြင့် မည်သို့ပြန်လည် ပြောကြားလိုသည်ကို သိလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက အဓိကအချက်အနေဖြင့် နိုင်ငံတော်အတိုင်ပင်ခံရာထူးနှင့်ပတ်သက်၍ ၎င်းတို့သည် ပုဒ်မတစ်ခုကို အကြောင်းပြယူခဲ့ကြောင်း၊ အခြေခံဥပဒေပုဒ်မ ၂၁၇ တွင် ပါရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော ပြည်ထောင်စုအုပ်ချုပ်မှုအာဏာသည် သမ္မတတွင်သာရှိသည်ကို ရေးသားထားကြောင်း၊ ၎င်းစကားရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်က အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကိုလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းမပြုနိုင်ဟု မှတ်ယူခြင်းမရှိစေရဆိုသော အကြောင်းအရာများ ရေးသားထားကြောင်း၊ ၎င်းတို့သည် ယင်းအပိုဒ်ကိုသာယူလိုက်ကြောင်း။

### ဥပဒေနှင့်အညီ ဆောင်ရွက်မည်

ပြည်ထောင်စု လွှတ်တော်သည် အာဏာပိုင်အဖွဲ့အစည်း တစ်ယောက်ယောက်၊ လူပုဂ္ဂိုလ်တစ်ဦးဦးသော်လည်းကောင်း တာဝန်ပေးအပ်ခွင့်ရသည်ဆိုသည့်သဘောကို ကောက်ချက်ဆွဲခဲ့ကြောင်း၊ သို့သော် ရှေ့နောက်ဆက်စပ်မှု မရှိကြောင်း၊ ဥပဒေတွင် လိုချင်သည့် အကြောင်းအရာတစ်ခုတည်းကို ဆွဲထုတ်၍ မရကြောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းပုဂ္ဂိုလ်ကို အပ်နှင်းထားသည့် အခါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်သမ္မတအား လွှဲပြောင်းပေးအပ်သည်ဟု မှတ်ယူခြင်းမရှိစေရဆိုသည့် ကန့်သတ်ချက်များ ပါရှိကြောင်း၊ ၎င်းကန့်သတ်ချက်များကို ဖယ်ရှားပြီး အလယ်စာကြောင်းသာ ယူသုံးခဲ့ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၊ အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုကို တာဝန်ပေးလို့ရသည်ဆိုသည် ကို သုံးစွဲခဲ့ကြောင်း၊ ဥပဒေနှင့်မညီသည်ကို ကန့်ကွက်ခဲ့ကြောင်း၊ အများစုမဲဖြင့် ယင်းဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ အဓိကဆိုလိုသည်မှာ ယင်း ဥပဒေပြဋ္ဌာန်းချက်နှင့် ပတ်သက်ပြီး အရေးမကြီးကြောင်း၊ ၎င်းဥပဒေတွင် အခန်း ၅ ခန်း ပါရှိကြောင်း၊ အခန်း ၁ ခန်းတွင် စာကြောင်းရေ ၁၀ ကြောင်း၊ ၁၅ ကြောင်းထက်မပိုကြောင်း၊ ရည်ရွယ်ချက်နှင့် လုပ်ပိုင်ခွင့်များပါကြောင်း၊ ပြဋ္ဌာန်းလိုက်ပြီးနောက် နိုင်ငံတော် ပြန်တမ်းပါထုတ်ကြောင်း၊ ၎င်းပြန်တမ်း တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသည် သမ္မတနှင့် ဒုသမ္မတကြားတွင် ရှိသည်ဟု protocol တွင် ထည့်သွင်းခဲ့ကြောင်း၊ အခြေခံဥပဒေပုဒ်မ ၅၉ ကို ချိုးဖောက်ရာရောက်ကြောင်း၊ အခြေခံဥပဒေ ပုဒ်မ ၅၉ တွင် သီးခြားပြဋ္ဌာန်းထားကြောင်း၊ သမ္မတနှင့် ဒုသမ္မတ၏ အရည်အချင်းကို ပြဋ္ဌာန်းထားသောအချက်များရှိကြောင်း၊ က မှ ဆအထိ အပိုဒ် ခုနစ်ပိုဒ်ရှိကြောင်း၊ ၎င်းခုနစ်ပိုဒ်ထဲတွင် ၅၉ (စ) ပါရှိကြောင်း၊ ၅၉(စ) တွင် သမ္မတနှင့် ဒုသမ္မတသည် မိမိ၏ခင်ပွန်း၊ ဇနီး၊ သားသမီးများနှင့် ကန့်သတ်ထားကြောင်း၊ ၎င်း ဥပဒေပုဒ်မကို ကျော်လွှန်မရကြောင်း၊ ဥပဒေအရ အငြင်းပွားမှုများရှိကြောင်း၊ ပထမအဆင့်အနေဖြင့် ပုဒ်မ ၂၁၇ အရ မိမိလိုရာကို ဆွဲယူ၍ အများစုဆန္ဒဖြင့် ပြုလုပ်ခဲ့ကြောင်း၊ ပေါ်ပေါ်ထင်ထင် ချိုးဖောက်မှုအနေဖြင့် သမ္မတနှင့်ဒုသမ္မတကြား protocol ဝင်လိုက်ခြင်းဖြင့် ကန့်သတ်ထားသည့် ပုဒ်မ ၅၉(စ)ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ဒုတိယမေးခွန်း မေးမြန်းလိုပါကြောင်း၊ ဗိုလ်ချုပ်တို့ပြသခဲ့သည့် ABSDF လက်ကျန်ခွဲထွက် ခင်ကျော်၏ ဖွင့်ဟဝန်ခံချက်နှင့် ပတ်သက်ပြီး မိမိသိခဲ့သည်ကို ရှင်းပြလိုကြောင်း၊ ABSDF အဖွဲ့အစည်းကို စတင်ဖွဲ့စည်းခဲ့သည်မှာ ကျောင်းသားသမဂ္ဂမှ မိုးသီးဇွန်နှင့် မင်းကိုနိုင်တို့ လမ်းသုံးသွယ်ခွဲပြီး ကျောင်းသားတပ်မတော် ထူထောင်ရန် ကြိုးစားခဲ့ကြောင်း၊ နဝတမှ ၁၈ရက်နေ့တွင် အာဏာသိမ်းသည့်အခါ ထိုင်းနယ်စပ်ကို ထွက်ခွာခဲ့ကြောင်း၊ မိမိနှင့် မိုးသီးဇွန်က တစ်ဖွဲ့၊ ဝင်းမိုးနှင့် အောင်နိုင်က တစ်ဖွဲ့ဖြစ်ကြောင်း၊ ဝင်းမိုးနှင့်အောင်နိုင်က ထိုင်းနိုင်ငံကို ရောက်ရှိသွားခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် ဦးသန့်ဈာပန ကျောင်းသားခေါင်းဆောင် ထွန်းအောင်ကျော်က အရင်ရောက်နေကြောင်း၊ မိမိနှင့် မိုးသီးဇွန်မှာ မရောက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့က လူဘောင်သစ် ဒီမိုကရက်တစ်ပါတီကို ထူထောင်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဝင်းမိုးနှင့် အောင်နိုင်တို့က ထွန်းအောင်ကျော်ကို ဥက္ကဋ္ဌရွေးပြီး မျှော်လင့်ဘဲဥက္ကဋ္ဌ ဖြစ်လာကြောင်း၊ ထိုမှစ၍ ABSDF ကို စတင်ထူထောင်ခဲ့ကြောင်း၊ အစမှာပင် ပြဿနာဖြစ်ခဲ့ကြောင်း၊ ABSDF ဆိုသည့် ကျောင်းသားတပ်မတော်သည် ကမ္ဘာ့ ပထမဆုံး ကျောင်းသားတပ်မတော်ဟူ၍ ဂုဏ်ယူခဲ့ကြောင်း၊ သို့သော် ထိုစဉ်က ခေါင်းဆောင်ခဲ့သည့် ကျောင်းသားများ သည် တက္ကသိုလ်ကျောင်းသားများသာ ဖြစ်ကြောင်း၊ နိုင်ငံရေးအသိရှိသော လူများသာဖြစ်ကြောင်း၊ ABSDF အဖွဲ့သည် ၎င်းအချိန်က နိုင်ငံရေးပုံသဏ္ဌာန်ရှိကြောင်း၊ မိမိတို့အဖွဲ့သည် KNU လက်အောက်ခံ မဖြစ်ခဲ့ကြောင်း၊ မိုးသီးဇွန် တို့သည် KNU လက်အောက်မှ ရုန်းထွက် သည့်အခါ တနင်္သာရီဘက်ကို တပ်ရွှေ့ မည်ဆိုပြီးသွားသည့်အခါ အကုန်လုံး အဖမ်းခံခဲ့ရပြီး သေဒဏ်ပေးခံရကြောင်း၊ အသတ်မခံရဘဲ ပြန်လွှတ်ပေးခဲ့ကြောင်း၊ ကျောင်းသားတပ်မတော်တောင် မအောင်မြင်ခဲ့ပါကြောင်း။

### ရပ်တည်၍မရ

မြောက်ပိုင်း ပါဂျောင်တွင် လူသတ်ပွဲ လုပ်ခဲ့သည့် သံချောင်းတို့ကဲ့သို့ ရပ်ကွက်လူမိုက်ဆန်ဆန် ကျောင်းသားတပ်မတော် ဆိုင်းဘုတ်ကြီး ရောက်ရှိခဲ့ရကြောင်း၊ ၁၉၉၂ တွင် နိုင်အောင်အဖွဲ့နှင့် မိုးသီးဇွန် အဖွဲ့ နှစ်ဖွဲ့ကွဲခဲ့ကြောင်း၊ ခင်ကျော်က နိုင်အောင်အဖွဲ့တွင် ပါခဲ့ကြောင်း၊ မိုးသီးဇွန်လည်း ရပ်တည်၍မရတော့ကြောင်း၊ KNU နှင့် ပြေလည်သည့် ရခိုင်သန်းဝင်းတို့၊ နိုင်အောင်တို့ အာဏာရလာကြောင်း၊ ကျောင်းသားတပ်မတော်မှာ KNU လက်အောက်ခံဖြစ်ခဲ့ရကြောင်း၊ ၂၀၀၁ တွင် မိုးသီးဇွန်လည်း အမေရိကသို့ ခိုလှုံသွားကြောင်း၊ နှစ်ဖက်စလုံး သဘောတူမည့် သံခဲကိုကြားချပြီး ABSDF ဆိုင်းဘုတ်ကြီးကို ထားခဲ့ရကြောင်း၊ သံခဲနှင့် မျိုးဝင်းက ကျောင်းသားများဖြစ်သည့်အတွက် နိုင်ငံရေးအမြင်ရှိကြောင်း၊ ၂၀၁၂ က ဦးအောင်သောင်းနှင့်တွေ့ခဲ့ကြောင်း၊ ၂၀၁၂ ဒီဇင်ဘာတွင် ဦးအောင်မင်းနှင့် တွေ့ခဲ့ကြောင်း၊ MBC နှင့်တွေ့ပြီး ၂၀၁၅ မှာ KNU နှင့် အတူ သမ္မတ ဦးသိန်းစိန် လက်ထက်တွင် NCA ထိုးနိုင်ခဲ့ကြောင်း၊ ၈ ဖွဲ့မြောက်တွင် ABSDF အဖွဲ့ ပါလာခဲ့ကြောင်း၊ ခင်ကျော်သည် မြောက်ပိုင်း ပါဂျောင်တွင် ကျောင်းသားတစ်ရာကျော်ကို နဝတသူလျှိုအဖြစ် စွပ်စွဲခံရကြောင်း၊ လက်ရှိ PDF အဖွဲ့သည်လည်း ယင်းပုံစံမျိုးဖြစ်လာနိုင်ကြောင်း၊ သံချောင်းသည်လူမိုက်ဖြစ်ပြီး ကျောင်းသားလည်း မဟုတ်ကြောင်း၊ KIA နှင့် အဆင်ပြေ၍ ခေါင်းဆောင်ဖြစ်လာကြောင်း၊ သံချောင်းက နဝတသူလျှိုဆိုပြီး လူတစ်ရာကျော်ကို စွပ်စွဲကာ သုံးဆယ့်ငါးဦးကို ဖမ်းပြီး ရှစ်ဆယ်ကျော် ထိန်းသိမ်းခဲ့ကြောင်း၊ သုံးဆယ့်ငါးဦးကို သတ်မည်လုပ်ပြီး လူနှစ်ဆယ်ကျော်ကို လူမဆန်စွာ ရိုက်နှက်ပြီး ပြန်လွှတ်ပေးခဲ့ကြောင်း၊ ပါဂျောင်လူသတ်ပွဲကြောင့် ABSDF Image ကျဆင်းခဲ့ရကြောင်း။

ဖြုတ်၊ ထုတ်၊ သတ်တွင် ကျန်ခဲ့သည့် ခင်ကျော်တို့က NCA လက်မှတ်ထိုးသည့် ကိစ္စကို သဘောမတူဘဲ KNU တပ်မဟာ (၅) နယ်မြေ ဝေါလေကို ထွက်ပြေးခဲ့ကြောင်း၊ ၎င်းတို့သည် ယခုလိုကာလမျိုးကို စောင့်နေတာဖြစ် ကြောင်း၊ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးဆိုသလို ဖြစ်သွားကြောင်း၊ ခင်ကျော်တို့ တပ်မဟာ (၅) အဖွဲ့သည် ကြောင်ခံတွင်းပျက်များဖြစ်ကြောင်း၊ PDF အဖွဲ့သည် ကျောင်းသား အယောင်ဆောင်များဖြစ်ပြီး ရပ်ကွက်လူမိုက်များ၊ ဆက်ရက်တောင်ပံကျိုးများသာ ဖြစ်ကြောင်း၊ ခင်ကျော်က အကြမ်းဖက်ဗုံးခွဲသည့်နည်းများကို သင်တန်းပို့ချပေးကြောင်း၊ မိမိ အနေဖြင့် ခင်ကျော်ကို ရှုတ်ချခြင်းမဟုတ်ကြောင်း၊ နိုင်ငံရေး

*စာမျက်နှာ ၁၉ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၇-၂၀၂၁ စနေနေ့

### MRTV HD

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ
**၀၉:၄၅** ဆင်နွဲ့ချိန်ခါမင်္ဂလာတေးသံသာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** အောက်မေ့အခါခါအမှတ်တရများစွာ တည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)မှာ
**၁၁:၂၀** အနာဂတ်ဝင်ငွေကောင်းစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
**၁၃:၃၀** MRTV National News
**၁၇:၀၅** ပုံပြင်ကမ္ဘာအစီအစဉ် 'ပုံပြောကြမယ်'
**၁၇:၁၅** ရွှေယဉ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၀** MRTV Travelogue 'ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့ခရီးသွားခြင်း'(အပိုင်း-၂)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတစေပြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၃၀** **'ဂုဏယဏာဇာတ်တော်ကြီး'** (ရန်ကုန်တိုင်းဒေသကြီး)(ပထမပိုင်း)

### mitv

**07:01** News
**07:27** Great Shwedagon - The Planetary Posts
**07:39** Htan Taw Drums (Part-I) "Osi"
**07:52** Will you feed the pigeons?
**08:01** Weekly Review
**08:16** Diamond Lady
**08:33** Making Of Nawarat Rings
**08:49** Myanmar Masterclass: Artist Tin Win (Beikthano)
**09:01** Myanmar Family Life: Myanmar Code of Dress
**09:15** Myanmar Marionette
**09:43** Ecotourism: Tamu And Hand Washing Lake
**10:01** Don Min Artist
**10:20** A Pilgrimage To Prominent Pagodas In Pakokku
**11:21** Myanmar Puppet

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဇိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တိမ်ပင်လယ်သို့ခြေဆန့်ခြင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဝင်ငွေကောင်းတဲ့ဟာလာလုပ်ငန်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၃)
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာကြက်သားသုပ်(အပိုင်း-၂)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဂဝံယဉ်ကျေးမှု
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လေးရှင်းတောင်မီးပြတိုက်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်သားချဉ်ပြုလုပ်ပုံအဆင့်ဆင့်

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
**၁၁:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

*စာမျက်နှာ ၁၈ မှ*

သဏ္ဍာန်မရှိကြောင်း၊ ဗိုလ်ချုပ်တို့ ပြသခဲ့သည့် video clip များကို ကြည့်သည့်အခါ အကုန်နောင်တရနေကြောင်း၊ ဖမ်းမိသွားမှ နောင်တရနေကြောင်း၊ ပြတ်ပြတ်သားသား အရေးယူသင့်ကြောင်း၊ ယခု Gen-z များ၊ ကျောင်းသားလေးများ နောင်တရသည်ဆိုသည်ကို လက်ခံပါကြောင်း၊ ဒီနေ့ ဒီအချိန်ကို အခွင့်ကောင်းယူရန်စောင့်နေသည့် ခင်ကျော်ကဲ့သို့၊ သေဆုံးသွားသည့် သံချောင်းတို့ကဲ့သို့ ပုဂ္ဂိုလ်များက "ကျွန်တော်တို့ နောင်တရသွားပါပြီ၊ မှားခဲ့ပါတယ်" ဆိုသည်မှာ ဖမ်းမိသွား၍ ပြောခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားဖြစ်သည့် ရန်သူနှင့် အလင်းဝင်လာသည့်သူများကို ခေါင်းစဉ်ခွဲခြားပြီး စိစစ်ရန်လိုအပ်ကြောင်း၊ ခင်ကျော်တို့ကဲ့သို့ အကြမ်းဖက်သမားများ၊ ABSDF လက်ကျန်ခွဲထွက်အကြမ်းဖက်သမားများ တောထဲ၌ များစွာကျန်နေဦးမည်ဖြစ်ကြောင်း၊ ဒုတိယ ခင်ကျော်၊ ဒုတိယသံချောင်းတို့၊ ဒုတိယ ထွန်းတောက်နိုင်တို့ ထပ်လာဦးမည်ဖြစ် ကြောင်း၊ မိခဲ့လျှင်လည်း "**ကျွန်တော်တို့ မှားပါပြီ**" ဟု ပြောဦးမည်ဖြစ်သည့်အတွက် ယင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်သို့မူဝါဒချမှတ်ပြီး ဆောင်ရွက်သွားမည်ကို ရှင်းရှင်းလင်းလင်း သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလို သမိုင်းကြောင်းနှင့်ချီပြီး ရှင်းပြသည့်အတွက် ပိုပြီးပြည့်စုံပါကြောင်း၊ ဦးမိုးဟိန်းတို့ အနေနှင့်လည်း ၁၉၈၈ အရေးအခင်းကတည်းက ဗကပတွင် မိုးသီးဇွန်တို့၊ ကိုကိုကြီးတို့နှင့် တွဲလုပ်ခဲ့သည့်လူများဖြစ်ကြောင်း၊ ကျောင်းသားသမဂ္ဂများ၊ ABSDF နှင့် ထဲထဲဝင်ဝင်လုပ်ခဲ့သည့်လူများ ဖြစ်သည့်အတွက် ပိုပြီးသိပါကြောင်း၊ ယခုပြသသွားသည့် အချို့ video file များတွင် နောက်က လိုက်လုပ်နေသည့်သူ တစ်ယောက်မှ မပါပါကြောင်း၊ ခေါင်းဆောင်များသာဖြစ်ကြောင်း၊ ဖမ်းဆီးထိန်းသိမ်းမိသည့်လူများထဲတွင် လှုံ့ဆော်သည့်သူများမပါဘဲနှင့် အမှန်တကယ် နောက်က လိုက်လုပ်နေကြသူများ ရှိကြောင်း၊ ၎င်းတို့ကို စစ်ဆေးမေးမြန်းသည့်အခါတွင်လည်း အချိန်ကိုင့်ကွက်သောအားဖြင့် မိမိတို့ စစ်ဆေးမေးမြန်းမှုများကို အစုံမပြသပါကြောင်း၊ အချို့က အမှန်တကယ်နောင်တရနေသည့် အဖွဲ့များရှိကြောင်း၊ ကျောင်းသားအမည်ခံ လုပ်နေသည့်သူ များပါကြောင်း၊ ဦးမိုးဟိန်း ထောက်ပြသွားသည့်အချက်လည်း တန်ဖိုးရှိပါကြောင်း၊ ထို့အပြင် ငွေကြေးရသဖြင့် လုပ်ဆောင်သည့်အဖွဲ့များလည်း ရှိကြောင်း၊ သာမန်အားဖြင့် ဗုံးခွဲသည်ဆိုသည့်သူများကို ဖမ်းမိလိုက်သည့်အခါ အများအားဖြင့် လက်လုပ်လက်စားများဖြစ်ကြကြောင်း၊ ခိုင်းသည့်လူများတွင် ဒုတိယအဆင့်ခိုင်းသည့် လူ၊ တတိယအဆင့်ခိုင်းသည့် လူစသည်ဖြင့်ရှိကြောင်း၊ ငွေရေးကြေးရေး နှင့်ပတ်သက်ပြီး ထောက်ပံ့ပေးမှုတစ်စုံတစ်ရာရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် အဆင့်ဆင့် ခေါင်းပုံဖြတ်သွားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့ ရရှိထားသည်ဆိုသည့် ဒေါ်လာ ၉ သန်းလို ကိစ္စမျိုးရှိကြောင်း၊ ဦးမိုးဟိန်း ပြောသွားသည့်အထဲတွင် ယင်းတို့နှင့်ပတ်သက်ပြီး သွားရောက် တွေ့ဆုံသည့်အခါ ၎င်းတို့၏ လိုလိုလားလားပြောပြချက်များဖြစ်ကြောင်း၊ ပုံများတွင်လည်း ကြည့်လျှင် တွေ့နိုင်ပါကြောင်း၊ ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးစရာအကြောင်းလည်း မရှိပါကြောင်း၊ အချို့ကလည်း မိပြီးမှနောင်တရကြောင်း ပြောဆိုမှုများလည်းရှိကြောင်း၊ ဥပဒေနှင့် အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ကျူးလွန်ခဲ့သည့် ပြစ်မှုများ၊ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်မှုများအပေါ် မူတည်ပြီး ဥပဒေ အရဆောင်ရွက်သွားမည်ဟုသာ ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၇ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာမြေတစ်ဆုံး တွေ့အောင်ရှာမယ်

မိုးဦးဝေ

"တောက်"

မခံမရပ်နိုင်အောင်ဖြစ်လွန်းလို့တောက်ခေါက်မိပါတယ်။ မင်္ဂလာရှိတဲ့ နံနက်ခင်းမှာ စိတ်မချမ်းသာစရာ အနိဋ္ဌာရုံ မြင်ကွင်းကို တွေ့လိုက်ရလို့ ရက်စက်ယုတ်မာတဲ့သူတို့တွေကို ခံပြင်းဒေါသဖြစ်မိပါတယ်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အောင်ချမ်းသာရပ်ကွက် ဈေးအဝင်လမ်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ရေးအတွက် ပြည်သူတွေကို ပညာပေးဟောပြောတာတွေ၊ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းတွေ လိုက်လံဝေငှတာတွေ လုပ်ပေးနေတဲ့ တာဝန်သိတဲ့ ပြည်သူတွေကို အကြမ်းဖက်သမားတွေက ဆင်ခြင်တုံတရား ကင်းမဲ့စွာနဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြပါတယ်။

## ခံပြင်းဒေါသထွက်

ဇူလိုင်လ ၁၄ ရက်နေ့ နံနက်က ဖြစ်ခဲ့တဲ့ အဆိုပါဖြစ်စဉ် ဗီဒီယိုဖိုင်တစ်ခု နေ့လယ်ပိုင်းမှာ လူမှုကွန်ရက်စာမျက်တွေပေါ် တက်လာတာကို တွေ့လိုက်ရပါတယ်။ မြစ်ငယ်မြို့က လူစည်ကားတဲ့ ဈေးအဝင်လမ်းမှာ ဒေါ်သက်သက်ချိုနဲ့ ပြည်သူ ခုနစ်ဦးက ရပ်သူရပ်သားတွေကို ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးတာတွေ၊ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းတွေ ဝေငှနေတုန်းမှာ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်နဲ့ ရောက်လာပြီး သေနတ်နဲ့ ပစ်ခတ်ထွက်ပြေးသွားတဲ့ ဗီဒီယိုကို တွေ့လိုက်ရပါတယ်။

အကြမ်းဖက်သမားတွေဟာ ဒေါ်သက်သက်ချိုကို ဦးတည်ပြီး သေနတ်ကိုးချက် ပစ်ခတ်ခဲ့ရာမှာ ဒေါ်သက်သက်ချို ဦးခေါင်းကို သေနတ်မှန်ပြီး နေရာမှာပဲ လဲကျသေဆုံးသွားတာ တွေ့လိုက်ရပါတယ်။ သေနတ်ထိမှန် ဒဏ်ရာရတဲ့ အမျိုးသားသုံးဦး လဲကျသွားတာ၊ အရပ်သူအရပ်သားတွေ အထိတ်တလန့် ထွက်ပြေးကြတဲ့ တကယ့်ဖြစ်ရပ်မြင်ကွင်းကို တွေ့လိုက်ကြရတဲ့ ကျွန်တော်အပါအဝင် ပြည်သူတွေ ခံပြင်းဒေါသထွက်ခဲ့ကြပါတယ်။

ယခုအခါမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဟာ တစ်နိုင်ငံလုံးဖြစ်ပွားမှု မြင့်မားနေတာကြောင့် ပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်စရာအဖုံဖုံတွေနဲ့အတူ ရောဂါကူးစက်ခံရသူတွေနဲ့ မိသားစုတွေဟာလည်း ဒုက္ခဆင်းရဲတွေနဲ့ ကြုံတွေ့နေကြပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့ရွာတွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ တာဝန်သိ အရပ်သူ အရပ်သားတွေက ပြည်သူတွေ ကပ်ရောဂါဘေးဆိုးကြီးမှ ကာကွယ်တားဆီး ကင်းဝေးစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ၊ အထောက်အပံ့ပေးတဲ့လုပ်ငန်းတွေ ဝိုင်းဝန်းဆောင်ရွက်နေကြတာကို နေ့စဉ်မြင်တွေ့နေရပါတယ်။

ပြည်သူတွေ ရောဂါမကူးဖို့ ပါးစပ်နဲ့ နှာခေါင်း အကာအကွယ်တပ်ဖို့ Mask တွေ၊ လက်ကို ဆေးကြောသန့်စင်နိုင်ဖို့ လက်သန့်ဆေးရည် Hand Spray၊ Hand Gel၊ ဆပ်ပြာရည်၊ အရက်ပြန်တွေ စတဲ့ အထောက်အပံ့ပစ္စည်းတွေ လိုက်လံဝေငှပေးနေကြတဲ့ မြင်ကွင်းတွေကို နေ့စဉ်တွေ့မြင်နေရပါတယ်။ ပြည်သူတွေ ကူးစက်မြန်ကပ်ရောဂါဘေးဆိုးကြီးမှ ကာကွယ်တားဆီးကင်းဝေးစေဖို့အတွက် စေတနာရှေ့ထား ကူညီဆောင်ရွက်ပေးနေသူတဲ့သူတွေ၊ လှူဒါန်းကူညီနေတဲ့သူတွေ အားလုံးတို့ကို ကျေးဇူးတင်မိပါတယ်။ ပြည်သူတွေ ကျန်းမာရေးကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးနေတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

## နိုင်ငံရေးပယောဂ

ယနေ့ကာလမှာ နိုင်ငံရေးကို အကြောင်းပြုလို့ ပေါ်ပေါက်လာတဲ့ အဖျက်အမှောင့် လုပ်ရပ်တွေကို အမှုမထားနိုင်ဘဲ ဘဝရပ်တည်ရှင်သန်ရေးအတွက် ပြည်သူတွေ စွန့်စွန့်စားစား ရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ ကပ်ရောဂါဘေးဆိုးကြီး ဖြစ်နေပေမယ့်လည်း ပြည်သူတွေဟာ အန္တရာယ်ကြားမှာပဲ သတိထားပြီး ရုန်းကန်

> ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကျရောက်နေတာကြောင့် ပြည်သူလူထု စိုးရိမ်ထိတ်လန့် ပူပန်သောကရောက်နေတဲ့ အချိန်မှာ အပြစ်မဲ့ပြည်သူတွေ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်စေတဲ့ အကြမ်းဖက်ရက်စက် ယုတ်မာမှုတွေဟာ အံ့မခန်းရက်စက် ယုတ်မာမှုကြီးအဖြစ် မှတ်တမ်းဝင်သွားပါပြီ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း လုပ်ကြံသတ်ဖြတ်ခံရတဲ့ ကမ္ဘာ့အရက်စက်ဆုံး လူမဆန်စွာ ရက်စက်ယုတ်မာမှုကို ကုလသမဂ္ဂလို နိုင်ငံတကာ အဖွဲ့အစည်းကြီးတွေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွေ သိဖို့လိုပါတယ်

လှုပ်ရှားနေကြရပါတယ်။ ပြည်သူတွေ ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက် ကူညီပေးနိုင်ဖို့အတွက် လုံခြုံရေးတပ်ဖွဲ့တွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ တာဝန်သိပြည်သူတွေဟာ စွန့်စွန့်စားစား ကူညီဆောင်ရွက်ပေးနေကြပါတယ်။ ပြည်သူတွေအနေနဲ့ စိတ်အေးချမ်းသာစွာနဲ့ သွားလာလှုပ်ရှား လုပ်ကိုင်နေချင်ကြပါတယ်။ ဒီအချိန်မှာ မြစ်ငယ်မြို့က စိတ်မချမ်းသာစရာအဖြစ်အပျက်ဟာ ပြည်သူတွေအနေနဲ့ စိတ်မချမ်းသာစွာနဲ့ စိတ်ပျက်လက်ပျက်ဖြစ်ရပါတယ်။

ဒီလုပ်ရပ်ဟာ ရက်စက်ယုတ်မာမှု ကမ်းကုန်ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေဟာ

> ❊ ဒီလုပ်ရပ်ဟာ ရက်စက်ယုတ်မာမှု ကမ်းကုန်ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေဟာ စာသင်ကျောင်းတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးတွေ၊ အများပြည်သူ နေရာတွေကို မီးရှို့၊ ဗုံးခွဲဖျက်ဆီးခဲ့ကြတဲ့အပြင် ဒလန်လို့ စွပ်စွဲခံရသူတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို သတ်ဖြတ်ခဲ့ကြပါတယ်။ ယုတ်မာညစ်ထေးတဲ့ နိုင်ငံရေးပယောဂလို့ ဆိုရမှာ ဖြစ်ပါတယ်

စာသင်ကျောင်းတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးတွေ၊ အများပြည်သူ နေရာတွေကို မီးရှို့၊ ဗုံးခွဲဖျက်ဆီးခဲ့ကြတဲ့အပြင် ဒလန်လို့ စွပ်စွဲခံရသူတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို သတ်ဖြတ်ခဲ့ကြပါတယ်။ ယုတ်မာညစ်ထေးတဲ့ နိုင်ငံရေးပယောဂလို့ ဆိုရမှာ ဖြစ်ပါတယ်။

## မကြာမီပြိုလဲမည်

ယခုဖြစ်ရပ်ကတော့ ကပ်ရောဂါဘေးဆိုးကြီး ကျရောက်နေချိန်မှာ ပြည်သူတွေ ရောဂါဘေးကင်းဝေးရေးအတွက် ကူညီဆောက်ရွက်ပေးနေတဲ့ တာဝန်သိပြည်သူတွေကို တမင်ရွေးချယ်လို့ ရက်ရက်စက်စက် အသိဉာဏ်မဲ့တဲ့ ပြည်သူလူထုပျက်စီးရေး မိုက်မဲမှုကြီးပဲဖြစ်ပါတယ်။ အများပြည်သူအတွက် ကောင်းကျိုးပြုနေစဉ်မှာ သေဆုံးရတာဖြစ်လို့ မြတ်ပါတယ်။

ပြည်သူလူထုကို ကူညီထောက်ပံ့ပေးနေတဲ့ တာဝန်သိပြည်သူတွေကို ရက်ရက်စက်စက် ယုတ်ယုတ်မာမာ လူသတ်လက်နက်နဲ့ အချက်ပေါင်းများစွာ ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့၊ အသိဉာဏ်မဲ့တဲ့၊ သူရဲဘောကြောင်တဲ့ PDF သူရဲကောင်းကြီးတွေ၊ ရဲရင့်ပြောင်မြောက်လှတဲ့ CRPH သူရဲကောင်းကြီးတွေ၊ ရဲစွမ်းထက်မြက်လှတဲ့ NUG သူရဲကောင်းကြီးတွေနဲ့ ပြည်တွင်းက အသိဉာဏ်မဲ့တဲ့ တဖောက်ကန်းမိုက်ရူးရဲလူမိုက်တွေရဲ့ လုပ်ရပ်နဲ့လားရာတွေဟာ ပြည်သူလူထုကြားမှာ ထင်ရှားသည်ထက် ထင်ရှားလာပါတယ်။ ပေါ်လွင်သည်ထက် ပေါ်လွင်လာပြီဖြစ်ပါတယ်။

အပြစ်မဲ့ပြည်သူတွေအပေါ် ဤသို့ဤပုံ အကြံပက်စက်ဆန်ကောလောက်မှဖောက်မနက်တဲ့ယုတ်မာပက်စက်မှုတွေဟာ ကမ်းကုန်လာခဲ့ပြီဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကြောင့် CRPH၊ NUG၊ PDF နဲ့ လက်ဝေခံ အကြမ်းဖက်သမားတွေအပေါ် ပြည်သူတွေရဲ့ ပြစ်တင်ရှုတ်ချ ဝေဖန်သံတွေ ကြားနေရပါတယ်။

## ကမ္ဘာ့မှတ်တမ်းဝင်

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကျရောက်နေတာကြောင့် ပြည်သူလူထု စိုးရိမ်ထိတ်လန့် ပူပန်သောကရောက်နေတဲ့အချိန်မှာ အပြစ်မဲ့ပြည်သူတွေ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်စေတဲ့ အကြမ်းဖက်ရက်စက်ယုတ်မာမှုတွေဟာ အံ့မခန်းရက်စက်ယုတ်မာမှုကြီးအဖြစ် မှတ်တမ်းဝင်သွားပါပြီ။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း လုပ်ကြံသတ်ဖြတ်ခံရတဲ့ ကမ္ဘာ့အရက်စက်ဆုံး လူမဆန်စွာ ရက်စက်ယုတ်မာမှုကို ကုလသမဂ္ဂလို နိုင်ငံတကာ အဖွဲ့အစည်းကြီးတွေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွေ သိဖို့လိုပါတယ်။

အိုင်အက်စ်စစ်သွေးကြွတွေထက် သာလွန်တဲ့ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုကို ကမ္ဘာ့မှတ်တမ်းဝင်ဖို့ ဘယ်မီဒီယာတွေဆော်ဩကြမှာလဲ။ CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေကို ဝန်းရံနေတဲ့ အကြမ်းဖက်အားပေးတဲ့ DVB၊ Mizzima၊ Irrawaddy၊ Khit Thit၊ Myanmar Now၊ VOA၊ BBC၊ RFA ပြည်ပအထောက်ပံ့ခံ သတင်းဌာနတွေကတော့ ထုံးစံအတိုင်း အများကောင်းကျိုးပြုလုပ်နေတဲ့ အမျိုးသမီးတစ်ဦးအား ရက်ရက်စက်စက် သတ်ဖြတ်ခံရတဲ့ဖြစ်စဉ်ကို ဒလန်မို့လို့ သတ်တယ်လို့ဆိုပြီး ပုံဖော် ဖော်ပြကြမှာ သေချာပါတယ်။

ဘယ်လိုပင် ပုံဖော်နေကြပါစေ။ အကြမ်းဖက်လမ်းစဉ်နဲ့ တိုင်းပြည်အလုံးစုံပျက်စီးရေး ဖန်တီးနေတဲ့ CRPH၊ NUG၊ PDF တို့ဟာ ပြည်သူ့ချဉ်ဖတ်ဖြစ်လာပြီး ပြေးစရာမြေမရှိဖြစ်လာတော့မှာ သေချာပါတယ်။ CRPH၊ NUG၊ PDF အကြမ်းဖက်သမား လူဆိုးလူမိုက်တွေကို ကျွန်တော်တို့ ပြည်သူတွေ ကိုယ်တိုင် မြေလှန်ရှာပြီး အမြစ်ပါမကျန် ချေမှုန်းပစ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ CRPH၊ NUG၊ PDF အကြမ်းဖက်သမားတွေ ကျဆုံးပြီးရင်း ကျဆုံးပြီး ပြုတ်ပြုတ်ပြုန်းသွားမည်မှာ သေချာနေပါတယ်။ အကြမ်းဖက်သမား CRPH , NUG , PDF တွေကို ကမ္ဘာမြေတစ်ဆုံး တွေ့အောင်ရှာပြီး ချေမှုန်းပစ်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ ။

> ❖ အိုင်အက်စ်စစ်သွေးကြွတွေထက် သာလွန်တဲ့ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုကို ကမ္ဘာ့မှတ်တမ်းဝင်ဖို့ ဘယ်မီဒီယာတွေ ဆော်ဩကြမှာလဲ။ CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေကို ဝန်းရံနေတဲ့ အကြမ်းဖက်အားပေးတဲ့ DVB၊ Mizzima၊ Irrawaddy၊ Khit Thit၊ Myanmar Now၊ VOA၊ BBC၊ RFA ပြည်ပအထောက်ပံ့ခံ သတင်းဌာနတွေကတော့ ထုံးစံအတိုင်း အများကောင်းကျိုးပြုလုပ်နေတဲ့ အမျိုးသမီးတစ်ဦးအား ရက်ရက်စက်စက် သတ်ဖြတ်ခံရတဲ့ဖြစ်စဉ်ကို ဒလန်မို့လို့ သတ်တယ်လို့ဆိုပြီး ပုံဖော် ဖော်ပြကြမှာ သေချာပါတယ်

# အင်းစိန်မြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းနှင့် ဆက်စပ်သူများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၆

**ဆူပူအကြမ်းဖက်မှုကိုလိုလားသူ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ အများပြည်သူလူထုသွားလာလှုပ်ရှားလျက်ရှိသည့် နေရာများအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကိုထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်း စာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ပြုလုပ်နေသော တရားခံ ရဲဝင်းထွဋ်(၄၅နှစ်) အငှားယာဉ်မောင်းအား အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းရှိ City Golf Resort ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင် ဆက်စပ်တရားခံ အောင်နိုင်သူ(ခ)Rain(၂၉နှစ်)နှင့် ထွန်းဇော်ချစ် (၂၄နှစ်)တို့ နှစ်ဦးအား TNT ယမ်းဘူးရှစ်ဘူး၊ ဒီတိုနေတာ ရှစ်ချောင်းတို့နှင့်အတူ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ဇဟိုအသင်းတော် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်နိုင်သူ (ခ) Rain ၏ ထွက်ဆိုချက်အရ ဇူလိုင် ၃ ရက် ညနေပိုင်းတွင် ဆက်စပ်တရားခံများဖြစ်သော ခန့်ထက်နိုင်(ခ)အပုလေး (၂၀နှစ်)နှင့် ဟိန်းဇော်အောင်(၂၈နှစ်)တို့ နှစ်ဦးအား မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းဓမ္မလမ်းရှိ သီရိဧည့်ရိပ်သာတွင် ဖမ်းဆီးရမိခဲ့ပြီး ခန့်ထက်နိုင်(ခ)အပုလေး၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၃)လွှာ အမှတ် (၅၉/B) လူမနေသော တိုက်ခန်းအား လုံခြုံရေးအဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်းနှစ်လုံး၊ လုပ်သေနတ် (ကျည်ကတ်အပါ) တစ်လက်၊ ဒီတိုနေတာ ၁၁ ချောင်း၊ ယမ်းကြိုးခွေကိုက် ၇၀ နှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဟိန်းဇော်အောင်၏ ထွက်ဆိုချက်အရ ညပိုင်းတွင် လုံခြုံရေးအဖွဲ့များသည် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် တိုက်အမှတ် (၆၅၆) (၅)လွှာအား ဝင်ရောက်ရှာဖွေခဲ့ရာ ဆက်စပ်တရားခံ ငြိမ်းချမ်းအောင်(ခ) ငြိမ်းချမ်း(၂၃နှစ်)အား ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၂ တောင့်၊ လက်လုပ်သေနတ်သုံးလက်၊ ပွိုင့်-၂၂ ကျည် ၄၉ တောင့်၊ ၉၁ လက်ပစ်ဗုံးနှစ်လုံး၊ လက်လုပ်မိုင်းနှစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်ရန် ပြင်ဆင်ထားသော ပိုက် ၁၄ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ငြိမ်းချမ်းအောင်၏ ထွက်ဆိုချက်အရ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ပေါက်တောဝရပ်ကွက် KBZ ဘဏ်အနီး၌ ဆက်စပ်တရားခံ ငြိမ်းချမ်းကို (၃၀နှစ်) အား Beretta 92 ပစ္စတို (အသံတိတ်ပြောင်းအပါ) တစ်လက်၊ Stoeger Cougar 8000 ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၈ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ငြိမ်းချမ်းကို၏ ထွက်ဆိုချက်အရ မွန်းလွဲပိုင်းတွင် လုံခြုံရေးအဖွဲ့များသည် အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ ကမ်းနားအလယ်ရပ်ကွက် တိုက်အမှတ်(၆) အခန်း(၄၀၂)အား ဝင်ရောက်ရှာဖွေခဲ့ရာ ဆက်စပ်တရားခံ မင်းညီ(ခ)သက်နိုင်လင်း (၂၉နှစ်)၊ ကောင်းမြတ်ပိုင်(ခ) ကောင်းမြတ် (၂၁နှစ်)၊ ဇင်မင်းထက်(ခ)အရှည်ကြီး (၁၇နှစ်)၊ သက်ဝင်းထွန်း (ခ)ဇွဲ (၁၇နှစ်)နှင့် နန်းသူသူအောင်(ခ)မသူ(၂၉နှစ်) တို့ငါးဦးအား Czech နိုင်ငံထုတ် ၉ မမ ပစ္စတို တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၉ မမ Luger ကျည် ၁၂ တောင့်၊ လက်လုပ်မိုင်းတစ်လုံး၊ ယမ်းထုပ်လေးထုပ်၊ ကန့် ၂၃ ထုပ်၊ ယမ်း/မီးသွေးရောစပ်ထားသော ကော်ဘူးနှစ်ဘူး၊ လက်လုပ်မိုင်း ပြုလုပ်ရန် အသုံးပြုသော ပိုက်လုံး ၁၈ ချောင်းနှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ခန့်ထက်နိုင်(ခ)အပုလေး၏ ထွက်ဆိုချက်အရ ညနေပိုင်းတွင် ဆက်စပ်တရားခံ ဇေယျာ (၃၄နှစ်)အား မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အလယ်ဇဟိုလမ်းရှိ "ရွှေကောင်းကြွယ်" လက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကောင်းမြတ်ပိုင်၏ ထွက်ဆိုချက်အရ ဇူလိုင် ၅ ရက် ညနေပိုင်းတွင် KNLA တပ်မဟာ (၅)နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် ချိတ်ဆက်စေလွှတ်ပေးသူ တရားခံ ရဲရင့်အောင်(၄၀နှစ်)အား မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ(၇)လမ်း အမှတ်(၁၄၉) တွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ ခန့်ထက်နိုင်(ခ)အပုလေး၏ ထွက်ဆိုချက်အရ ဇူလိုင် ၅ ရက် ညပိုင်းတွင် ဆက်စပ်တရားခံ ဇေယျ(ခ)ဇေယျာမင်းထက် (၂၁နှစ်)အား မရမ်းကုန်းမြို့နယ် သမိုင်းမြို့သစ်(၁)ရပ်ကွက် (၁၁)လမ်း၌ လည်းကောင်း၊ ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ဆက်စပ်တရားခံ စိုးမင်းသန်း(ခ)စောဖိုးခွား (၂၇နှစ်)အား မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်းမြို့ဟောင်း (၈)လမ်း၌ လည်းကောင်း၊ ဇူလိုင် ၁၀ ရက် ညနေပိုင်းတွင် ဆက်စပ်တရားခံ တင်လင်း(၂၈နှစ်)အား မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီးနှင့် သမိုင်းဘူတာရုံလမ်းထောင့်ရှိ City Mart ၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

တရားခံတင်လင်း၏ ထွက်ဆိုချက်အရ ညနေပိုင်းတွင် ဆက်စပ်တရားခံ ဝင်းပပအောင်(ခ)ပပ (၄၂နှစ်)အား အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်း အနောက်ကြို့ကုန်းရပ်ကွက် Denko ဆီဆိုင်အနီး၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝင်းပပအောင်(ခ)ပပ ၏ ထွက်ဆိုချက်အရ ညပိုင်းတွင် လုံခြုံရေးအဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၁၅)ရပ်ကွက် နွယ်နီ(၃)လမ်း နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဆက်စပ်တရားခံ အောင်ဇော်မိုး (၄၆နှစ်)နှင့် မအေးအေးမင်း (၄၇နှစ်)တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဟိန်းဇော်အောင် ၏ ထွက်ဆိုချက်အရ ဇူလိုင် ၁၁ ရက် ညပိုင်းတွင် မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၇)လမ်း အမှတ်(၅၀၆)နေအိမ်၌ ဆက်စပ်တရားခံ သန့်ဇင်(၃၀နှစ်)နှင့် ကျော်ဝေယံထွန်း(ခ)ကျော်ကြီး (၂၇နှစ်)တို့နှစ်ဦးအား လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများဖြစ်သော အပုလေး၊ ဟိန်းဇော်အောင်၊ ငြိမ်းချမ်းအောင်၊ ငြိမ်းချမ်းကို(ခ)ကောက်ကွေး၊ ဇေယျာတို့ငါးဦး၏ ထွက်ဆိုချက်အရ ၎င်းတို့သည် အောင်ဆက်(စိစစ်ဆဲ)၊ အင်းစိန်(စိစစ်ဆဲ)၊ ကုလား(စိစစ်ဆဲ)၊ ကိုစော (စိစစ်ဆဲ) တို့နှင့်အတူ နေရာများခွဲ၍ လက်လုပ်မိုင်းများအား အင်းစိန် (ကညနရုံး)တွင် တစ်ကြိမ်၊ အင်းစိန် (BPI ဆေးဝါးစက်ရုံလမ်းဆုံ)တွင် တစ်ကြိမ်၊ မရမ်းကုန်း(လဝကရုံး) တွင် နှစ်ကြိမ်၊ မရမ်းကုန်း (တိရစ္ဆာန်ကုဆေးခန်းရှေ့)တွင် တစ်ကြိမ်၊ မရမ်းကုန်း (၁-ရပ်ကွက်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့၏ယာဉ်)တွင် တစ်ကြိမ်၊ မရမ်းကုန်း (ယာဉ်ထိန်းရုံး) တွင် တစ်ကြိမ် စုစုပေါင်း ခုနစ်ကြိမ် ဖောက်ခွဲခဲ့ကြောင်း သိရသည်။

တရားခံများဖြစ်သော ငြိမ်းချမ်းအောင်၊ ငြိမ်းချမ်းကို၊ ဟိန်းဇော်အောင်၊ မင်းကိုကိုတို့ ထွက်ဆိုချက်အရ ဇွန် ၃ ရက်တွင် Eddie ၏ စေခိုင်းမှုဖြင့် လူတစ်ဦးအား ပါရမီတံတားအောက်၌ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ထိုသူမှာ ဟိန်းဇော်အောင်၏ ယခင်သိကျွမ်းရင်းနှီးခဲ့သော ပရိဘောဂကုမ္ပဏီမှ မန်နေဂျာ တစ်ဦးဖြစ်သဖြင့် လုပ်ကြံမှုမပြုခဲ့ကြောင်း၊ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်နေ တက္ကစီယာဉ်မောင်းတစ်ဦးအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံရန်စီစဉ်ခဲ့သော်လည်း ကျည်မထွက်သဖြင့် လုပ်ကြံမှု မအောင်မြင်ခဲ့ကြောင်း သိရသည်။

တရားခံများဖြစ်သော မင်းညီနှင့် ငြိမ်းချမ်းကိုတို့၏ ထွက်ဆိုချက်အရ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရာအိမ်မှူး ဦးမောင်မောင်မြင့် (၅၃နှစ်)အား လုပ်ကြံသတ်ဖြတ်သည့် မှန်လေး (အင်းစိန်)အဖွဲ့ထံ ငြိမ်းချမ်းကိုမှ ၎င်း၏ အသံတိတ်ပြောင်းပါ ပစ္စတိုအား ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်၌ တရားခံကျား ၂၀၊ မနှစ်ဦး၊ ပေါင်း ၂၂ ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ ပစ္စတိုလေးလက်၊ လုပ်သေနတ်လေးလက်၊ ကျည်မျိုးစုံ ၉၁ တောင့်၊ လက်ပစ်ဗုံးနှစ်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ငါးလုံး၊ ဒီတိုနေတာ ၁၉ ချောင်း၊ အကြမ်းဖက်ရာတွင်အသုံးပြုသည့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အဖွဲ့သည် အင်းစိန်မြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခြင်းများနှင့် အစိုးရဌာနဆိုင်ရာရုံးများအား ဖောက်ခွဲဖျက်ဆီးရန် ဆောင်ရွက်ခဲ့သည့် အဖွဲ့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

အင်းစိန်မြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေး တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိသည့် အခြေပြဇယား



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဟောင်း ဦးစိုင်းရွဲန်တစ်လုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဟောင်း ဒေါက်တာထွန်းလှိုင်၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ဦးစိုးမင်းထွန်း၊ ဦးအောင်ကျော်နိုင်နှင့် ဇနီး ဒေါ်တင်တင်ထွေး တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေး အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဟောင်း ဦးစိုင်းရွဲန်တစ်လုံနှင့် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟောင်း ဒေါက်တာထွန်းလှိုင်တို့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးဒေသဇုန်ဝင်ခွင့် ကောက်ခံရေးလုပ်ငန်း တင်ဒါအောင်မြင်သော လုပ်ငန်းရှင်တစ်ဦးထံမှ ရရန်ရှိသည့် တင်ဒါကျန်ငွေကျပ် သိန်း ၃၀၀၀ ကျော်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၈) ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးချုပ်က လျှော့ပေးပိုင်ခွင့်မရှိသည့် တန်ဖိုး ၅၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ခြင်း၊ ထိုသို့ လျှော့ချပေးခဲ့သော်လည်း ပေးသွင်းရန်ကျန်ရှိသည့် ငွေကျပ်သိန်း ၁၇၀၀ ကျော်ကို စစ်ဆေးခဲ့သည့် အချိန်အထိ ပြန်လည်ရရှိအောင် စီမံဆောင်ရွက်နိုင်မှု မရှိခြင်း၊ စာချုပ်ပါစည်းကမ်းအတိုင်း ဥပဒေနှင့် အညီ အရေးယူရန် ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးများကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဟောင်း ဦးစိုင်းရွဲန်တစ်လုံသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အင်းလေးဒေသဇုန်ဝင်ခွင့်ကောက်ခံရေးလုပ်ငန်းကို ပြည်နယ်အစိုးရသို့ ပေးသွင်းရန် ငွေပမာဏ သတ်မှတ်ပေးခြင်းမရှိဘဲ ၎င်းတစ်ဦးတည်းသဘောဖြင့် လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းကြောင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် ဘဏ္ဍာငွေသိန်း ၁၀၀၀၀ ကျော်ခန့် ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဟောင်း ဦးစိုင်းရွဲန်တစ်လုံနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဟောင်း ဒေါက်တာထွန်းလှိုင်တို့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အင်းလေးဒေသဇုန် ဝင်ခွင့်ကောက်ခံရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ပြည်နယ်အစိုးရက တားမြစ်သည့် ကုမ္ပဏီတစ်ခုကို အာမခံအဖြစ်တင်ပြရမည့် ငွေကျပ်သိန်း ၁၄၀၀၀ နှင့်ညီမျှသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများကို တင်ပြခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် တင်ဒါကြွေးကျန်နှင့် ဒဏ်ကြေးငွေကျပ်သိန်း ၁၁၀၀၀ ကျော်ကို ပြန်လည်မရရှိခဲ့ဘဲ နိုင်ငံတော်၏ငွေကြေးများ ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟောင်း ဒေါက်တာထွန်းလှိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်တို့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ယခင် ဘဏ္ဍာရေးနှစ်အတွက် ကြွေးကျန်ပေးသွင်းရန် ကျန်ရှိသောကုမ္ပဏီကို အာမခံအဖြစ် တင်သွင်းရမည့် ငွေကျပ် ၁၂၁၄၅ သိန်းနှင့် ညီမျှသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများကို တင်ပြခြင်းမရှိဘဲ ထပ်မံလုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် တင်ဒါကြွေးကျန် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်ကို ပြန်လည်မရရှိခဲ့ဘဲ နိုင်ငံတော်၏ငွေကြေးများ ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ဦးစိုးမင်းထွန်း၊ ဦးအောင်ကျော်နိုင်နှင့် ဇနီး ဒေါ်တင်တင်ထွေးတို့သည် အင်းလေးဒေသဇုန်ဝင်ခွင့်ကောက်ခံရေးလုပ်ငန်းအတွက် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများကို အာမခံအဖြစ် တင်ပြခြင်းမရှိဘဲ ပိုင်ဆိုင်မှုစာရင်းကိုသာတင်ပြ၍ လုပ်ကိုင်ခွင့်ရယူခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကြွေးကျန်နှင့် ဒဏ်ကြေးငွေကျပ် သိန်း ၁၁၀၀၀ ကျော်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကြွေးကျန် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်ကို ယနေ့အထိ ပေးသွင်းမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ကရရှိမည့် ငွေကြေးများကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်တို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေစာရင်းမှ ငွေကျပ်သိန်း ၄၀၀၀ ကျော်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများဝယ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၁/၂၀၁၇ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ငွေစာရင်းသို့ ပြန်လည်ပေးသွင်းရန် ကျန်ငွေကျပ်သိန်း ၈၉၀ ကျော်ကိုရရှိအောင် စီမံဆောင်ရွက်မှုမရှိခြင်း၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

ရှမ်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်သည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့၌ စည်ပင်သာယာရေးဌာနပိုင် ကုန်တင်ယာဉ်ကြီးများ ရပ်နားဂိတ်နေရာတွင် အဆင့်မြင့်ဆေးရုံ တည်ဆောက်လုပ်ကိုင်မှုနှင့် ကုန်တင်ယာဉ်ကြီးများရပ်နားစခန်းအား ကုမ္ပဏီပိုင် မြေပေါ်တွင် တည်ဆောက်၍ အကျိုးတူလုပ်ငန်း လုပ်ကိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ကုမ္ပဏီနှစ်ခုထံမှ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကို လက်ခံရယူခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလင်းထွဋ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဟောင်း ဦးစိုင်းရွဲန်တစ်လုံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဟောင်း ဒေါက်တာ ထွန်းလှိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ လည်းကောင်း၊ ဦးစိုးမင်းထွန်း၊ ဦးအောင်ကျော်နိုင်နှင့် ဇနီး ဒေါ်တင်တင်ထွေးတို့ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း ရှမ်းပြည်နယ် တောင်ကြီးမြို့မရဲစခန်းတွင် ဇူလိုင် ၁၆ ရက်၌ ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်ရုံး၌ အကြမ်းဖက်သူများမှ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အမျိုးသားငါးဦးနှင့် အမျိုးသမီးငါးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၆

**နိုင်ငံတော်မှ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူနေမှုဘဝမြင့်မားတိုးတက်စေရေး အထောက်အကူပြုနိုင်ရန်အတွက် လျှပ်စစ်မီးလုံလောက်စွာရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်မီတာခပေးသွင်းနိုင်ရေးအတွက် နှိုးဆော်ဆောင်ရွက်ကောက်ခံလျက်ရှိရာ အကြမ်းဖက်အစွန်းရောက်သမားများအနေဖြင့် နိုင်ငံတော်မှအခွန်အခများ မရရှိနိုင်စေရေးအတွက် လျှပ်စစ်ရုံးများနှင့် မီတာခငွေပေးဆောင်သည့် တာဝန်သိပြည်သူများအား ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်မှုများကို လတ်တလောကာလတွင် ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့အကြမ်းဖက်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၂၈ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းအကြားရှိ မြို့နယ်လျှပ်စစ်ရုံး၌ ပြည်သူလူထု ၃၀ ခန့် မီတာဆောင်ရန်စောင့်ဆိုင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မီတာဆောင်သည့် ကောင်တာအနီး ရပ်တန့်ထားသည့် Yinxing အမျိုးအစားဆိုင်ကယ်အတွင်းမှ လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လျှပ်စစ်မီတာရုံးအဆောက်အအုံ အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်ရုံးဝန်ထမ်း အမျိုးသားသုံးဦး (တစ်ဦး စိုးရိမ်ရ)နှင့် အမျိုးသမီးလေးဦး(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ပြီး မီတာခ ဆောင်ရန် ရောက်ရှိနေသည့် ပြည်သူ အမျိုးသားနှစ်ဦး (တစ်ဦးစိုးရိမ်ရ) နှင့် အမျိုးသမီးတစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရုံးတွင်တပ်ဆင်ထားသော CCTV မှတ်တမ်းအား ကြည့်ရှုစစ်ဆေးခဲ့ရာ နံနက် ၉ နာရီ ၂၃ မိနစ်တွင် အင်္ကျီအဝါရောင်လက်ရှည်နှင့် ဂျင်းဘောင်းဘီနက်ပြာရောင်တွဲ၍ ဝတ်ဆင်ထားပြီး ပန်းရောင်ပိုက်ဆံအိတ်အား လွယ်ထားသည့် အမျိုးသမီးတစ်ဦးသည် အဆိုပါရုံးအတွင်းသို့ Yinxing အမျိုးအစား မော်တော်ဆိုင်ကယ်အား မောင်းနှင်ရောက်ရှိလာပြီး အဆိုပါဆိုင်ကယ်အား မီတာဆောင်သည့် ကောင်တာအနီး၌ ရပ်တန့်ထားခဲ့ကာ ရုံးအပြင်ဘက်သို့ လမ်းလျှောက်ထွက်ခွာသွားခဲ့ပြီး နံနက် ၉ နာရီခွဲတွင် အမျိုးသားတစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းအမျိုးသမီးအား ခေါ်ဆောင်သွားခဲ့ကာ ၎င်းအမျိုးသမီး ထွက်ခွာသွားပြီး ၁၀ မိနစ်ခန့်အကြာတွင် ၎င်းရပ်တန့်ထားခဲ့သည့် ဆိုင်ကယ်အတွင်းရှိ အဖြူရောင် keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်တွင် မီတာခဆောင်ရန်ရောက်ရှိနေသည့် အပြစ်မဲ့အရပ်သား ပြည်သူလူထုများနှင့် နိုင်ငံတာဝန်ထမ်းဆောင်လျက်ရှိသော လျှပ်စစ်ရုံး ဝန်ထမ်းများ၏ အသက်အန္တရာယ်ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်အစွန်းရောက်ဝါဒကိုအခြေခံကာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်ခဲ့သူများနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တာဝန်သိ မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့အကြမ်းဖက်လုပ်ဆောင်ခဲ့သူများအား မိမိတို့ ပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်တွေ့ရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးပို့နိုင်ပါရန် နှိုးဆော်ထားရှိကြောင်း သတင်းရသည်။

**သတင်းစဉ်**



တိုကျိုမြို့ရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတွင် ကာကွယ်ဆေးထိုးပေးနေစဉ်။

# ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို ၈၀ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်

**တိုကျို ဇူလိုင် ၁၆**
ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို ၈၀ ရာခိုင်နှုန်းနီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးပေးပြီးဖြစ်သည်ဟု ဂျပန်အစိုးရက ပြောသည်။

၎င်းတို့ထဲမှ ထက်ဝက်နီးပါးခန့်မှာ နှစ်ကြိမ်တိုင် ကာကွယ်ဆေးထိုးပြီးဖြစ်သည်။ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်ကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ပြီး ဆေးဝန်ထမ်းများကို ဦးဆုံးကာကွယ်ဆေးထိုးပေးခဲ့သည်။

ဧပြီလအတွင်းမှစတင်ကာ အသက် ၆၅ နှစ်ပြည့်ပြီးသူများကို ကာကွယ်ဆေးထိုးပေးမှု စတင်ခဲ့သည်။

အစိုးရ၏ ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သက်ကြီးရွယ်အို ၇၉ ဒသမ ၂၈ ရာခိုင်နှုန်းကို အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေး ထိုးပေးပြီးပြီဟု သိရသည်။

ဆင်ဟွာ

# တိုကျိုအိုလံပစ် ပြိုင်ပွဲကို ကြည့်ရှုသူအနည်းငယ်ဖြင့် ဖွင့်လှစ်ရန်တစ်ပတ်သာလို

**တိုကျို ဇူလိုင် ၁၆**
ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး ကြိုးစားရန်းကန်နေရသည့်အတွက် တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲကို ပရိသတ် အနည်းငယ်ဖြင့် ဖွင့်လှစ်သွားမည်ဟု သိရသည်။

အိုလံပစ်ပွဲ စီစဉ်သူများသည် ပွဲစဉ်အများစုကို ပရိသတ်များ လာရောက် ကြည့်ရှုခွင့်မပေးရန် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဆုံးဖြတ်ခဲ့ကြသည်။ တိုကျိုမြို့နှင့် အိမ်နီးချင်း သုံးခရိုင်တို့တွင် ပြုလုပ်သည့်ပွဲစဉ်များကို ပရိသတ်များ လာရောက်ကြည့်ရှုခြင်း ခွင့်မပြုရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်များပြားလာသည့်အတွက် ယခုလို ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ အခြားသော ခရိုင်များတွင် ပြုလုပ်မည့် အားကစားပွဲများကိုမူ လူဦးရေအကန့်အသတ်ဖြင့် ခွင့်ပြုပေးသွားမည်ဟု သိရသည်။

ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် ဖွင့်ပွဲသို့ အားကစားပွဲ အရာရှိများ၊ နိုင်ငံအသီးသီးမှ ကိုယ်စားပြုများနှင့် အားကစားအဖွဲ့အစည်းများကိုသာ တက်ရောက်ခွင့်ပေးမည်ဟု သိရသည်။

အိုလံပစ် အားကစားရွာကို ဖွင့်လှစ်ပြီးဖြစ်ကာ အားကစားသမားအများစုမှာ ၎င်းတို့၏ လေ့ကျင့်မှု ပြည့်စုံစေရေးအတွက် ဂျပန်နိုင်ငံအတွင်းသို့ ရောက်ရှိနေကြပြီဖြစ်သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကြောင့် အားကစားပွဲ ထိခိုက်မည်ကို စိုးရိမ်နေကြရသည်။

အင်န်အိတ်ချ်ကေ



တိုကျိုသို့ ရောက်ရှိလာသော ဩစတြေးလျအားကစားအဖွဲ့ကို တွေ့ရစဉ်။

# သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုတွင် အစ္စရေးနှင့် ယူအေအီးတို့ လက်မှတ်ရေးထိုး

**ဂျေရုဆလင် ဇူလိုင် ၁၆**
သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီမှုတွင် အစ္စရေးတို့ ယူအေအီးနိုင်ငံတို့ ဇူလိုင် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု အစ္စရေးနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

နှစ်နိုင်ငံရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယေဘုယျပြဿနာများကို အတူပူးပေါင်းဖြေရှင်းနိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။

ရာသီဥတုဆိုင်ရာစိန်ခေါ်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာ၊ ပညာရေးနှင့် အသိပညာပေးမှု၊ ပူးတွဲပရောဂျက်များ၊ အစည်းအဝေးများနှင့် သင်တန်းများပြုလုပ်နိုင်ရေးအတွက် စင်တာထူထောင်သွားရန်လည်း သဘောတူညီမှုတွင် ပါဝင်သည်။

အစ္စရေးနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အမေရိကန်၏ စီစဉ်ပေးမှုဖြင့် နှစ်နိုင်ငံအကြား ပုံမှန်ဆက်ဆံရေးထူထောင်မှုတွင် သဘောတူညီမှုရရှိခဲ့သည်။

ဆင်ဟွာ

# ဂျာမနီနိုင်ငံအနောက်ပိုင်း၌ ရေကြီးမှုကြောင့် ၄၃ ဦး သေဆုံး

ဘာလင် ဇူလိုင် ၁၆

**ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး ၄၃ ဦး သေဆုံးကာ ပျောက်ဆုံးနေသူများလည်းရှိသည်ဟု ဒေသတွင်းမီဒီယာတစ်ခုတွင် ဖော်ပြထားသည်။**

ရှုတ်ဒ်မြို့မှ နေအိမ်ခြောက်လုံး ပျက်စီးသွားခဲ့ရပြီး အခြားသော နေအိမ်များမှာလည်း ပျက်စီးလုနီးနီး အခြေအနေသို့ ရောက်နေသည်။

ဇူလိုင် ၁၆ ရက်တွင်လည်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားကြသည်။ အာဏာပိုင်များကမူ ရာသီဥတုဖောက်ပြန်မှုအပေါ် အပြစ်တင်ထားကြသည်။

နေအိမ်ခေါင်မိုးများပေါ် တက်နေရသည့် လူများကို ကယ်တင်နိုင်ရေး ကယ်ဆယ်ရေးအဖွဲ့ ကြိုးပမ်းလျက်ရှိသည်။ ယင်းကဲ့သို့ သဘာဝဘေးကြုံတွေ့ရမှုကြောင့် အံ့အားသင့်တုန်လှုပ်ခဲ့ရသည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်။

ဂျာမနီဝန်ကြီးချုပ်သည် အမေရိကန် သမ္မတဂျိုးဘိုင်ဒင်နှင့် အစည်းအဝေးပြုလုပ်ရန်ရှိပြီး ယင်းအစည်းအဝေးမတိုင်မီ ယခုရေကြီးမှုနှင့် ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် စာသင်ကျောင်းများ ပိတ်ထားရပြီး သယ်ယူပို့ဆောင်ရေးစနစ်မှာလည်း အပျက်အစီးများလျက်ရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



ရေကြီးမှုကြောင့် လမ်းများပျက်စီးနေသည်ကို တွေ့ရစဉ်။

# ကူဝိတ်နိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ဆယ်ကျော်သက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမည်

**ကူဝိတ်စီးတီး ဇူလိုင် ၁၆**
ကူဝိတ်နိုင်ငံတွင် လာမည့်သီတင်းပတ်မှစတင်ကာ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ဆယ်ကျော်သက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၅ ရက်တွင် ပြောသည်။ ဆယ်ကျော်သက် အသက်အုပ်စုသည် စက်တင်ဘာလအတွင်း နောက်ထပ်စာသင်နှစ်မစတင်မီ ကာကွယ်ဆေးနှစ်ကြိမ် ထိုးရမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မတ်လအတွင်းကလည်း ကူဝိတ်ကျန်းမာရေးဝန်ကြီး ဘက်ဆယ်အယ်ဆာဘတ်က စာသင်ကျောင်းများကို စက်တင်ဘာလတွင် ပြန်လည်ဖွင့်လှစ်မည်ဟု ကြေညာခဲ့ပြီး ကျောင်းသားများနှင့် ဆရာများ အာလုံးကာကွယ်ဆေးထိုးပြီးဖြစ်ရမည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံတွင် ဇူလိုင် ၁၅ ရက်က နောက်ထပ်ကူးစက်ခံရသူ ၁၃၈၅ ဦးတွေ့ရှိခဲ့ပြီး ကူးစက်ခံရသူပေါင်း ၃၈၂၀၈၄ ဦးအထိ ရှိလာခဲ့သည်။ သေဆုံးသူ စုစုပေါင်းမှာလည်း ၂၁၇၄ ဦးအထိ ရှိလာခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၀ လုံး | ၃ လုံး |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ Shop House ဆိုင်ခန်းများ၊ တိုက်ခန်းများတို့ကို တင်ဒါစနစ်ဖြင့် ရောင်းချခြင်း၊ အငှားချထားခြင်းတို့ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အင်းစိန်မြို့နယ်၊ အဆင့်မြင့်လက်ကားဈေး(တညင်းကုန်း) စီမံကိန်းမှ Shop House ဆိုင်ခန်း (၈)ခန်းအား ရောင်းချခြင်း၊

(ခ) ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၁/၅-အေ)ရှိ မြေ ၀.၅ ဧကနှင့် ယင်းမြေပေါ်ရှိ (၅၈x၇၈)ပေနှင့် (၃၁x၂၅)ပေအရွယ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ(၂)လုံးတို့အား စားသောက်ဆိုင်လုပ်ငန်းနှင့် ဆက်နွှယ်သည့်အလားတူ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အငှားချထားခြင်း၊

(ဂ) ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ မြေဧရိယာ ၃.၂၈ဧကနှင့် အဆိုပါမြေပေါ်ရှိ နှစ်ထပ်အဆောက်အအုံအား အငှားချထားခြင်း။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၇-၂၀၂၂ ရက် မှ ၄-၈-၂၀၂၂ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**

အပိုဒ် ၁။ (က)အတွက် - မြို့တော်ခန်းမ (ဒုတိယထပ်)၊ ဈေးများဌာန

အပိုဒ် ၁။ (ခ)အတွက် - (၁၀)ထပ်ရုံး၊ စည်ပင်လမ်း၊ ကျောက်တံတားမြို့နယ်

အပိုဒ် ၁။ (ဂ)အတွက် - ဒဂုံမြို့နယ်၊ ဦးဥတ္တမ ပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန (ရုံးချုပ်)

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၅-၈-၂၀၂၂ (ကြာသပတေးနေ့) ၁၄:၀၀ နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများစီမံခန့်ခွဲရေးဌာန၏ တယ်လီဖုန်း အမှတ်-၀၁-၃၇၆၇၀၈၊ အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ (၁၀)ထပ်ရုံး၊ စည်ပင်လမ်း၊ ကျောက်တံတားမြို့နယ်၏ တယ်လီဖုန်းအမှတ်-၀၁-၈၂၄၉၅၂၅ နှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏တယ်လီဖုန်းအမှတ် -၀၉-၅၀၄၉၀၇၁၊ ၀၉-၄၅၅၂၀၃၇၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**

**စမ်းချောင်းမြို့နယ်တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁ နှင့် ဆက်နွှယ်သည့်**

**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၂**

| | | | |
|---|---|---|---|
| ဒေါ်ခင်ခင်ဆွေ | **နှင့်** | ၁။ | ဦးကျော်ဘကြီး |
| (၎င်း၏အခွင့်ရ | | | |
| ကိုယ်စားလှယ်စာရရှိသူ | | ၂။ | ဦးကိုကိုကြီး |
| ဦးထွန်းအောင်ကျော်) | | ၃။ | ဒေါ်တင်ရီ |
| **ဒီကရီအနိုင်ရသူ** | | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်-၁၂၅ (ယခင်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ) နေ (၁) တရားပြိုင် ဦးကျော်ဘကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်-၆၂ (ယခင်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ)နေ (၂)၊ (၃) တရားပြိုင် ဦးကိုကိုကြီးနှင့် ဒေါ်တင်ရီတို့ သိစေရမ ည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် (၁)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်ခင်ဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင်ကျော်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နော်စေးစေးဝါးဖိုး)**

**တွဲဖက်မြို့နယ်တရားသူကြီး (၁)**

**စမ်းချောင်းမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစ်စံပါယ်လမ်း၊ အမှတ် (၁၃)၊ အကျယ်အဝန်း (၂၄ပေx၁၃ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နု ၁၂/မရက(နိုင်)၀၅၆၂၂မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၂၇-၁၀-၂၀၁၉ရက်စွဲပါ စာချုပ်ဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာဝင်း**

**LL.B, DBL, DML တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၂၆/၁၄)**

**တိုက်-၁၀/၁၂၊ ပထမထပ်၊ အခန်း-၁၀၃/E၊ ၃၅ လမ်း(တို)၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**

**ဖုန်း-၀၉-၄၃၀၂၈၅၈၂၊ ၀၉-၇၉၄၁၇၇၁၇၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၈/၁၄)၊ မြေကွက်အမှတ်(၁၄)၊ မြေကွက်ဧရိယာ ပေ(၆၀ x ၆၀)၊ ဧက(၀ဒသမ၈၂၆)အကျယ်ရှိ မြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ ဗိုလ်မှူးကြီးကျော်လင်း ၁၂/မဂဒ(နိုင်)၀၂၄၉၇၇ အမည် ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်ချိုဦး၉/မမန(နိုင်)၂၄၆၄၄၃မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ကိုလှမင်းထွန်း ၁၂/မရက(နိုင်) ၁၈၄၀၆၃မှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်မြင့်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၁၁၂၉)**

**အမှတ်(၄၈၀/က)၊ အောင်မင်းခေါင်(၄)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း၀၉-၇၈၈၄၉၉၁၇၀၊ ၀၉-၆၉၈၀၆၀၀၄၀**

## ကုန်ပစ္စည်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ ရိုးဂိုးရွာသစ်ကျေးရွာ၊ ကျိုက်သီမွန်လမ်း၊ အမှတ်(၂၀)၊ ဦးမျိုးနိုင် ၁၀/မဒန(နိုင်) ၁၃၀၅၀၉ကိုင်ဆောင်သူသည် အောက်ပါ''AUNG YADA NAR, **အောင်ရတနာ**''ကုန်အမှတ်တံဆိပ်ဖြင့် ကျန်းမာရေးအထောက်အကူပြု သောက်ရေသန့်အား မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်(၄/၂၀၂၂)ဖြင့် ၁၁-၁-၂၀၂၂ ရက်တွင် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်-




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ကျွန်တော်သည် သက်ဆိုင်ရာဌာနများ၏ခွင့်ပြု/ထောက်ခံချက်များဖြင့် သောက်ရေသန့်အား ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါ၍ အမှတ်တံဆိပ်အား ကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဆက်သွယ်ပြောကြားသွားရန် အများပြည်သူများသို့ အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေဇာနှင်း(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၇၀၄၀)**

**ဖုန်း-၀၉-၂၅၄၃၆၇၈၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ဤပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | လျှောက်ထားသူ၏ | | | လျှောက်ထားမြေကွက်၏ | | | |
|---|---|---|---|---|---|---|---|
| | အမည် | နေရပ်လိပ်စာ | တည်နေရာ | ကွင်းအမှတ် | အမည် | မြေကွက်အမှတ် | ဧရိယာ |
| ၁ | ဦးစမျိုးဇော် | ချောင်းသာမြို့၊ အမှတ် (၃)ရပ်ကွက် | အမှတ် (၃) ရပ်ကွက် | ၁၉၉၀ | ချောင်းသာကွင်း | ဆ-၁၁၉ | ၀.၀၅၅ |
| ၂ | ဦးတင်အုန်း | ချောင်းသာမြို့၊ အမှတ် (၂)ရပ်ကွက် | အမှတ် (၁) ရပ်ကွက် | ၁၉၉၀ | ချောင်းသာကွင်း | ခ-၈၄ | ၀.၀၇၉ |
| ၃ | ဦးထွန်းမြင့် | ချောင်းသာမြို့၊ အမှတ်(၂)ရပ်ကွက် | အမှတ် (၂) ရပ်ကွက် | ၁၉၉၀ | ချောင်းသာကွင်း | စ-၆၉ | ၀.၀၅၆ |
| ၄ | ဦးထွန်းမြင့် | ချောင်းသာမြို့၊ အမှတ် (၂)ရပ်ကွက် | အမှတ် (၂) ရပ်ကွက် | ၁၉၉၀ | ချောင်းသာကွင်း | င-၄၃/က | ၀.၀၄၂ |
| ၅ | ဦးကျော်မြင့်အောင် | ချောင်းသာမြို့၊ အမှတ်(၂)ရပ်ကွက် | အမှတ် (၂) ရပ်ကွက် | ၁၉၉၀ | ချောင်းသာကွင်း | ဂ-၂၀၃<br>ဂ-၁၉၄ | ၀.၀၄၀<br>၀.၀၃၈ |

**ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3L/7258 Nissan Diesel CW632G, TRACTOR HEAD (6x4) ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုင်းမင်းမင်းဦး ၁၃/တကန(နိုင်)၁၂၄၁၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ NAN MYOE YOE COMPANY LIMITED သည် အစုရှယ်ယာမတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**NAN MYOE YOE COMPANY LIMITED**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ C.R.D.C ENGINEERING CO.,LTDသည် အစုရှယ်ယာမတည်ရင်းနှီးငွေအား ကျပ် (၆၁၅)သိန်းမှ ကျပ် (၁၆၃)သိန်းသို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**C.R.D.C ENGINEERING CO.,LTD**

## အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ အမှတ် (၂၉၉) ညောင်ပင်ရပ်၊ ဓမ္မာရုံကျောင်းလမ်းနေ ဒေါ်စန်းခင်၁၄/ဟသတ(နိုင်)၀၁၄၁၄၆၏သား ကိုဇော်ဇော် ၁၂/အစန(နိုင်)၁၈၀၉၃၂သည် ကျွန်မအား ကျွေးမွေးစောင့်ရှောက်ခြင်း၊ အဆက်အသွယ်ပြုလုပ်ခြင်းများမရှိသဖြင့် ၎င်းအား အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်စန်းခင် ၁၄/ဟသတ(နိုင်)၀၁၄၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(၇၃/ဟိုနားရွာမကွင်း)၊ ဦးပိုင်အမှတ်(၈၄/၁၀၇)၊ ဧရိယာ ၀ ဒသမ ၀၆၇ ဧကအား ဦးဆတ်ကူးမား ၁၃/သနန(နိုင်)၀၁၈၈၄၀မှ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားခြင်းအပေါ်ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သိန္နီမြို့**

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၏ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ကျောက်မဲခရိုင်တရားမရုံးတော်၌**

**၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁**

| | | | |
|---|---|---|---|
| ဒေါ်နှင်းရီ | **နှင့်** | ၁။ | ဒေါ်နှင်းကြည် |
| | | ၂။ | မဖြူအိ |
| | | ၃။ | တိုးချစ်အောင် |
| | | ၄။ | ရဲထွဋ်ခေါင် |
| | | ၅။ | သန်းတိုးအောင် |
| | | ၆။ | နန္ဒဝတ်ရည် |
| | | ၇။ | ဦးစိုင်းသက်မင်း (ခ) အပါလေး |
| **တရားလို** | | | **တရားပြိုင်များ** |

သီပေါမြို့၊ မြန်မာရပ်၊ နယ်မြေ(၆)၊ ရေဦးကျောင်းအနီး(ယခုနေရပ်လိပ်စာမသိ) နေ ၃။ တိုးချစ်အောင်၊ ၄။ ရဲထွဋ်ခေါင်( အတူနေညီအစ်ကိုများ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်နှင်းရီက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဩဂုတ်၁၂ရက်(၁၃၈၃ခုနှစ် ဝါခေါင်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်လင်းသန့်)**

**ဒုတိယခရိုင်တရားသူကြီး**

**ကျောက်မဲခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မအူပင်မြို့၊ အထွေထွေရောဂါဆေးရုံကြီးတွင် တက်ရောက်ကုသသည့် လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၂၂ရက်

**တင်ဒါပိတ်မည့်ရက်** - ၄-၈-၂၀၂၂ရက် (ညနေ ၄:၀၀)နာရီ

တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မအူပင်ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၄၅-၃၀၁၀၃

## သတ္တုတွင်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါအမှတ်-၃/၂၀၂၂ကြော်ငြာပြင်ဆင်ခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကတ်သုတ်ကြေးနီ (၅၀၀၈.၅၇၄)မက်ထရစ်တန်၊ (21)Lots အား အမေရိကန်ဒေါ်လာဖြင့် ရောင်းချလိုကြောင်း ၂၃-၆-၂၀၂၂၊ ၂၅-၆-၂၀၂၂၊ ၂၇-၆-၂၀၂၂နှင့် ၂၉-၆-၂၀၂၂ရက်များတွင် မြန်မာ့ အလင်းသတင်းစာတွင် လည်းကောင်း၊ ၂၄-၆-၂၀၂၂၊ ၂၆-၆-၂၀၂၂နှင့် ၂၈-၆-၂၀၂၂ ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၃-၆-၂၀၂၂မှ ၂၉-၆-၂၀၂၂ထိ The Global New Light of Myanmar တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါကြော်ငြာ ထည့်သွင်းခဲ့ပါ သည်။

၂။ ၎င်းကြော်ငြာများတွင် ပါရှိသည့် တင်ဒါပိတ်ရက်နှင့်တင်ဒါဖွင့်လှစ်မည့်အချိန်တို့မှာ အစိုးရရုံးပိတ်ရက်များဖြစ်သွားပါသဖြင့် အောက်ဖော်ပြပါအတိုင်း ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | ၃၀-၇-၂၀၂၂ရက် မွန်းလွဲ ၂နာရီ |
| ၂ | တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | ၃၀-၇-၂၀၂၂ရက် ညနေ ၃နာရီ |

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၃၄၀၉၃၇၈ နှင့် ၀၆၇-၃၄၀၉၃၇၂တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**သတ္တုတွင်းဦးစီးဌာန**

## ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးပြောင်းလဲခြင်းအား အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဦးချစ်မောင်အိမ်ရာ၊ အမှတ်(၁၁)တွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသည့် Hana Microfinance Limited(Registration No.-101829162) ၏ ၆-၇-၂၀၂၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ ဒါရိုက်တာ အဖွဲ့ဝင် Mr.Seung Joon Kim သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ပြီး ၎င်း၏နေရာတွင် Mr.Hyo Goo Hwang အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီနှင့် ငွေရေးကြေးရေးဆက်သွယ် ဆောင်ရွက်နေသော အသင်းသားများ၊ stakeholders များနှင့် အများပြည်သူသိရှိနိုင်ပါရန် ကြော်ငြာအပ်ပါသည်။

**အစုရှယ်ယာရှင်များ**

**Hana Microfinance Limited**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ PRECIOUS HOLIDAY COMPANY LIMITED သည် အစု ရှယ်ယာမတည်ရင်းနှီးငွေအား ကျပ်သိန်း(၁၀၀၀)မှ ကျပ်သိန်း(၁၀၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**PRECIOUS HOLIDAY COMPANY LIMITED**

## ဦးသန့်ဇော်မင်း ၅/ကလတ(နိုင်)၀၈၄၈၁၁ နှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ညောင်ပင်သာကျေးရွာနေ (ဘ) ဦးဆန်းဝင်း၏သမီး ဒေါ်သူဇာကျော် ၅/ကလတ(နိုင်)၁၀၅၀၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဒေါ်သူဇာကျော်နှင့် ဦးမန်းတင်၏သား ဦးသန့်ဇော်မင်းတို့သည် ၈-၁၀-၂၀၁၅ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြား၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးထွန်းကားခြင်းမရှိပါ။ လွန်ခဲ့သော ၅-၇-၂၀၁၈ ရက်တွင် ဦးသန့်ဇော်မင်းမှ ဇနီးဖြစ်သူအပေါ် အကြောင်းအမျိုးမျိုးပြ၍ အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုမူ ပြောဆိုခဲ့ပြီးနောက် လုံးဝမပေါင်းသင်းနိုင်တော့ကြောင်းပြောဆို၍ နေအိမ်မှ ထွက်သွားပြီး ဇနီးဖြစ်သူအား စွန့်လွှတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ လင့်ဝတ္တရားနှင့်အညီ ဆက်သွယ်ပေးကမ်းထောက်ပံ့ခြင်းများ လုံးဝမရှိခဲ့ပါ။

သို့ဖြစ်၍ ၅-၇-၂၀၂၂ ရက်မှစ၍ လင်ခန်း မယားခန်း ပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ကျွန်ုပ်၏အမှုသည်အပေါ် ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေသော အပြုအမူများပြုမူပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူဇာကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဒေစီ(ခ)ဒေါ်ခင်သန်းမြင့်** | **ဒေါ်သဲပွင့်ဖြူ** |
| **B.A(Law)(LL.B)** | **LL.B,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၃၄/၁၉၇၉)** | **(စဉ်-၅၃၅၈၆/၂၀၂၀)** |

**စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့၊**

**ဖုန်း-၀၉-၂၅၆၁၆၃၉၉၃၊ ၀၉-၄၀၀၈၇၄၃၀၀**

## ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် (၆)လမ်း၊ အမှတ်(၁၁)၊ တောင်ဥက္ကလာပ စက်မှုဇုန်တွင်တည်ရှိသော abc beauty Company Limited သည် အောက်ဖော်ပြပါ bella MEN ဟူသော အမည်အမှတ်အသားဒီဇိုင်းပုံစံနှင့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

(၄/၁၅၇၉/၂၀၂၁)

အထက်ဖော်ပြပါ bella MEN ကုန်အမှတ်တံဆိပ်ဖြင့် Trademark Goods and Services Class Codes 3 တွင်ပါဝင်သော အမျိုးသား၊ အမျိုးသမီးသုံး အလှကုန် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများအား ဘူးခွံဒီဇိုင်းမျိုးစုံ၊ အရောင်ကာလာမျိုးစုံ၊ စက္ကူရွက်စက္ကူပတ်၊ ပလတ်စတစ်အိတ်မျိုးစုံတို့ဖြင့် လှပတင့်တယ်အောင်ထုပ်ပိုး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအရပ်ရပ်၌ရှိသော မြို့နယ်တိုင်းကျေးရွာတိုင်းသို့ လက်လီလက်ကားဖြန့်ဖြူးတင်ပို့ရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို abc beauty Company Limited ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင်ပြုလုပ်ခြင်း၊ အခြားသောနည်းပညာတစ်ရပ်ရပ်ဖြင့် တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက abc beauty Company Limited ၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ငွေကြေးများနှင့်တကွ လျော်ကြေးကိုပါတောင်းခံနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို ပယ်ဖျက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**abc beauty Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၃၃)**
**အမှတ်(၇၄)၊ (၂)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၃၁၄၉၁၉၄**


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၆၆၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၀/ရမန(နိုင်) ၁၆၇၅၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဘီးလင်းမြို့နယ်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၇၃

ဦးမြင့်ဆွေ **နှင့်** ဦးမိုးကျော်
**(တရားလို)** **(တရားပြိုင်)**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာနေ တရားပြိုင် ဦးမိုးကျော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမြင့်ဆွေက သမဝါယမအသင်းပိုင်ငွေ ၅၃၅၀၄၀၆/- ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဇူလိုင် ၂၉ရက်(၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဘီးလင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဘာဘူ ၁၀/မလမ(နိုင်)၁၇၈၅၃၅ သည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၂၅/လှိုင်)၊ ဦးပိုင်အမှတ် (၃၂)၊ မြေချိန်ဧရိယာ ၀ဒသမ၁၂၉ဧကရှိ နှစ်ချင်းဆက်အငှားဂရန်မြေကွက်ကို မူလပိုင်ရှင် ဦးဘမြင့်ထံမှ ဝယ်ယူထားသူ ဦးတင်လှ၊ ဒေါ်တင်မာဝင်းတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးလင်းသူရစိုး ၁၀/မလမ(နိုင်)၂၉၇၅၇၇ (၂၄-၆-၂၀၂၁)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-VI ၄၄၇၄ ထံမှလည်းကောင်း၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၂၅/လှိုင်)၊ ဦးပိုင်အမှတ် (၃၃/ခ)၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၂ဧကရှိ နှစ်ချင်းဆက်အငှားဂရန်မြေကွက်ကို မူလပိုင်ရှင် လားဆာမိ(ခ) ဦးရာမွာဆာမီပတ္တာရာချီထံမှ တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူထားသူ မဟာလက်ချမီး(ခ)ဒေါ်ကြည်ကြည်နှင့် မပါပါသီး(ခ)မဥမ္မာတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးလင်းသူရစိုး ၂၄-၆-၂၀၂၁ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-VI ၄၄၇၃ ထံမှလည်းကောင်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၈၅၈)**
**အမှတ် (၁၅၁)၊ အထက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၂၈၁၃၂၇၈၀၊ ၀၉-၉၆၂၆၉၉၄၄၅**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## ဒုတိယဦးစီးမှူး(လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)(၇)နေရာနှင့်
## ဒု-လက်ထောက် ကြီးကြပ်ရေးမှူး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)
## (၁၈) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်(ဌာနခွဲများ)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | လျှောက်ထားနိုင်သည့်ရာထူး | ပညာအရည်အချင်း | အရေအတွက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး | တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc) | ၇ ဦး |
| (ခ) | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး | မွေးမြူရေးပညာဘွဲ့(B.A.Sc) | ၁၈ ဦး |
| | **စုစုပေါင်း** | | ၂၅ ဦး |

၂။ ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၀-၆-၂၀၂၁ ရက်တွင် အသက်(၃၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူ ဖြစ်ရမည်။
- (ဃ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဤဦးစီးဌာန၏ရုံးချုပ်(နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများတွင် ရယူနိုင်ပြီး ရုံးချုပ်(နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများသို့ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပါရှိရမည်။
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ခ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (ဂ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်အရွယ် ဓာတ်ပုံ(၃)ပုံ
- (ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ တစ်လအတွင်း ရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
- (င) ဘွဲ့လက်မှတ်မိတ္တူ(မူရင်းများကို လူတွေ့စစ်ဆေးသည့်အခါ တင်ပြရမည်)
- (စ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဇ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ကျန်းမာကြောင်း ထောက်ခံချက်မူရင်း
- (ဈ) ဒုတိယဦးစီးမှူးရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိ
- (ည) ဒု-လက်ထောက်ကြီးကြပ်ရေးမှူးနှင့် အငယ်တန်းစာရေးရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး (၃)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိ

၆။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများသို့ ၃၀-၈-၂၀၂၁ ရက် နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရပ်ဆိုင်ရာနှင့် အထွေထွေဗဟုသုတဘာသာရပ် ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး စာမေးပွဲကျင်းပဖြေဆိုမည့်အစီအစဉ်ကို လျှောက်လွှာတွင် ပါရှိသည့်ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၁၈၅၆၉၊ ၀၆၇-၃၄၀၈၄၆၇ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄

ဒေါ်စိုးစိုး(ခ)ဒေါ်ဝေဝေစိုး **နှင့်** ဒေါ်တင်ရီ
**(တရားလို)** **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက် (ခခ-၃) နေ တရားပြိုင် ဒေါ်တင်ရီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၁ခုနှစ် ဩဂုတ် ၂၀ရက်(၁၃၈၃ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ခိုင်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ရေနံထွက်ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ဂါလန် | ၂,၀၀၀,၀၀၀ | ၁၆-၈-၂၀၂၁ | ၁၃:၀၀ | ၁၆-၈-၂၀၂၁ | ၁၄:၀၀ |
| ၂ | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ | ၁၆-၈-၂၀၂၁ | ၁၃:၀၀ | ၁၆-၈-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

